# မမြင့်မွန်

# ပါရမီမောင်မရင့်သော်ကြောင့်



သီရိဆွေစာအုပ်တိုက်
အမှတ်(၂၇)၊ အပေါ်ဆုံးလွှာ(ဝဲ)၊ ဟသ်ာတလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁–၂၈၇၅၁၈

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သိရိဆွေစာအုပ် ၂၁

# ပါရမီမောင်မရင့်သော်ကြောင့်

မမြင့်မွန်

[ တန်ဖိုး - ၇၀၀ ကျပ် ]

စာမူခွင့်ပြုအမှတ် - ၅၀၀၈၇၂ ၀၅ ၀၇

မျက်နှာဖုံးခွင့်ပြုအမှတ် - ၅၀၁၀၂၅ ၀၅ ၀၈

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၀၅ ခုနှစ်

အုပ်ရေ

၅၀၀

**မျက်နှာဖုံးဒီဇိုင်း**

သန်းမြင့်အောင်

စာအုပ်ချုပ်

ကိုရဲအောင်

**အတွင်းဖလင်**

မဟာမီဒီယာ

**မျက်နှာဖုံးပုံနှိပ်**

ဦးထွန်းလင်း၊ ဖိုးဝပုံနှိပ်တိုက်

အမှတ် - ၁၄၀၊ ၄၅-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်

အမှတ် - ၈၇၊ ၅၆-လမ်းတို၊ အမှတ်(၁)ရပ်ကွက်၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးကျော်ဟင်း၊ (၀၉၁၀) ယုံကြည်ချက်စာပေ၊

၁၁၁၊ ၃-ထပ်(ညာဘက်)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# အမှာစာ

၁၉၈၉ ခုနှစ် ဝန်းကျင် ကျွန်မ ပခုက္ကူကောလိပ်တွင် တာဝန်ကျ နေစဉ်က ပခုက္ကူမြို့ရှိ မျက်မမြင်ကျောင်းသည် ဒါနပြုပွဲလေးတစ်ခုမှ အစ ပြုကာ ကျွန်မနှင့် ရင်းနှီးကျွမ်းဝင်သောဌာနလေးတစ်ခု ဖြစ်ခဲ့ပါသည်။

မျက်မမြင်ကျောင်းသားများနှင့် ကျွန်မတွေ့ဆုံကြတိုင်း စိတ်ဝင် စားဖွယ် သူတို့ဘဝဇာတ်ကြောင်းများကို ရင်ဖွင့်ပြောပြတတ်ကြသည်။ မျက်မမြင်ကျောင်း၌ ကျင်လည်လှုပ်ရှားနေကြသော သူတို့ဘဝများကို အတွင်းကျကျတွေ့မြင်ချိန်မှာ ကျွန်မ၏စိတ်နှလုံးတွင် ထိရှသောခံစားမှု ရသစုံ ပေါက်ဖွားခဲ့ရသည်။

ထိုခံစားမှုအစုစုတို့သည် မျက်မမြင်ကျောင်းသားများ ဘဝသရုပ် ဖော် ဝတ္ထုရှည်ကြီးတစ်ပုဒ် ရေးဖွဲ့ရန် လှုံ့ဆော်နှိုးဆွနိုင်စွမ်းသော တွန်းအား ကြီးတစ်ရပ် ဖြစ်ခဲ့ပါလေ၏။

သူတို့တစ်တွေနှင့် ကျွန်မ မကြာခဏ ဆုံတွေ့ကြလျက် ကုန်ကြမ်းယူ၊ ကုန်ချောထုတ်ဖို့ စိတ်ကူးမွေးမြူနေစဉ်ကာလမှာပဲ ကျွန်မ ရန်ကုန်တက္ကသိုလ် (ပင်မ)သို့ ပြောင်းရွှေ့အမှုထမ်းခဲ့ရပါသည်။

တကယ်တမ်း ဝတ္ထုရှည်စတင်ရေးသားဖြစ်သည့်အချိန်က ၁၉၉၀ ခုနှစ်။

ကျောင်းတာဝန်များအကြားမှ အားလပ်ခွင့်ရသည့် အချိန်တိုတို လေးများမှာ ဝတ္ထုတိုများသာ ရေးဖွဲ့လေ့ရှိသော ကျွန်မအတွက် ဝတ္ထုရှည် ကြီးကို အစဉ်တစိုက်ရေးသားရန် လေးဖင့်ကြန့်ကြာလျက် မျှော်မှန်းခဲ့သည် ထက် အချိန်ပို၍ ကြာရှည်ခဲ့ရလေသည်။

သီရိဆွေစာအုပ်တိုက်

စာရေးသူတစ်ဦးအတွက် အချိန်ကြာမြင့်စွာ ရင်မှာပျိုး၍ ဆန္ဒထက်သန်စွာ ရေးဖြစ်ခဲ့ရသော စာတစ်ပုဒ်သည် အဆုံးသတ်ပြီးဆုံးခြင်း မတိုင်သ၍ စာရေးသူ၏ပခုံးပေါ်တွင် ကြီးစွာသော ဝန်ထုပ်ဝန်ပိုးကြီးနှယ် ဖိစီးနေတတ်တာ အမှန်ပင်။ ကျွန်မမှာ ထိုဝန်ထုပ်ဝန်ပိုးကို (၂)နှစ်ခန့်ကြာအောင် ထမ်းရွက်ခဲ့ပြီးမှ 'ပါရမီမောင် မရင့်သော်ကြောင့်' ကို ပေါက်ဖွားစေနိုင်ခဲ့ပါ၏။

'ပါရမီမောင် မရင့်သော်ကြောင့်' ရေးသားပြီးဆုံးနိုင်ဖို့ ကြိမ်ဖန်များစွာ စိတ်အာရုံမွေးမြူ လုံ့လစိုက်ထုတ်ခဲ့ရသလို ရေးသားပြီးချိန်မှာ စာအုပ်ထုတ်ဝေနိုင်ဖို့ ကြိုးပမ်းရခြင်းကလည်း စိတ်မသက်သာစရာ။

ကျွန်မဆက်သွယ်မိသော ထုတ်ဝေသူများက စာရေးအား အလွန်နည်းသူ ကျွန်မအတွက် လုံးချင်းဝတ္ထုလိုင်းဝင်ဖို့ မလွယ်ဟုဆိုလျက် ကျွန်မ၏စာအုပ်ကို ထုတ်ဝေဖို့ တွန့်ဆုတ်သွားခဲ့ကြလေသည်။ စင်စစ်သူတို့ကိုလည်း အပြစ်မဆိုသာပါ။ ကျွန်မ၏စာရေးအားကို သူတို့ ဆန်းစစ်မေးမြန်းစဉ် ကျွန်မက "ကျောင်းတာဝန်တစ်ဖက်နဲ့ ဆိုတော့ တစ်နှစ်ကို အများဆုံး တစ်အုပ်လောက်ပဲ ရေးနိုင်လိမ့်မယ် ထင်ပါတယ်"ဟု အမှန်အတိုင်း ဖြေကြားခဲ့မိသည်ကိုး။

သည်လိုနှင့် ကျွန်မ၏ဝတ္ထုရှည်စာမူကြီးသည် ကျွန်မပြောင်းရွှေ့လေ့ရာ တကောက်ကောက်ပါလျက်၊ ကျွန်မ၏ကျွန်းသေတ္တာကြီးအတွင်းမှာ အိပ်မောကျနေခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပေပြီ။ သည်ကာလအတွင်း မလျှော့သောဇွဲမာန်နှင့် ကိုယ်တိုင် စာအုပ်ထုတ်ဖို့ ကြိုးပမ်းလျက် မဂ္ဂဇင်းဝတ္ထုတို၊ ရှည်များ စုစည်းမှု 'အဆန်လမ်းမို့ ပန်းသကိုနှင့် အခြားဝတ္ထုတိုများ' နှင့် 'အတွင်းအပြင်နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ' ပေါင်းချုပ် နှစ်အုပ်ကိုသာ ထုတ်ဝေဖြစ်ခဲ့ပါသည်။

လုံးချင်းဝတ္ထုရှည် ကိုယ်တိုင်ထုတ်ဝေဖို့ အင်အားပြန်လည်စုစည်းနေဆဲ ကိုသန်းထိုက် (သီရိဆွေစာအုပ်တိုက်) နှင့် တွေ့ဆုံ စကားစပ်မိလျက် ကျွန်မ၏ 'ပါရမီမောင် မရင့်သော်ကြောင့်' ကို ထုတ်ဝေပေးမည်ဆိုတော့ ကျွန်မ၏ဝမ်းမြောက်မိပုံမှာ ဆိုဖွယ်ရာမရှိပြီ။ စာနှင့် ရေးသားဖော်ပြ၍ ပြည့်စုံအံ့မထင်ပါ။

အနှစ်နှစ် အလလက တောင့်တအပ်သော မျှော်မှန်းချက်ဆန္ဒကြီး အကောင်အထည်ပေါ်တော့မည်ဖြစ်သဖြင့် ကိုသန်းထိုက် (သီရိဆွေစာအုပ်တိုက်) အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

မမြင့်မွန်
၁၄.၁.၂၀၀၅

“အနောက်တောင်ဆီက x x ရွာမည့်ဟန်ပြင် x x မိုးသက်လေနှင့် မုန်တိုင်းပင့်လျှင် x x စစ်မျက်နှာဖွင့် တိမ်ခိုးလွင့်ကာနှင် x x မှိုင်းမှိုင်း ရိပ်မှောင် စွန်တောင်မင် x x ပြိုမှာလေလား မိုးရဲ့ x x စိုးအောင်ခုပင် အမွှန်မောင်ဖန်အားလေတဲ့အင် x x ”

အောင်စိုးထွန်း၏မယ်ဒလင်လက်သံနှင့် မောင်ဝင်းရွှေ၏တေးဆိုသံ တို့က ညဥ့်၏တိတ်ဆိတ်မှုကို ချေဖျက်လျက်ရှိသည်။

ကိုပြေညိမ်းသည် အိပ်ရာပေါ်လှဲအိပ်နေရင်း အခါတိုင်းလို တေးသံမှာ နစ်မျောနိုင်စွမ်းမရှိ၊ ရင်ထဲမှ မကျေချမ်းမှုအစိုင်အခဲသည် စိတ်အစဉ်ကို ဖိစီးနေဆဲ။

အချိန်တွေဘယ်လိုပြောင်းပေမယ့် ကိုပြေညိမ်း၏နှလုံးသားက အကဲ ဆတ်နေမြဲ။ ခံစားတတ်လွန်းတာ၊ ဒေါမာန်ပြင်းထန်စွာ ဆတ်ဆတ်ထိမခံ တုံ့ပြန်တတ်တာတွေကြောင့် အဖြစ်ဆိုးနှင့်ကြုံဆုံခဲ့ရပေမယ့် ဗီဇစိတ်က မပျောက်ချင်။

“လျှံရွှေစင် x x ပြိုးပြိုးပြက်လျှပ်စက်ရောင်ခြည်မျှင် x x ဇာ့ဂျူ ဟာဆင် မိုးလုံးပြည့်တရွေ့ရွေ့ယူဆဲတွင် x x နယ်ရှစ်ခွင် မင်းလွင်ဝန်းကျင် x x လွမ်းအောင်ဖော်ပြ အာကာဝေဟင် x x ဘယ်ရှေးဝဋ်ကြွေးတုံ့တင် x x ခြေပြီထင်ခဲ့ x x ခိုမှီရာမဲ့ x x ရှုလှည့်မြင်လှည့်စေချင် x x ”

"အနောက်တောင်ဆီက x x ရွာမည့်ဟန်ပြင် x x မိုးသက်လေနှင့် မုန်တိုင်းပင့်လျှင် x x စစ်မျက်နှာဖွင့် တိမ်ခိုးလွင့်ကာနှင် x x မှိုင်းမှိုင်း ရိပ်မှောင် စွန်တောင်မင် x x ပြိုမှာလေလား မိုးရဲ့ x x စိုးအောင်ခပင် အမှုန်မောင်ဖန်အားလေတဲ့အင် x x "

အောင်စိုးထွန်း၏မယ်ဒလင်လက်သံနှင့် မောင်ဝင်းရွှေ၏တေးဆိုသံ တို့က ညဥ့်၏တိတ်ဆိတ်မှုကို ချေဖျက်လျက်ရှိသည်။

ကိုပြေညိမ်းသည် အိပ်ရာပေါ်လှဲအိပ်နေရင်း အခါတိုင်းလို တေးသံ မှာ နစ်မျောနိုင်စွမ်းမရှိ၊ ရင်ထဲမှ မကျေချမ်းမှုအစိုင်အခဲသည် စိတ်အစဉ် ကို ဖိစီးနေဆဲ။

အချိန်တွေဘယ်လိုပြောင်းပေမယ့် ကိုပြေညိမ်း၏နှလုံးသားက အကဲ ဆတ်နေမြဲ။ ခံစားတတ်လွန်းတာ၊ ဒေါမာန်ပြင်းထန်စွာ ဆတ်ဆတ်ထိမခံ တုံ့ပြန်တတ်တာတွေကြောင့် အဖြစ်ဆိုးနှင့်ကြုံဆုံခဲ့ရပေမယ့် ဗီဇစိတ်က မပျောက်ချင်။

"လှျံရွှေစင် x x ပြိုးပြိုးပြက်လျှပ်စက်ရောင်ခြည်မျှင် x x ဗျူ ဟာဆင် မိုးလုံးပြည့်တရွေ့ရွေ့ယူဆဲတွင် x x နယ်ရှစ်ခွင် မင်းလွင်ဝန်းကျင် x x လွမ်းအောင်ဖော်ပြ အာကာဝေဟင် x x ဘယ်ရေးဝင့်ကြွေးတုံ့တင် x x ခြေပြီထင်ခဲ့ x x ခိုမှီရာမဲ့ x x ရှုလှည့်မြင်လှည့်စေချင် x x "

"နားငြီးတယ်ကွာ နားငြီးတယ်"

ကိုပြေညိမ်း အောင်စိုးထွန်းတို့ခုတင်ဘက်လှည့်၍ အော်ပြောလိုက်ပေမယ့် သူတို့က အဆိုအတီးမပျက်။

ကိုပြေညိမ်း မကျေမချမ်း ဆတ်ခနဲ ထထိုင်လိုက်မိသည်။ ညနေက ကြားခဲ့ရသည့် စကားတစ်ခွန်းကြောင့် စိတ်တိုနေသော ကိုပြေညိမ်းမှာ သည်သီချင်းကိုပင် နားက လက်မခံချင်။

ဘယ်ရှေးဝဋ်ကြွေးတုံ့တင်ခြေပြီထင်ခဲ့ ခိုမှီရာမဲ့ ဆိုသည့်စကားလုံးတွေက ကိုပြေညိမ်း၏သိမ်ငယ်သောဘဝကို ညွှန်းဆိုနေသယောင် ခံစားလိုက်မိသည်။

"မောင်မောင် မောင်မောင် အိပ်ပြီလား"

"ဟေ မအိပ်သေးဘူးကွ"

နှစ်ခုတင်ကျော်မှ အသံပြန်လာသည်။

"အပြင်သွားထိုင်ရအောင်ကွာ"

ကိုပြေညိမ်း ပြောပြောဆိုဆို အိပ်ရာပေါ်မှ ထလိုက်သည်။ မောင်မောင့်ခုတင်ဘက်မှလည်း လှုပ်ရှားသံကြားရ၏။

အဆောင်နောက်ဘက်တံခါးဝဆီ ကိုပြေညိမ်း တစမ်းစမ်းလျှောက်လာခဲ့သည်။ ခုတင်တစ်လုံး၏ခြေရင်းကို တိုးထိမိပြီးမှ တံခါးဝဆီ ရောက်လာသည်။

တစ်ထပ်တည်းသောအုတ်လှေကားကို စမ်းဆင်းလိုက်ပြီးနောက် ညောင်ပင်ကြီးရှိရာသို့ ဦးတည်လာခဲ့သည်။

သည်မြေဝန်းကျင်မှာ နှစ်နှစ်ကျော်ကျင်လည်ခဲ့ပြီးပြီဆိုတော့ ရောက်လိုရာကို မှန်းဆ၍ သွားတတ်နေပြီ။

သီရိဆွေစာအုပ်တိုက်

ညောင်ပင်ကြီးအောက်မှ ထိုင်ခုံတွင် ကိုပြေညိမ်းဝင်ထိုင်မိပြီး ခဏ နေတော့ ကိုပြေညိမ်းပခုံးကို လက်တစ်ဖက်က လာ၍ ထိတွေ့သည်။

"မင်း မအိပ်ချင်သေးလို့လား"

"အေးကွာ ရင်ထဲမှာ အကျိတ်အခဲ ဖြစ်နေတယ်၊ လူတွေဟာ ဘာ ဖြစ်လို့စာနာစိတ်မရှိကြတာလဲ၊ ငါတို့နေရာမှာ သူတို့ ခဏဝင်ပြီး ကိုယ် ချင်းစာကြည့်ရင် ဒီလိုစကားမျိုး ထွက်ရက်မှာမဟုတ်ဘူး"

"ကံမကောင်းလို့ အခုလိုဘဝရောက်ရမှတော့ လူအထင်အမြင်သေး ခံရတာ မဆန်းပါဘူး ပြေညိမ်းရာ၊ ဒီလိုအပြောအဆိုခံရတိုင်း စိတ်ဆိုး ဒေါသထွက်နေရရင် ပိုပြီးရှုံးမှာပေါ့၊ မေ့ပစ်လိုက်ပါကွာ အဲဒါတွေကို"

မောင်မောင်က ခပ်အေးအေးပြောသည်။

"မေ့ပစ်ရမယ် ဟုတ်လား၊ ငါကတော့ မမေ့နိုင်ဘူး၊ အဲဒီမိန်းမကို တုံ့ပြန်ရမှ ကျေနပ်နိုင်မယ်"

ကိုပြေညိမ်းက မကျေမနပ်နှင့် ခပ်မာမာပြောလိုက်သည်။

မောင်မောင် နှုတ်ဆိတ်နေသည်။ ကာယကံရှင်က သည်းခံခွင့်လွှတ် နေနိုင်ပါလျက်၊ မဆီမဆိုင် ကိုပြေညိမ်းက မခံမရပ်နိုင်ဖြစ်နေသည်ကို အံ့သြနေသလား မသိ။

"မင်းစဉ်းစားကြည့်စမ်းကွာ အကန်းနဲ့ပေးစားမယ့်အစား ခွေးအမြီး ဖြတ်ပြီး ပေးစားမယ်ဆိုတဲ့စကားက ဘယ်လောက်မိုက်ရိုင်းစော်ကားသလဲ၊ ငါတို့ကို ခွေးလောက်မှ တန်ဖိုးမရှိဘူးလို့ ပြောလိုက်တာနဲ့ အတူတူပဲပေါ့ မဟုတ်ဘူးလား"

မျက်မမြင်ဘဝရောက်နေရသူတွေကို ဘဝကံဆိုးသူများအဖြစ် စာနာ စိတ်နှင့် မဆက်ဆံ၊ လူလူချင်း မတူမတန်သလို နှိမ့်ချပြောဆိုတတ်သူ တွေကို ကိုပြေညိမ်း ရွံရှာမုန်းတီးမိတာ အမှန်။

မောင်မောင်နှင့် ဌေးဌေးဝင်း သမီးရည်းစားဖြစ်နေတာကို သိသွားသော ဌေးဌေးဝင်းအစ်မကြီးက ဆူပူကြိမ်းမောင်းရင်း ပြောလိုက်သောစကားကို သည်နေ့ညနေကမှ ပြန်ကြားရသည်။

ခွေးထက်နိမ့်ကျသလို အပြောခံရခြင်းအတွက် မောင်မောင်က ထူးထူးခြားခြားခံစားမိပုံ မရ။ 'လူတွေကတော့ ဒီလိုပါပဲကွာ၊ ကိုယ်ချင်းစာတရားလေးနဲ့ စာနာတတ်သူက အရှားသား' ဟု မှတ်ချက်ချပြီး အေးအေးဆေးဆေးနေနိုင်သည်။ ကိုပြေညိမ်းကတော့ မျက်မမြင်အားလုံးကို သိမ်းကျုံးစော်ကားလိုက်သလို ခံစားမိရင်း မကျေမချမ်းဖြစ်လျက် တစ်ယောက်တည်း စိတ်အလုပ်ရှုပ် ပူလောင်နေသည်။

ကိုပြေညိမ်းနှင့် မောင်မောင်မှာ နှစ်ယောက်သားတွဲမိကြပေမယ့် စိတ်ချင်းကတော့ မတူ။ မောင်မောင်က ကိုပြေညိမ်းနှင့် ဆန့်ကျင်ဘက်။ အစဉ်အေးဆေးတည်ငြိမ်၍ သည်းခံခွင့်လွှတ်နိုင်စွမ်းရှိသူ။ သို့ပေမယ့် အသက်နှစ်ဆယ်ကျော်အထိ အာရုံငါးပါးဖွံ့ဖြိုးစွာ လောကကြီးကို ထိတွေ့ကျင်လည်ခဲ့ဖူးသော ဘဝအခြေခံချင်းတူညီ၍ အရွယ်ကလည်း မတိမ်းမယိမ်းမို့ မျက်မမြင်ကျောင်းရောက်ကတည်းက အရင်းနှီးဆုံးပေါင်းသင်းဖြစ်ခဲ့ကြသည်။

"နေပါဦးကွ အဲဒီ မမြမေဆိုတဲ့ မိန်းမက အသက်ဘယ်လောက်ရှိပြီလဲ မင်းသိလား"

"ဌေးဌေးဝင်းထက် ဆယ့်သုံးနှစ်ကြီးတယ်ဆိုတော့ သုံးဆယ်ကျော်လောက် ရှိမှာပေါ့"

"အင်း ဒါဆို မဆိုးပါဘူး"

"မင်းက ဘာလုပ်မလို့လဲ"

"နောက်တော့ သိရမှာပေါ့ကွာ"

သိဒ္ဓိဆွေစာအုပ်တိုက်

"ဘာမှ လုပ်မနေပါနဲ့ ပြေညိမ်းရာ၊ ကံဆိုးလို့ ဒီဘဝရောက်နေမှ ဒီလောက်တော့ အပြောအဆိုခံရမှာပေါ့၊ အရေးကြီးတာက ငွေးငွေးဝင်း ငါ့အပေါ် သစ္စာမပျက်ဖို့ပဲ"

"မင်းကောင်မလေးကကော စိတ်ချရရဲ့လား"

"စိတ်ချရမယ်ထင်တာပဲ၊ တစ်အိုးတစ်အိမ်ထူထောင်နိုင်လောက် အောင် ပိုက်ဆံစုမိကြရင် လက်ထပ်မယ်ပြောတယ်"

"သိပ်လဲ ယုံမနေနဲ့ဦး၊ မိန်းမတွေဆိုတာ သာတဲ့လူနဲ့တွေ့ရင် မေတ္တာတွေ သစ္စာတွေခေါက်ထားခဲ့ဖို့ နည်းနည်းမှ ဝန်လေးတတ်တာ မဟုတ်ဘူး"

ကိုပြေညိမ်းက မိန်းမတွေကို အထင်မကြီးသူပီပီ ရှုတ်ချစကား ဆိုမိသည်။

အတန်ကြာစကားပြောဆိုနေမိကြစဉ် နာရီသံချောင်းခေါက်သံ ဆယ် ချက်ကြားရသည်။

ကိုပြေညိမ်းတို့ အဆောင်ထဲ ပြန်ဝင်လာကြသည်။

အိပ်ရာပေါ်ရောက်ပြီး အတော်ကြာသည်အထိ ကိုပြေညိမ်း အိပ် မပျော်။ အစီအစဉ်တစ်ခုကို ကြံစည်စိတ်ကူးရင်း မျက်စိကြောင်နေသည်။

အောင်စိုးထွန်းတို့ ဆိုတီးအဖွဲ့ထံမှလည်း အသံမကြားရတော့။

မျက်မမြင်ကျောင်းသားလေးဆယ်ကျော် နေထိုင်လျက်ရှိသော အဆောင်ခန်းသည် ပကတိငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ အားလုံး အိပ်ရာဝင်ကုန်ကြပြီထင်ရဲ့။

သူတို့အဖို့မှာ နေ့နှင့်ညသည် မထူးခြားလှပေမယ့်၊ မျက်မြင်တွေ လိုပင် ညအချိန်မှာ အိပ်စက်ခြင်းအမှုကို ပြုကြလေသည်။

*

ရည်ရွယ်ချက်ကတော့ အောင်မြင်ဖို့လမ်းစပေါ်နေပေပြီ။ ကောင်းမြတ်သောရည်ရွယ်ချက်မဟုတ်မှန်း သိလျက်နှင့် ကိုပြေညိမ်း လမ်းဆုံးအောင် ဆက်လျှောက်ဖို့ ဆုံးဖြတ်ထားမိသည်။

လွန်ခဲ့သောစနေနေ့က ကိုအောင်ဝင်းအိမ်သို့ ကိုပြေညိမ်းရောက်သွားသည်။ မောင်မောင်နှင့်ပတ်သက်၍ ကိုအောင်ဝင်းနှင့် သိကျွမ်းခဲ့တာကြာပေမယ့် အိမ်သို့တစ်ခေါက်မျှ လိုက်မလည်ဖြစ်ခဲ့။

ထိုနေ့ကတော့ ကိုမြင့်ဦးကို အကူအညီခေါ်၍ တမင်သွားဖြစ်ခဲ့သည်။

ကိုမြင့်ဦးက မျက်မမြင်ကျောင်းစောင့်ရှောက်သူ။ လုံးဝ အမြင်ကွယ်နေသော မျက်မမြင်ကျောင်းသားများ အပြင်သို့သွားလာလိုလျှင် ကိုမြင့်ဦးက လိုက်ပါအကူအညီပေးတတ်မြဲ။

ကိုအောင်ဝင်းအိမ်ရောက်တော့ ကြံရွယ်ထားသည့်အတိုင်း ကိုအောင်ဝင်းဇနီးနှင့် တူမတစ်ယောက်ကို ဗေဒင်ဟောပေးသည်။

ကိုပြေညိမ်း ဗေဒင်ဟောနေစဉ် အနီးအနားဝန်းကျင်အိမ်များမှ ဗေဒင်ဝါသနာပါသူများ ရောက်လာကြသည်။

ရပ်ကွက်ထဲမှ တစ်အိမ်အိမ်မှာ ဗေဒင်ဟောလျှင် သတင်းကြားနှင့် စုဝေးလာတတ်ကြသည်။ တစ်ချို့က ဗေဒင်မေးချင်သူတွေ၊ တစ်ချို့ကတော့ သူများဟောတာတွေကို စူးစမ်းလေ့လာနားထောင်ရုံ။

ထိုနေ့က လာရောက်သူတွေထဲမှာ ကိုအောင်ဝင်းတို့နှင့် ကျောချင်းကပ်အိမ်မှ မမြမေပါလာသည်။

ငါးယောက်မြောက်ဗေဒင်ဟောအပြီး နောက်တစ်ယောက်မေးလိုသူအမည် 'မမြမေ'ဟု သိလိုက်ရချိန်မှာ ကိုပြေညိမ်း လျှပ်တစ်ပြက်အကြံယူဆုံးဖြတ်ချက်ချလိုက်ပြီး –

"ကျွန်တော်က ဗေဒင်ပညာသင်ယူနေဆဲကာလအတွင်း တစ်နေ့ ငါးယောက်ထက်ပိုပြီး ဗေဒင်မဟောဘူးလို့ အဓိဋ္ဌာန်ပြုထားလို့ပါ၊ နောက်တစ်ပတ် ကျွန်တော်လာပြီး ဟောပေးပါ့မယ်၊ ဒါမှမဟုတ် ကျောင်းကို လာခဲ့ပါ"ဟု ပြောလိုက်သည်။

မမြမေက "ဘယ်အချိန်လာခဲ့ရမလဲ"ဟု မေးတော့-

"မမြ အားရင် မနက်ပိုင်းလာခဲ့ပါ၊ ဗေဒင်ဟောရတာက မွန်းမတိမ်းခင်မှာ ပိုပြီး အာရုံထက်မြက်လို့ပါ"

ကိုပြေညီမ်းသည် တမင် 'မမြ' ဟု တရင်းတနှီး ခေါ်ပစ်လိုက်သည်။ 'မမြမေ'ဆိုတာ ဘယ်လိုပုံကြီးလဲဟု အပြန်ကျမှ ကိုမြင့်ဦးကို မေးကြည့်ရဦးမည်။

မမြမေက-

"ဥပုသ်နေ့ကျရင် လာခဲ့မယ်လေ၊ ပြီးတော့ ငါးယောက်ပြည့်အောင်လည်း ဟောမထားနှင့်ဦး၊ ငါက မနက်ပိုင်းဈေးရောင်းပြီးမှ လာရမှာမို့ ဆယ်နာရီကျော်မှ ရောက်မှာ"ဟု အသေအချာ ရက်ချိန်းပေးသွားသည်။

ထိုနေ့က ဗေဒင်မေးသူများ သဒ္ဓါကြေးပေးသွားကြသည့် ငွေနှစ်ဆယ်ကျော် ကိုပြေညီမ်းရှေ့မှာရှိနေသည်ကိုလည်း မမြမေ မြင်သွားပေမည်။ အပြန်မှာ ကိုမြင့်ဦးပြောပြ၍ မမြမေဆိုတာ အသားမဖြူမညို၊ ကိုယ်လုံးပြည့်ပြည့် မျက်လုံးပြူးပြူး၊ မျက်နှာသွယ်သွယ်နှင့် ကြည့်ပျော်ရှုပျော် ရုပ်ရည်ရှိကြောင်း သိရပေမယ့်၊ ရည်ရွယ်ချက်ပြောင်းလိုစိတ် ပေါ်မလာ။ မိန်းမတွေ၏ အထာကို အတော်အတန်တွေ့ကြုံသိရှိခဲ့ပြီးဖြစ်သော ကိုပြေညီမ်းမှာ နောက်တစ်ခါတွေ့လျှင် မမြမေကျလောက်အောင် ဘယ်လိုပြောဆိုဆက်ဆံရမယ်ဆိုတာ စိတ်ထဲမှာ အကွက်ချစဉ်းစားလာခဲ့မိသည်။

ဥပုသ်နေ့ကျတော့ ပြောသည့်အတိုင်း မမြမေ ဆယ်နာရီကျော်ကျော်လောက်မှာ တစ်ယောက်တည်းရောက်လာသည်။ အဆင်ပြေချင်တော့ ထိုအချိန်မှာ ကိုပြေညိမ်းအသိမိတ်ဆွေတစ်ဦးနှင့် ပါလာသော မိန်းမပျိုလေးနှစ်ယောက်ကို ဗေဒင်ဟောပေးနေရချိန်နှင့် သွားဆုံ၏။

မမြမေက ရောက်ရောက်ချင်း "ကိုပြေညိမ်း ငါးယောက်မပြည့်သေးပါဘူးနော်"ဟု စိုးရိမ်မကင်းသံနှင့် ဆိုသည်။

ဗေဒင်ဟောခ ငွေတစ်ဆယ်ပေး၍ မိန်းကလေးတွေပြန်သွားပြီးနောက် မမြမေ၏မွေးသက္ကရာဇ်၊ နေ့ရက်၊ အချိန်နာရီတို့ကိုမေး၍ ဂဏန်းဘောင်နှင့် ခဲချောင်းလေးတွေ အသုံးပြုလျက် အကျအနအချိန်ယူ တွက်ချက်သည်။

ထိုနေ့က ကိုပြေညိမ်းမှာ ပလေကပ်တစ်ပတ်ရစ်လုံချည်နှင့် နွေကျောင်းပိတ်ရက် အိမ်ပြန်စဉ်က အစ်မချုပ်ပေးလိုက်သည့် ရှပ်လက်ရှည်ကိုလက်ခေါက်၍ ဝတ်ထားသည်။ ထုံးစံအတိုင်း နေကာမျက်မှန်ကိုလည်းတပ်ဆင်ထားတော့ ကိုပြေညိမ်း၏ဥပဓိရုပ်မှာ မသိလျှင် မျက်မမြင်တစ်ယောက်ဟု ဘယ်လိုမှ မထင်မှတ်နိုင်စရာ။ မွန်ရည်သန့်ပြန့်နေမည်မှန်းသိသည်။

ကိုပြေညိမ်းမှာ အသားလတ်လတ်၊ အရပ်သွယ်သွယ်မြင့်မြင့်၊ မျက်ခုံးထူထူ၊ နှာတံပြေပြေနှင့် တိရိပြတ်သားသောနှုတ်ခမ်းတို့ဖြင့် ယောကျ်ားပီသခန့်ညားသည့် ရုပ်ရည်မျိုးပိုင်ဆိုင်သူပေပဲ။ မိန်းကလေးတို့၏မေတ္တာပန်းကို လှမ်းဆွတ်ဖို့ အခက်အခဲမရှိတတ်သော တစ်ချိန်ကအတွေ့အကြုံတွေကို မမေ့သေးပါ။

မမြမေဆိုသည့် မိန်းမက ဘာမို့လို့လဲ၊ သူလို မုဆိုးမ၊ ကလေးတစ်ယောက်အမေဆိုပေမယ့် အရွယ်မလွန်သေးသောမိန်းမတစ်ယောက်ကို

တိမ်းညွှတ်လာအောင်လုပ်ဆောင်ဖို့ ကိုပြေညိမ်း တတ်စွမ်းနိုင်ရမည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားသည်။

ကြံစည်စိတ်ကူးထားသည့်အတိုင်း ဗေဒင်တွက်ချက်ပြီးနောက်၊ ဗေဒင်ကိန်းခန်းအရ သိရတာတွေရော၊ အရင်ကသိရှိခဲ့ပြီးသည့် အကြောင်းအရာတွေကိုပါ ရောမွှေဟောပြောတော့ မမြမေမှာ 'ဟုတ်ပါတယ်၊ မှန်ပါတယ်' နှင့် ကျေနပ်စွာထောက်ခံနေသည်။

"မမြမှာ ဒီနှစ်အတွင်း အိမ်ထော ^က ကိန်းရှိတယ်၊ စုတ်ရောလာဘတ်ရောဝင်မယ်၊ နောက်ဆုံး လေးလအတွင်း၊ တိတိကျကျပြောရရင် မွေးလမကျော်ခင် မမြ ဒုတိယဖူးစာရှင်နဲ့ အကြောင်းဆက်ပေါင်းဖက်ရမယ်"ဟု ဟောလိုက်တော့ တအံ့တဩ စိတ်ဝင်တစားတိုးတိတ်လေသံနှင့်–

"သေချာရဲ့လား ကိုပြေညိမ်းရယ်၊ ဒီက နောက်အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက်လဲ မရှိပါဘူး"ဟု ဆိုသည်။

"ဩော် သေချာဆို မြေကြီးကို လက်နဲ့ပုတ်တာကမှ လွဲဦးမယ်၊ ခုဟာက လက်ရှိသိဟ်ရာသီမှာ ကောဇာစနေရောက်နေတာ၊ ရက်ပိုင်းအတွင်း ကန်ရာသီကို ပြောင်းမယ်၊ ဒါကြောင့် လာမယ့်မွေးလမကျော်ခင် အိမ်ထောင်ကျကို ကျရမယ်၊ ပြီးတော့ အဲဒီအိမ်ထောင်ဘက်ကလဲ မမြကိုယ်တိုင် ချစ်ခင်နှစ်သက်သူ ဖြစ်ပြီး စီးပွားလဲ တက်ဦးမယ်၊ ချစ်ရေစင်ဖြန်းလို့ လန်းဆန်းတဲ့ဘဝကို ပိုင်ဆိုင်ဖို့ သိပ်မလိုတော့ဘူး"

ကိုပြေညိမ်းအပြောကို မမြမေ အဘယ်မျှ ကျေနပ်သဘောကျသွားသည်မသိ။ ဟောပြောအပြီးမှာ ငွေစက္ကူတစ်ရွက်ကို ကိုပြေညိမ်းလက်ထဲ ထည့်ရင်း–

"ဗေဒင်ဆရာကြီးပြောသလို မှန်ကန်ရင်တော့ နောက်ထပ်ကျေးဇူးဆပ်ပါဦးမယ်"ဟု ရယ်ရွှန်းပတ်ရွှန်းဆိုသည်။

ကိုပြေညိမ်းက ထိတွေ့လာသည့် မမြမေလက်ကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လျက် ငွေစက္ကူကို ပြန်ပေးရင်း ခပ်တည်တည်ပြောလိုက်သည်။

"ခင်မင်ရင်းနှီးတဲ့လူချင်း ကျွန်တော် ဗေဒင်ဟောခ ယူလေ့မရှိပါဘူး မမြ၊ ပိုက်ဆံတော့ မယူပါရစေနဲ့"

"အောင်မယ် လူချင်းတွေ့တာဖြင့် တစ်ပတ်မပြည့်သေးဘူး၊ ဘယ်လိုခင်မင်ရင်းနှီးတာလဲ"

ရယ်သံဟဟနှင့် မမြမေအမေးကိုကြားရတော့ အပြုံးနှင့် တုံ့ပြန်ရင်း-

"တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးတယ်၊ မေတ္တာရှိတယ်ဆိုတာ နှစ်ရှည်လများပေါင်းသင်းဆက်ဆံရမှ မဟုတ်ပါဘူး မမြရာ၊ ရှေးရေစက်ကိုလိုက်လို့ အချိန်ပိုင်းကလေးအတွင်း ခင်မင်သွားကြတာ၊ ချစ်သွားကြတာတွေတောင် ရှိတာပဲ"

သွေးတိုးစမ်းစကားတစ်လုံး ပစ်သွင်းလိုက်သည်။

"ကဲပါ စကားတတ်တိုင်း လျှောက်ပြောမနေနဲ့၊ ဒီပိုက်ဆံတော့ယူလိုက်ပါ"

မမြမေကပြောရင်း ငွေစက္ကူကို ကိုပြေညိမ်းလက်ထဲ ထည့်ပေးပြန်သည်။ သည်တစ်ခါတော့ ကိုပြေညိမ်း ရုတ်တရက်ပြန်မပေးသေးပဲ ငွေစက္ကူကို ဖြန့်၍ မသိမသာ လက်ဖြင့် တိုင်းတာကြည့်ပြီးမှ ပြောလိုက်သည်။

"ဒီလောက်တောင်ပေးချင်ရင်လဲ ငွေတစ်ဆယ်တော့ ပေးမနေပါနဲ့ဗျာ၊ ထောင့်ငါးရာပဲ ပေးလိုက်ပါ"

"ဘာရယ် ဘာထောင့်ငါးရာလဲ"

"တလွဲမထင်ပါနဲ့ မမြရာ၊ တစ်ထောင့်ငါးရာပြား၊ ဆယ့်ငါးကျပ်ပြောတာပါ"

သိရိဆွေစာအုပ်တိုက်

ကိုပြေညီမ်းက ရယ်ကျဲကျဲဖြင့် ပြောဆိုလိုက်သည်။

"ဒါနဲ့ ကိုပြေညီမ်းမျက်လုံးက အမြင်လုံးဝကွယ်သွားတာဆို"

"ဟုတ်ပါတယ်"

"ဒါဖြင့် ငွေစက္ကူကို ဆယ်တန်မှန်း ဘယ်လိုလုပ်သိလဲ"

"ငွေစက္ကူအလျားအနံတွေကို လက်နဲ့တိုင်းထွာကြည့်ပြီး မှတ်ထားတယ်လေ၊ အကြွေတွေကိုလဲ အရွယ်အစား ပုံသဏ္ဍာန် လက်နဲ့စမ်းကြည့်ပြီး ခွဲနိုင်တာပဲ၊ အဲ အခုနောက်ပေါ်တဲ့ တစ်မတ်စေ့အပိုင်းနဲ့ ဆယ်ပြားစေ့အဝိုင်း နှစ်မျိုးကိုတော့ သိပ်ခွဲလို့မရဘူး"

"ဒီလိုဆိုတော့လဲ ဘယ်ဆိုးလို့လဲ၊ ဈေးရောင်းစားလို့တောင် ရနိုင်တာပေါ့နော်"

"ဒီလိုပေါ့ မမြရာ၊ အမြင်အာရုံချို့တဲ့နေတော့လဲ ကျန်တဲ့အကြားအာရုံ၊ အနံ့အသက် အထိအတွေ့ဆိုတာတွေကို ပိုပြီးထက်မြက် ခံစားနိုင်အောင် ကြိုးစားလေ့ကျင့်ထားရတယ်၊ မျက်စိမမြင်တာနဲ့ပဲ လောကကြီးကို အရှုံးပေးလို့ မဖြစ်ဘူးလေ"

"ကိုပြေညီမ်းက စကားသိပ်တတ်တာပဲ၊ ကျောင်းပညာ ဘယ်နှစ်တန်းအထိ သင်ဖူးလဲ"

ထိုနေ့က အတန်ကြာစကားပြောဆိုကြရာတွင် မမြမေက ကိုပြေညီမ်းဘဝကို စိတ်ဝင်စားစွာ စပ်စုမေးမြန်းသည်။

ကိုပြေညီမ်းက ကိုးတန်းအထိ ကျောင်းနေခဲ့ဖူးပြီး အသက်နှစ်ဆယ့်နှစ်တွင်မှ မျက်စိကွယ်ခဲ့ရပုံတွေ၊ သူ့ဘဝအကြောင်း အတော်အတန် ပြောပြလိုက်သည်။

နောက်ဆုံး မျက်မမြင်ဘဝနှင့် သည်ကျောင်းရောက်လာပြီး ခံစား

ရပုံတွေကို ကရုဏာသက်ဖွယ်ဖြစ်အောင် သာသာထိုးထိုးကလေး ပြော လိုက်သည်။

ထိုနေ့က မမြမေပြန်ခါနီးမှာ ကျောင်းဝင်းဂိတ်ပေါက်ဝအထိ လိုက်ပို့ပြီး သူပေးသည့်ငွေတစ်ဆယ်ကိုလည်း အပေါက်ဝနားရောက်မှ သူ့လက်ကို ဆုပ်ကိုင်၍ အတင်းထည့်ပေးလိုက်သည်။

နောက်နှစ်ရက်အကြာ ညနေပိုင်းမှာ မမြမေရောက်လာ၍ ကိုပြေ ညိမ်းစားဖို့ဟုဆိုကာ ဘီစကစ်မုန့်နှင့် ထန်းလျက်တစ်ထုပ်ပေးသွားလေ သည်။ ပြီးတော့ ဥပုသ်နေ့ကျရင် လာလည်ဦးမည်ဟုလည်း ပြောသွား သေး၏။

ကိုပြေညိမ်းသည် သူ့ရည်မှန်းချက်ပန်းတိုင်ကို မကြာခင်ရက်ပိုင်း အတွင်း ရောက်နိုင်သည်ဟု ခန့်မှန်းမိသည်။

အိပ်ရာပေါ်မှာ လဲလျောင်းလျက် စိတ်ကူးဖြန့်ကျက်နေရင်း ကိုပြေ ညိမ်း ထွေးငယ်ကို ပြေး၍ပုံဖမ်း မြင်ယောင်လိုက်မိသည်။

မမြမေနေရာမှာ ထွေးငယ်ဆိုလျှင်တော့ ကိုပြေညိမ်းရင်မှာ ကြည်နူး ပျော်ရွှင်မှုများ ဖြိုးဝေနေမှာ မလွဲပါ။

* * *

သီရိဆွေစာအုပ်တိုက်

"ဖြည်းဖြည်းစမ်းဟ နင်စမ်းရင် အဖောင်းကနေ အခွက်ဖြစ်သွားမယ်"

ကိုပြေညီမ်း စာသင်ခန်းထဲဝင်လိုက်သည်နှင့် ဆရာဦးအောင်ကြည် အသံကို အရင်ဆုံးကြားရသည်။

အဝင်တံခါးဝနားက ခုံတန်းရှည်တစ်ခုကို လက်နှင့်စမ်း၍ အစွန်နေရာတွင် ဝင်ထိုင်လိုက်သည်။

"ဒါ ဘယ်လိုဖြစ်နေတာလဲ မှန်သလား မှားသလား"

"မှားတယ်"

"မှန်အောင် ရေးရမှာလား၊ မှားအောင် ရေးရမှာလား"

"မှန်အောင် ရေးရမယ်"

အပြန်အလှန် ပြောဆိုနေကြသော ဆရာဦးအောင်ကြည်နှင့် မောင်ဦးတို့၏အသံကို ကြားရတော့ ဆရာတပည့်နှစ်ယောက် ဘယ်သို့ဘယ်ပုံ စာသင်ကြားပို့ချနေကြမည်ဆိုတာ စိတ်ကူးအာရုံမှာ ထင်ဟပ်မြင်ယောင်မိသည်။

မျက်မမြင်စာသင်ရသည်က အမြင်စာပို့ချသလို မဟုတ်။ ဆရာက တပည့်ကို တစ်ဦးချင်း လက်ထပ်ကိုင်တွယ် သင်ပြပေးရသည်။

သီရိဆွေစာအုပ်တိုက်

မျက်မမြင်စာမှာ လက်နှင့်စမ်း၍ စူးနှင့်ထောက်ကာ ရေးသားရသဖြင့် လက်စမ်းစူးဖောက်စာဟုလည်း ခေါ်သည်။

မျက်မမြင်စာရေးသားရန် အသုံးပြုရသော စာရေးကိရိယာများကလည်း ကျောက်သင်ပုန်း၊ ကျောက်တံ၊ ဗလာစာအုပ်၊ ခဲတံစသည်တို့ မဟုတ်။ စာရေးဘောင်၊ ထောက်စူး၊ စာရေးမျဉ်းနှင့် စာရွက်အထူစားများ အသုံးပြုရသည်။

စာရေးဘောင်မှာ အလျားဆယ့်သုံးလက်မ အနံကိုးလက်မခန့်ရှိ ပျဉ်ချပ်ဖြစ်သည်။ ပျဉ်ချပ်၏ထိပ်တွင် စာရွက်ဖိညှပ်ရန် ကလစ်တပ်ဆင်ထား၍ ဝဲယာဘေးနှစ်ဖက်တွင် စာရေးမျဉ်းတပ်ဆင်ရန် အပေါက်ငယ်ကလေးများ အထက်အောက်တန်းစီ ပါရှိသည်။

ထောက်စူးကတော့ အဖျားချွန်သံချောင်းငယ်၏ထိပ်တွင် သစ်သားဖုလုံးကလေးပါရှိသဖြင့် ဂျင်အသေးစားကလေးနှင့် တူသည်။

စာရွက်ကို စာရေးဘောင်မှာ ကလစ်နှင့် ညှပ်၍ ကြေးပြားမျဉ်းတံနှစ်ခု ပူးတွဲထားသည့် စာရေးမျဉ်းတံကြားထဲ ထည့်သွင်းရသည်။

စာရေးမျဉ်း၏အောက်ခံမျဉ်းထဲမှာ အစက်အပေါက်အရွယ် အခွက်ကလေးများ အကွက်လိုက်တန်းစီပါရှိသည်။ အပေါ်မျဉ်းတံမှာ ပတ်လည်အနားတွင် ထောင့်တွန့်ခြောက်ခုပါသော လေးထောင့်ပေါက်အကွက်ကလေးများ တန်းစီနေသော လိုင်းနှစ်လိုင်းပါသည်။

အကွက်အပေါက်ကလေးများ၏ ထောင့်တွန့်နေရာလေးတွေမှာ ထောက်စူးနှင့်ထောက်၍ စာရေးပါက စာရွက်ကျောဘက်မျက်နှာမှာ ထောက်စူးရာ ဖောင်းကြွအဖုကလေးများ ပေါ်သည်။ စာနှစ်ကြောင်းရေးပြီးလျှင် မျဉ်းတံကို စာရွက်အောက်ဘက် နေရာရွှေ့ရေးရသည်။

စာရေးသားရပုံက အမြင်စာရေးပုံနှင့် ပြောင်းပြန်။ လက်ယာဘက်မှ

လက်ဝဲဘက်သို့ ရေးသွားရပြီး စာဖတ်တော့မှ စာရွက်ကို ပြောင်းပြန်လှန်၍ လက်ဝဲဘက်မှ စကာ ဖောင်းကြွအဖုကလေးများကို လက်ညှိုးနှင့် စမ်းလျက် ဖတ်ရသည်။

စာတစ်လုံးချင်း စူးနှင့် ထောက်၍ ရေးသားနည်းကို နှုတ်မှ ပြောပြ သင်ကြားပေးရုံနှင့် မရ။ ဆရာသည် တပည့်၏လက်ကို လက်ထပ်ကိုင် တွယ်၍ စူးထောက်နည်းကအစ သင်ပေးရသလို တပည့်ရေးပြီးသော စာကို ဆရာကလက်နှင့်စမ်း၍ စစ်ဆေးပြီး အမှားတွေ့လျှင် မှားနေသည့် စာလုံးကို တပည့်၏လက်နှင့် ကိုင်စမ်းစေပြီး အမှားထောက်ပြရသည်။

စာရေးစာဖတ်နှစ်မျိုးစလုံးကို ပို့ချရာတွင် မျက်မမြင်ဆရာနှင့် မျက်မမြင်တပည့်တို့သည် လက်ထပ်ကိုင်တွယ်လျက် သင်ပြရလေသည်။

"ဒီအပေါက်က ဘယ်လိုဖြစ်တာလဲ၊ စူးကို နဲ့မထိုးနဲ့၊ အတည့်ထိုး နဲ့ထိုးရင် စာရွက်မှာ အပေါက်ကြီးတွေဖြစ်ရော၊ ကဲ ဟောဒါ မင်းရေးတာ မှန်သလား မှားသလား"

"မှားတယ်"

"ဘာလို့လဲ"

"ခြောက်စက်မစေ့လို့"

"တစ်ကွက်မှာ ဘယ်နှစ်စက်ရှိရမလဲ"

"ခြောက်စက်ရှိရမယ်"

"ညာဘက်က ဘယ်နှစ်စက်ရှိလဲ"

"ညာပေါ် ညာလယ် ညာအောက်"

"ဘယ်ဘက်က ဘယ်နှစ်စက်ရှိလဲ"

"ဘယ်ပေါ် ဘယ်လယ် ဘယ်အောက်"

သီရိဆွေစာအုပ်တိုက်

ဆရာကြည်သည် သူငယ်တန်း တပည့်မောင်ဦးအား မျက်မမြင်စာ၏အခြေခံ အက္ခရာစာလုံးခြောက်စက်ရေးနည်း (အမြင်စာမှာ ဝလုံးရေးနည်းဖြင့် တူသည်)ကို အသေအချာ လက်ထပ်သင်ပေးနေမှန်း သိရသည်။

ဆရာကြည်မှာ စာသင်ကြားရာတွင် စိတ်ရှည်လှသည်။

မျက်မမြင်ကျောင်းမှာ အနှစ်အစိတ်ကျော် ကြာမြင့်စွာနေထိုင်ခဲ့ကြသော ဆရာဦးအောင်ကြည်နှင့် ဆရာဦးကြီးမောင်တို့မှာ မျက်မမြင်စာသင်ကြားပို့ချပေးလျက် မိခင်ကျောင်းတော်ကြီးကို စေတနာ့ဝန်ထမ်း ပြန်လည်အလုပ်အကျွေးပြုနေသူများ ဖြစ်သည်။

ကျောင်းသက်အရင့်ဆုံး ဆရာဖေကတော့ စာပေသင်ကြားပို့ချမှု မပြုတော့။ မျက်မမြင်စာ သင်ကြားပို့ချရန် လိုအပ်သောစာအုပ်များနှင့် ဗုဒ္ဓဝင်၊ မဟာဝင်၊ ဓမ္မပဒ၊ မင်္ဂလာအခြေပြုကျမ်း၊ ဗုဒ္ဓဘာသာလက်စွဲ ပရိတ်ကြီးဆယ့်တစ်သုတ်စသည့် စာအုပ်များကို တာဝန်ယူပြုစုပေးသည်။

အမြင်စာပေမှ မူလတန်းပညာ သင်ရိုးညွှန်းတမ်းများကို မျက်မမြင်စာပေသို့ ကူးပြောင်းပြုစုရသည်မှာလည်း တာဝန်ကြီးလှသည်။

မျက်မမြင်ကျောင်းမှ ဂေဟာမှူးတစ်ဦးတည်းသာ လူမှုဝန်ထမ်းဌာနမှ လစာငွေနှစ်ရာကျပ် ပုံမှန်ရရှိ၍ ကျန်ရှိသည့် မျက်မမြင်ကျောင်းမှ စောင့်ရှောက်ရေးတစ်ဦး၊ ထမင်းချက်တစ်ဦး၊ အကူထမင်းချက်တစ်ဦး စသည့် ဝန်ထမ်းများကိုတော့ ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ လစာငွေပေးသည်။

မျက်မမြင်ကျောင်းဆရာတို့မှာ လစာငွေရယ်လို့ မရကြ။ ကျောင်းမှာ နေထိုင်စားသောက်ခွင့်နှင့် တစ်နှစ်တစ်ကြိမ် ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ ဆုကြေးအဖြစ် ချီးမြှင့်ငွေတစ်ရာကျပ်ကို ရရှိသည်။

စင်စစ် မျက်မမြင်ကျောင်းဆရာတာဝန်ကို ပြင်ပမှ စာတတ်ပေတတ်

ပုဂ္ဂိုလ်များအား ခေါ်ယူပေးအပ်၍လည်း ရသည်မဟုတ်။ မျက်မမြင်စာကောင်းစွာတတ်မြောက် ကျွမ်းကျင်သူများသာ ထမ်းဆောင်နိုင်သောတာဝန်မို့ လစာငွေရသင့်သည်ဟု ကိုပြေညိမ်း ယူဆသည်။

ကိုပြေညိမ်းကတော့ ကျောင်းဆရာအလုပ်ကို ဝါသနာမပါ။ ဆရာကြည်တို့လို ကိုယ်ကျိုးမကြည့်ပဲ ဘဝတူ မျက်မမြင်ကျောင်းသားများကို စာပေသင်ကြားရင်း တစ်သက်လုံး ကျောင်းမှာလည်း နေမသွားနိုင်။ မျက်မမြင်စာ သင်ယူတတ်ကျွမ်းပြီးနောက် ဗေဒင်ပညာ၊ အနှိပ်ပညာတို့ကို လေ့လာလိုက်စားတော့သည်။

ကြိမ်ထိုးပညာသင်ယူဖို့ ဝါသနာမပါလှပေမယ့် အခြေအနေပေးလျှင်တော့ သင်ယူဦးမည်ဟု စိတ်ကူးထားသည်။

ကိုပြေညိမ်းသည် အတန်ကြာ တိတ်ဆိတ်စွာထိုင်နေမိပြီးမှ ဆရာဦးကြီးမောင်စာသင်ခန်းဘက် ကူးလာခဲ့သည်။

"ကဲ မောင်ဝင်းစိန် မင်းရေးထားတာတွေ အစကပြန်ဖတ်ပြစမ်း"

ဆရာဦးကြီးမောင်၏ အသံ။

"နှစ်ဆယ့်သုံးရက် ခြောက်လ ရှစ်ဆယ့်ခြောက်ခု မောင်ဝင်းစိန်"

စာစသင်လျှင် စာရွက်ထိပ်မှာ ပထမဆုံး စရေးရသည့်နေ့စွဲနှင့် ကျောင်းသားအမည်တို့ကို မောင်ဝင်းစိန် စဖတ်သည်။

"အပိုဒ်လေး-

မှသားစ ား၊ ပြောဆိုငြားမူ၊

စကားမညီ၊ သွားမညီ၊

ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊

ဣန္ဒြေနောက်၊ ပုံယွင်းပေါက်လျက်၊

မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊

သီရိဆွေစာအုပ်တိုက်

လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်၊
ရှောင်ကြဉ်အပြန်အကျိုးတည်း... ။
အပိုဒ်ငါး-
သေရည်သောက်လင့်၊ သင့်မသင့်ဦ၊
ရေးခွင့်မသိ၊ ပျင်းရိမေ့ရှူး၊
ကျေးဇူးမဆပ်၊ ဟီရွတ်တပ်ကင်း၊
ခပင်းများထို၊ အကုသိုလ်ကို၊
မညှိုလွဲစွာ၊ ပြုကျင့်ရာသည်၊
ရှောင်ကြဉ်အပြန် အကျိုးတည်း... ။

ကိုပြေညိမ်းသည် ကျောင်းသားများနောက်မှ ထိုင်ခုံရှည်တွင် ထိုင်လျက် မောင်ဝင်းစိန်ဖတ်ပြနေသမျှ နားထောင်ရင်း စိတ်အတွေးသည် အတိတ်ဆီသို့ ပြေးသွားသည်။

စိတ်ဓာတ်ကျဆင်းခြင်း၊ ဒေါသအမျက်ထွက်ခြင်းတို့ ပူးပေါင်းဖိစီးလျက် လွန်ကဲစွာ သေရည်သောက်ရင်း နစ်မွန်းခဲ့ရသောဘဝ။

မိမိ၏အမှားများကို ပြန်လည်နှောင်တရမိချိန်မှာတော့ အရာရာသည် လွန်ပြီးခဲ့ချေပြီ။

ဘဝမှာ အစားထိုးမရသော ဆုံးရှုံးမှုကြီးကို ရင်ဆိုင်ခဲ့ရသောနေ့ရက်များကို ပြန်လည်ခံစားမိရင်း စိတ်သည် ပင်ပန်းနွမ်းနယ်သွားသည်။

ကိုပြေညိမ်း သက်ပြင်းတစ်ရှိုက်နှင့် ထိုင်ရာမှ ထလိုက်ချိန်တွင် ဆယ်နာရီထိုးသံ ကြားရသည်။

ဆရာနှင့် ကျောင်းသားတို့ စာသင်ကြားမှုရပ်နား၍ စာရေးကိရိယာများ သိမ်းဆည်းနေသံ၊ လှုပ်ရှားသံများကို ခဏနားစွင့်ထောင်နေပြီးမှ ကိုပြေညိမ်း အသံပြုလိုက်သည်။

"ဦးလေးမောင်"

"ဟေ"

"ထမင်းစားပြီးရင် ကျွန်တော် မောင်ခင်ဇော်တို့အိမ်သွားမလို့ ကျွန်တော်မရှိတုန်း ညွှ်သည်လာရင် ခဏစောင့်ခိုင်းထားနော်"

"အင်း မောင်ခင်ဇော်တို့အိမ် ဘယ်သူနဲ့ သွားမှာလဲ"

"ကိုတန့်ကေး မှာထားတယ်"

စကားပြောရင်း ကိုပြေညိမ်းနှင့် ဦးကြီးမောင်တို့ အိပ်ဆောင်ဘက် ကူးလာခဲ့ကြသည်။

မနက်စာ ထမင်းစားဖို့အချိန်ကလည်း တစ်နာရီမျှလိုသေးသဖြင့် ကိုပြေညိမ်း အိပ်ရာပေါ်မှာ လဲလျောင်းမိပြန်သည်။

တစ်စုံတစ်ရာလုပ်ကိုင်စရာ မရှိ။ အချိန်ကုန်လွန်ခြင်းကို အကြောင်းမဲ့ ထိုင်စောင့်နေရသည့်ဘဝလောက် ပျင်းရိငြီးငွေ့ဖွယ်ကောင်းတာ လောကဋ္ဌ ရှိမည်မထင်။

လုပ်ချင်တာတွေ လုပ်စရာတွေရှိပေမယ့် မိမိတစ်ဦးတည်း စွမ်း ဆောင်နိုင်စွမ်းမရှိ။ တစ်ပါးသူ၏အကူအညီ ရယူနိုင်ရန် မျှော်လင့်စောင့်စား နေရသည့်အဖြစ်ကို ကိုပြေညိမ်း စိတ်ပျက်လှပေမယ့် ရှောင်လွှဲ၍ မရ။

မိမိလုပ်ချင်တာကို တစ်ပါးသူ၏အကူအညီမလို၊ ကိုယ်တိုင်စိတ် ဆန္ဒရှိသလို လုပ်ဆောင်နိုင်သောဘဝကို တန်ဖိုးဖြတ်၍မရမှန်း မျက်စိ အလင်းကွယ်ခဲ့ပြီးမှ အကြိမ်ကြိမ်တွေးမိသည်။

'ဖလိတစ်ဆ္တာ မဏိကျမ်း'ကို လေ့လာနိုင်ဖို့အတွက် ကိုပြေညိမ်း မျက်မမြင်စာနှင့် ကူးယူနေသည်မှာ နှစ်လကျော်ကြာမြင့်ပေပြီ။ ယခုမှ စာအုပ်တစ်ဝက်ပင် မကျိုးတတ်သေး။ စာကူးခြင်းလုပ်ငန်းကို ကိုပြေညိမ်း တစ်ယောက်တည်း လုပ်ဆောင်၍ မရ။ တစ်ဦးဦးက ဖတ်ပြမှ ကူးယူနိုင်

သည်။ 'ဖလိတစိန္တာ မဏိကျမ်း' ကို ဖတ်ပြအကူအညီပေးနေသူက ပခုက္ကူ ကောလိပ်မှ ပထမနှစ်ကျောင်းသားလေး မောင်ခင်ဇော်။

မောင်ခင်ဇော်နှင့် ကိုပြေညိမ်း သိကျွမ်းခင်မင်ရသည်က မကြာလှ သေး။ လွန်ခဲ့သောသုံးလခန့်က မျက်မမြင်ကျောင်းသို့ ထမင်းတစ်နပ် လာရောက်လှူဒါန်းသောမိသားစုဝယ် မောင်ခင်ဇော်ပါလာခဲ့သည်။

ထမင်းစားပြီးချိန်မှာ မျက်မမြင်ကျောင်းသားတွေထဲက တချို့ကို မောင်ခင်ဇော်တွေ့ဆုံစကားပြောရင်း ကိုပြေညိမ်းနှင့် အသိမိတ်ဆွေဖြစ် သွားကြသည်။

ကိုပြေညိမ်း ဗေဒင်ပညာကို လေ့လာလိုက်စားနေကြောင်း အမြင် စာပေနှင့် ပြုစုထားသော ဗေဒင်ကျမ်းများကို ကူးယူရန် ဖတ်ပြပေးမည့်သူ လိုနေကြောင်း ပြောပြမိတော့ မောင်ခင်ဇော်က စေတနာထက်သန်စွာ အကူအညီပေးသည်။ ကျောင်းပိတ်ရက်များတွင် ရောက်လာတတ်ပြီး 'ဖလိတစိန္တာ မဏိကျမ်း'ကို ဖတ်ပြပေးသည်။ မောင်ခင်ဇော်တို့အိမ်က လည်း ဆင်ပေါက်လှရပ်ကွက် ခြောက်လမ်းထဲမှာဆိုတော့ မျက်မမြင် ကျောင်းနှင့် နီးသဖြင့် အဆင်ပြေနေသည်။

ယခု မောင်ခင်ဇော်မရောက်လာသည်မှာ သုံးပတ်ရှိပြီ။ မောင်ခင်ဇော် တို့အိမ်သို့ ကိုပြေညိမ်း တစ်ခေါက်လိုက်လည်ဖူးပေမယ့် ကျောင်းဝင်းအပြင် ဘက်သို့ တစ်ယောက်တည်းသွားလာနိုင်စွမ်း မရှိ။ လိုက်ပို့ဖို့ ကိုတန်ကေးကို အကူအညီတောင်းထားရလေသည်။

ကိုတန်ကေးမှာလည်း ယခင်က မျက်မမြင်ကျောင်းတွင် ကွန်းရိပ်ခို နေထိုင်ခဲ့ဖူးသော ကျောင်းသားကောင်းတစ်ဦးပင် ဖြစ်၏။

ကိုတန်ကေးက ကံကောင်းသူ၊ မျက်စိကွယ်ခဲ့ပြီးမှ မျက်မြင်ဘ သို့ ပြန်လည်ရောက်ရှိခဲ့သူ။

မင်းတပ်ဓာတိ ချင်းလူမျိုး ကိုတန်ကေးမှာ မွေးချင်းငါးဦးရှိရာ ငါးဦးလုံး မျက်စိကွယ်ခဲ့ကြသည်။ မောင်နှမတစ်တွေ မျက်စိကွယ်ကြပုံက လည်း အံ့သြစရာတူညီသည်။

မောင်နှမအားလုံး အသက် (၇) နှစ်အရွယ်မှာ မျက်စိရောဂါစဖြစ် လျက် တဖြည်းဖြည်းမှုန်ဝါးလာသည်။ ဆေးမြီးတိုကုထုံးများ၊ ချင်ရိုးရာ နတ်တင်ပသကုသမှုများပြုရင်းနှင့် ရောဂါက မသက်သာ။ မျက်မြွေးများ ရောင်၍ နီရဲလျက် နာကျင်ကိုက်ခဲခြင်းဝေဒနာများပါ ခံစားလာရပြီး ဆယ့် သုံးနှစ်အရွယ်မှာ အလင်းရောင်လောက်ပဲ မြင်ရတော့သည်။

ကိုတန်ကေးအဖေက နတ်ဗေဒင်ဆရာ။ သားသမီးတွေအားလုံး အရွယ်ရောက်စတွင် မျက်စိကွယ်ကြရသည်မှာ အဘွားလက်ထက်က ကျိန်စာမိခဲ့၍ဟု မိဘများက ယုံကြည်ကြသည်။

ဆယ့်ငါးနှစ်သားအရွယ်မှာ ကိုတန်ကေးတစ်ယောက်တည်း မျက် မမြင်ကျောင်းရောက်လာသည်။ ကျန်သည့်သားချင်းတွေက မိန်းကလေးတွေ ချည်းဖြစ်၍ ကျောင်းပို့လို့မရ။

ပခုက္ကူမြို့ ဗုဒ္ဓဘာသာမျက်မမြင်ကျောင်းစည်းကမ်းအရ မိန်းကလေး များကို လက်မခံ။ ယောကျ်ားလေးများကိုလည်း အသက်ရှစ်နှစ်မှ ဆယ့် ရှစ်နှစ်အရွယ်ရှိသူ၊ အမှန်တကယ် မျက်စိကွယ်၍ ကူးစက်ရောဂါမရှိပဲ ကျန်းမာသန်စွမ်းသူများကိုသာ လက်ခံသည်။

မျက်မမြင်ကျောင်းရောက်ပြီး မျက်စိအထူးကုဆရာဝန်ကြီး ဦးမျိုးခိုင် ၏ကုသမှုကို ခံယူတော့ ကိုတန်ကေး၏မျက်စိရောဂါမှာ မျက်ကြည်လွှာ အစားထိုးကုသမှုပြုလျှင် ပျောက်ကင်းနိုင်သည်ဟု ဆိုသည်။

မျက်ကြည်လွှာအစားထိုးကုသမှု ခံယူဖို့က စင်စစ်မလွယ်ကူ။ ဝေဒနာရှင်၏ မူလမျက်ကြည်လွှာကို ထုတ်ပစ်ပြီး ရောဂါကင်း၍ ကြည်

လင်သောမျက်ကြည်လွှာကို အစားထိုး ထည့်သွင်းပေးရမည်ဖြစ်သဖြင့် မျက်ကြည်လွှာလှူမည့်ပုဂ္ဂိုလ်သည် ကာလသားရောဂါ၊ အဆုတ်ရောဂါနှင့် အခြားကူးစက်တတ်သောရောဂါများ မရှိစေရ၊ မျက်စိရောဂါလည်း ကင်းရမည်။ ငယ်ရွယ်သူလည်း ဖြစ်ရမည်။ ပြီးတော့ မျက်စိကို အရှင်လတ်လတ် သက်ရှိလူက ကိုယ့်မျက်စိအဆုံးခံ၍ တမင်သက်သက်ထုတ်လှူသူဟူ၍လည်း မရှိစဖူး။ ကွယ်လွန်ပြီးနောက် မျက်စိရောဂါရှင်များအတွက် အသုံးပြုရန် ကြိုတင်ပြောဆိုလှူဒါန်းသူသာ ရှိသည်။ ထိုသို့ မျက်စိပေးလှူထားသူ အလှူရှင် အသက်ကုန်ဆုံးပြီး တစ်နာရီခန့်အတွင်း မျက်စိကို လတ်လတ်ဆတ်ဆတ်ထုတ်ယူ၍ အသုံးပြုရသည်။

အလှူရှင်သေဆုံးသည့်အချိန်၊ မျက်စိခွဲစိတ်ကုသမည့် သမားတော်၊ ခွဲစိတ်ကိရိယာနှင့် မျက်စိရောဂါရှင်တို့ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံစည်းမိကြဖို့ဆိုတာကလည်း အလွန်ရခဲသည့်အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။

ကိုတန်ကေး ကျောင်းမှာနေရင်း ထိုအခွင့်အရေးကို စောင့်စားခဲ့ရာ သုံးနှစ်ကျော်သည်အထိ မကြုံကြိုက်။ ၁၉၇၅ ခုနှစ်တွင်မှ မန္တလေးက မိဘများအလှူရှိ၍ ခဏပြန်သည့် မျက်မမြင်ကျောင်းသား ကိုစံမင်းနောက် လိုက်လည်ရင်း ရှားပါးသောအခွင့်အရေးနှင့် ဆုံစည်းခဲ့ရသည်။

မန္တလေးမြို့မှ မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးသို့ ကိုတန်ကေးသွားရောက်၍ မျက်စိကို ပြသပြီး မျက်ကြည်လွှာအစားထိုးကုသမှုခံယူလိုကြောင်း ပြောကြားထားခဲ့သည်။

ကံကောင်းချင်တော့ တစ်ပတ်ခန့်အကြာမှာ မတ္တရာမြို့နယ်မှ မလှအေးဆိုသူ အသက်သုံးဆယ်အရွယ် အမျိုးသမီးတစ်ဦး ဆေးရုံကြီးမှာ သုံးရက် အပြင်းဖျား၍ သေဆုံးသွားသည်။ အစားထိုးရမည့် မျက်ကြည်လွှာ

သည် လတ်ဆတ်ကြည်လင်နေရန် လိုအပ်သဖြင့် ရက်ရှည်ဖျားနာ၍ သေဆုံးသူထံမှ မျက်ကြည်ကို အသုံးပြု၍ မရ။

ကံကောင်းထောက်မစွာ လိုအပ်သောမျက်လုံးအမျိုးအစားရခိုက် ကိုတန်ကေး ဆေးရုံတက်၍ ကုသမှုခံယူလိုက်သည်။ မျက်လုံးသည် လူ့ခန္ဓာကိုယ်တစ်ခုလုံးတွင် အနူးညံ့ဆုံးအင်္ဂါအစိတ်အပိုင်းဖြစ်၍ တစ်ပြိုင်တည်း မျက်လုံးနှစ်ဖက်စလုံးကို ခွဲစိတ်ကုသခြင်းဒဏ် မခံနိုင်။

သေဆုံးသူ မလှအေးထံမှ မျက်လုံးနှစ်ဖက်လုံး ထုတ်ယူရရှိနိုင်သော်လည်း မျက်စိဒဏ်တစ်ပြိုင်တည်းမခံရအောင် ကိုတန်ကေး၏ဘယ်ဘက်မျက်လုံးကို အရင် မျက်ကြည်လွှာအစားထိုးကုသမှု ခံယူခဲ့သည်။ ညာမျက်စိမှာ ဘယ်ဘက်မျက်စိကောင်းမှ ခွဲစိတ်နိုင်သည်။

သေဆုံးသူထံမှ မျက်လုံးကို ရက်ကြာရှည်စွာ မပျက်စီးအောင် စီမံထားနိုင်ခြင်း မရှိသေးသဖြင့် မလှအေး၏မျက်လုံးတစ်ဖက်ကို အသုံးမပြုနိုင်တော့။

နောက်ထပ် မျက်လုံးတစ်ဖက်ရအောင် စောင့်ဆိုင်းရသည်။ သူငယ်ချင်း ကိုစံမင်းက ကျောင်းသို့ပြန်သွားရမည်မို့ ကိုတန်ကေးအတွက် နေထိုင်ရေးအခက်ကြုံလာစဉ် ကံကောင်းချင်တော့ ကိုတန်ကေး၏မျက်စိကို ခွဲစိတ်ကုသပေးသူ ဒေါက်တာချစ်မောင်က သူ့အိမ်တွင်ခေါ်ထားလိုက်ခြင်းဖြင့် အစစ အဆင်ပြေသွားသည်။

ဒေါက်တာချစ်မောင်အိမ်မှာ ကားဖုံသုတ်၊ တံမြက်စည်းလှည်းစသည့် တောက်တိုမယ်ရအလုပ်ကလေးများ တတ်စွမ်းသမျှ ကျေးဇူးတုံ့ပြန်ကူညီလုပ်ကိုင်ပေးရင်း ကိုးလခန့်ကြာတော့ လူရိုက်ခံရ၍ ဆေးရုံကြီးတွင် သေဆုံးသွားသူ ယောကျ်ားလေးတစ်ယောက်၏မျက်လုံးကို ရရှိခဲ့၏။

ညာမျက်လုံး မျက်ကြည်လွှာ အစားထိုးကုသမှု ခံယူပြီးနောက် လုံး၀ပျောက်ကင်းတော့မှ ကိုတန်ကေး ကျောင်းသို့ပြန်လာခဲ့သည်။

ကိုတန်ကေး၏ မျက်စိများမှာ အကောင်းပကတိမျက်လုံးများကဲ့သို့ စာဖတ်နိုင်လောက်အောင် အမြင်သန်စွမ်းခြင်း မရှိသော်လည်း အလင်းရောင်နှင့် အရောင်များခွဲခြားမြင်နိုင်စွမ်း၊ အရာဝတ္ထုများ၊ ပုံသဏ္ဌာန်သဲကွဲစွာ မြင်နိုင်စွမ်းရှိလာပြီမို့ တစ်ယောက်တည်း မြို့ထဲသို့ သွားလာနိုင်ပြီ။

ကိုတန်ကေး ကျောင်းပြန်ရောက်တော့ မျက်မမြင်ကျောင်း ရံပုံငွေရရှိရေးအတွက်ဖွင့်လှစ်ထားသော စားမြိန်စာ သက်သာစားသောက်ဆိုင်တွင် တစ်နေ့ ခြောက်ကျပ်နှုန်းနှင့် စားပွဲထိုးအလုပ်ရရှိသည်။ အမှောင်ဘဝမှ လွတ်မြောက်လျက် လူကောင်းတစ်ယောက်လို လှုပ်ရှားနိုင်စွမ်းရှိလာပေမယ့် ကျောင်းမှာပဲ ဆက်လက်နေထိုင်ခွင့်ပြုခဲ့သည်။

သည်ကျောင်း၏ အစဉ်အလာက ကျောင်းဝင်ခွင့်မှသာ အသက်အရွယ်ကန့်သတ်ချက်ရှိ၍ ကျောင်းသားဟောင်းတို့ကိုကား ပညာသင်ယူဆဲကာလအဖြစ် နှစ်အကန့်အသတ်မရှိ လက်ခံထားလေ့ရှိသည်။

ကျောင်းတွင် သင်ကြားပေးသော ပညာရပ်တွေကလည်း မျက်မမြင်စာတစ်ခုတည်း မဟုတ်၊ ဂီတအနုပညာ၊ ဗေဒင်ပညာ၊ ကြိမ်ထိုးလက်မှုပညာစသည်တို့ကို သင်ကြားပေးလျက်ရှိရာ မျက်မမြင်ကျောင်းသားတို့ကလည်း မျက်မမြင်စာတတ်မြောက်ပြီးလျှင် မိမိတို့ ဝါသနာထက်သန်ရာ ပညာတို့ကို တစ်ခုပြီး တစ်ခု ဆက်လက်သင်ယူကြသည်။

ဂဏန်းသင်္ချာအပါအဝင် စာရေးစာဖတ် မျက်မမြင်စာသင်ကြားမှုက မူလတန်းအဆင့်ထိရှိသည်။ ထုံးစံအတိုင်း ဖြည်းဖြည်းမှန်မှန်သင်ကြားပါက အနည်းဆုံး သုံးလေးနှစ်ခန့်ကြာမြင့်တတ်သည်။ ဉာဏ်ရည်နည်းပါးသူတို့မှာ လေးငါးခြောက်နှစ်တိုင်သည်အထိ ကောင်းစွာ မကျွမ်းကျင်သေး။

သည်လိုနှင့် ကျောင်းမှာ နှစ်ပေါင်းများစွာ ပညာသင်ယူနေသူတွေ များသည်။

စားပွဲထိုးလုပ်ပြီး နှစ်နှစ်ကျော်အကြာ ကိုတန်ကေး အိမ်ထောင်ကျတော့ ကျောင်းမှ ထွက်သွားတော့သည်။ သို့ပေမယ့် စားမြိန်စာ သက်သာစားသောက်ဆိုင်မှာ အလုပ်လုပ်မြဲ။ မိခင်ကျောင်းတော်ကြီးမှ ရောင်းရင်းအပေါင်းအဖော်များကို သံယောဇဉ်ကြီးမားစွာ တတ်နိုင်သမျှ အကူအညီပေးဆဲ။

မျက်မမြင်ကျောင်းသားတို့ အများ[illegible]ကောင်းခံသော အကူအညီကလည်း ပခုက္ကူမြို့ထဲ အသိမိတ်ဆွေများအိမ်၊ ဈေးစသည်တို့ သွားလိုရာတွင် လိုက်ပါပို့ဆောင်ပေးရန်ဖြစ်သည်။

ကိုပြေညီမ်းသည် ကိုတန်ကေးဘဝကို အားကျ၏။ အကောင်းပကတိမျက်လုံးလို အမြင်သန်စွမ်းခြင်းမရရှိနိုင်လျှင်သော်မှ ကိုတန်ကေးလိုတစ်ပါးသူအကူအညီမပါပဲ မိမိသွားလိုရာ သွားလာလှုပ်ရှားနိုင်စွမ်းရှိလျှင် ဘဝမှာ နေပျော်ပြီဟု တောင့်တစွာ တွေးမိသည်။

ဆုံးရှုံးခဲ့ပြီးသော အဖိုးတန်ဆုံးအရာတစ်ခုကို ပြန်လည်မရရှိနိုင်တော့မှန်းသိလျက်နှင့် တောင့်တပိုင်ဆိုင်လိုစိတ် ပေါ်ပေါက်နေသည်မှာ တမင်သက်သက် ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေသလိုပါပဲဟု စဉ်းစားမိရင်း ကိုပြေညီမ်း သက်ပြင်းတစ်ချက် ရှိုက်လိုက်မိ၏။

ခဏနေတော့ နံနက်စာထမင်းစားဖို့ သံချောင်းခေါက်သံ ကြားရပြီး မရှေးမနှောင်းပင် ဘုရားဝတ်တက်ဆောင်မှ ကြေးစည်သံတနောင်နောင် ပေါ်ထွက်လာသည်။

ထမင်းမစားခင် ဘုရားဆွမ်းတော်ကပ်ပြီး ဘုရားရှိခိုးရဦးမည်။ အဆောင်ထဲတွင် ကျောင်းသားတို့ သွားလာလှုပ်ရှားနေကြပြီ။

ကိုပြေညီမ်း အိပ်ရာမှ ထ၍ အဆောင်အလယ်လမ်းမှာ ဖြည်းဖြည်း

လျှောက်လာခဲ့သည်။ သွားလာနေကျလမ်းဆိုပေမယ့် မြန်မြန်လျှောက်၍ မရ။ ဘုရားဆောင်ဆီ ဦးတည်သွားနေကြမည်ဖြစ်သော ကျောင်းသားများနှင့် တိုးတိုက်မိလျှင် ထိခိုက်မှုညင်သာစေရန် ဤသို့ပင် အသာအယာ စမ်း၍ လျှောက်လှမ်းကြရလေသည်။

"လာကြနော် ဘုရားတကာတို့ ကျောင်းတကာတို့"

ဘုရားဝတ်တက်ဆောင် အခန်းဝနားရောက်တော့ ဆရာကြည်၏ ဆော်ဩသံ ကြားရသည်။

မနက်ငါးနာရီခွဲ တစ်ကြိမ်၊ မနက်စာမစားမီ တစ်ကြိမ်၊ ညခုနစ်နာရီ တစ်ကြိမ် တစ်နေ့သုံးကြိမ် ဘုရားဝတ်ပြုချိန်တွေမှာ ကျောင်းသားအစုံအလင် ဘုရားစင်ရှေ့ရောက်ရှိချိန်အထိ အရင်ဦးစွာရောက်ရှိနေသူတွေက ခဏစောင့်နေကြရသည်။ လှုပ်ရှားမှုအသံများ နားစွင့်ထောင်၍ လူမစုံသေးဘူးထင်လျှင် ဆရာကြည်က နှိုးဆော်ခေါ်ငင်လေ့ရှိသည်။

ကိုပြေညိမ်း ဘုရားစင်ရှေ့တွင် ဝင်ထိုင်လိုက်ချိန်မှာ ရှေ့က တစ်စုံတစ်ယောက်၏ကျောကုန်းနှင့် ထိတွေ့မိသဖြင့် နောက်သို့ အတန်ငယ်ဆုတ်ထိုင်လိုက်သည်။

ခဏနေတော့ ကျောင်းသားများ၏ ဗုဒ္ဓပူဇေမိ အစချီဘုရားရှိခိုးသံသည် အဆောင်တွင်းမှ ဖြတ်သန်း၍ မျက်မမြင်ကျောင်းဝင်းတစ်ခုလုံး ပျံ့နှံ့သွားလေသည်။

* * *

သီရိဆွေစာအုပ်တိုက်

"ဒီလို ထမင်းဟင်းမျိုး တစ်ပတ်လောက်ဆက်စားရရင် အူအနာဖြစ်ပြီး မြန်မြန်ကိစ္စချောမှာပဲ"

"အဲဒီလို သေသွားရင်လဲ အကောင်းသား၊ အခုတော့ သေလဲ မသေနိုင် သက်သက်ဝဋ်ခံနေရတာ"

ဦးအောင်ကြည်သည် အောင်စိုးထွန်းတို့စကားဝိုင်းနားက ခုတင်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ဟင်းညံ့တာက ထားပါတော့၊ စပါးလုံးနိုင်းချင်းနဲ့ ထမင်းကျွေးတာကတော့ လွန်လွန်းတယ်ဗျာ၊ မျက်မမြင်တွေက ဒီစပါးလုံးတွေကို ဘယ်လိုလုပ် ရွေးထုတ်နိုင်မလဲ၊ နည်းနည်းတော့ ကိုယ်ချင်းစာတရားလေးနဲ့ မျက်မမြင်တွေဟာလဲ လူတွေပါလားလို့ စာနာသင့်တယ်"

အောင်စိုးထွန်း၏ဒေါသလှိုင်းခတ်အသံက ခပ်ကျယ်ကျယ်လေး ပေါ်ထွက်လာသည်။

အောင်စိုးထွန်းဆိုသည့် ကောင်လေးကလည်း ဒုတိယ မောင်ပြေညိမ်းဟုခေါ်ရလောက်အောင် အရာရာကို ဒေါသနှင့် ထိတွေ့တုံ့ပြန်တတ်သူ။

မကျေချမ်းဖွယ်ကိစ္စများ ကြုံတွေ့ရ၍ ဝိုင်းဝန်းပြောဆို ဆွေးနွေးကြပြီဆိုလျှင် မောင်ပြေညိမ်းနှင့် အောင်စိုးထွန်းတို့အသံက ထိပ်ဆုံးက။ မလိုလားအပ်သော ပဋိပက္ခများ မဖြစ်ရလေအောင် ဦးအောင်ကြည်က လူကြီးပီပီ ဆုံးမကွပ်ကဲရစမြဲ။

"တကယ်တော့ ကျွန်တော်တို့အားလုံး ထမင်းလုံးဝမစားပဲ ဆန္ဒပြခဲ့ကြဖို့ ကောင်းတာဗျ သိလား"

"အောင်စိုးထွန်း စကားကို ဆင်ခြင်ပြောစမ်း၊ စကားနောက်တရားပါ အလကားနေရင်း ပြဿနာတက်နေဦးမယ်"

ဦးအောင်ကြည်က ဝင်ဟန့်လိုက်ရသည်။

အနီးအနားမှာ ဘယ်သူတွေရောက်နေမှန်း မသိ၊ ထင်ရာ စွတ်ရွတ်ပြောဆိုခြင်းဖြင့် ရန်စပွားနိုင်သည်ကို တွေးပူသည်။

"မဟုတ်ဘူး ဆရာကြီးရ၊ ဒီနေ့ညစာထမင်းမျိုးကို ဆရာကြီးစားနိုင်သလား၊ အဲဒါမျိုးကို လူကျွေးတဲ့ထမင်းလို့ လက်ခံနိုင်သလား"

"အေးလေ အဲဒါကို ပြေပြေလည်လည် ပြောဆိုဆွေးနွေးရမှာပေါ့၊ ကွယ်ရာမှာ မကျေမချမ်းနဲ့ပြောတော့ တစ်ဖက်က ကြားသွားရင် ဘယ်ကောင်းမလဲကွာ၊ ဂေဟာမှူးကို ငါ ပြောပြပါဦးမယ်"

သည်နေ့ညနေစာထမင်းကို ဦးအောင်ကြည်ကိုယ်တိုင်လည်း လုံးဝမစားနိုင်ခဲ့ပါ။ ခရမ်းသီးချက်နှင့် ငရုတ်သီးခြောက် အတောင့်လိုက်ကြော်ဆိုတာက ခါတိုင်းစားနေကျဟင်း။ ဆိုးရွားတာက ထမင်း။ ငစိန်ဆန်ထမင်း၏အရောင်အဆင်းကို မမြင်သာပေမယ့် ထမင်းလုပ် တစ်လုပ်စားမိတိုင်း စပါးလုံးတွေ အလျှံပယ်ဝါးမိနေသဖြင့် ဦးအောင်ကြည် ထမင်းစားပွဲမှ အစောဆုံး ထလာခဲ့ရသည်။

သီရိဆွေစာအုပ်တိုက်

ကိုယ်တိုင်က ထမင်းမဝ၊ စိတ်မကြည်မသာ ခံစားနေရပေမယ့် လူငယ်တွေကို ဆရာတစ်ဦးပီပီ ထိန်းချုပ်ကွပ်ကဲရပေမည်။

"ဆရာကြည့်ဂေဟာမှူးက ဘယ်တော့လာလို့ ဘယ်တော့ ပြောမှာလဲ၊ ပြောလည်း ပြောပြောနေမှာပါပဲ၊ ရံပုံငွေမရှိလို့ ဆန်အရွေးမငှားနိုင်ဘူးလို့ ဆိုဦးမှာ၊ ရံပုံငွေကလဲ ဘယ်တော့မှ လုံလောက်တယ်ရယ်လို့ မရှိတော့ဘူး၊ စိတ်ကုန်တယ်ဗျာ ကျွန်တော်တော့"

"ကဲ... အောင်စိုးထွန်း၊ မင်းမလဲ ပြောလေ ကဲလေပဲ ကိုး၊ မပြေလည်မှုဆိုတာ ကိုယ့်မိသားစုလေးမှာတောင် ရှိတတ်တာ၊ ဒါက ဂေဟာကွ၊ မင်းစိတ်တိုင်းကျ အားလုံး ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး၊ ဒီတော့ သိပ်စကားမပြောနဲ့ကွ အေးအေးနေ"

ဦးအောင်ကြည်က အသံခပ်မာမာနှင့် ပိတ်ပြော်လိုက်တော့မှ အောင်စိုးထွန်း အသံတိတ်သွားသည်။

မောင်ပြေညိမ်းသာရှိလျှင် သည်လောက်ပြောရုံနှင့် ငြိမ်လိမ့်မည် မဟုတ်။ သူပြောချင်တာကို နည်းမျိုးစုံနှင့် စောဒကတက်၍ အနိုင်ရအောင် ပြောတတ်စမြဲ။ သည်နေ့တော့ သည်ကောင့်အသံ မကြားရ။

"ဒါနဲ့ မောင်ပြေညိမ်းတစ်ယောက် ဘယ်သွားလဲ၊ အသံမကြားပါလား"

"ကိုပြေညိမ်း စောစောကတည်းက ပါသွားပါရောလား"

ဦးအောင်ကြည်အမေးကို မောင်မောင်က ဝင်ဖြေသည်။

"ဘယ်ကို ပါသွားတာလဲ"

"သူ့မမမြနောက်ကို၊ ဦးကြည်တောင်ဘက် သွားရအောင်လို့ ပြောသွားသံ ကြားလိုက်ရတယ်၊ ဆရာကြည့်လူတော့ အပျက်ပျက်နဲ့ မိန်းမရတော့မယ်ထင်တယ်ဗျ သိလား"

"အင်း ဟုတ်မှလဲ လုပ်ကြကွာ၊ မင်းတို့က"

"ဟုတ်မှ လုပ်မှာပါဗျာ၊ မဟုတ်ပဲ မလုပ်ပါဘူး"

တစ်ဖက်ခုတင်မှ မောင်ဝင်းရွှေအသံ ထွက်လာသည်။ သည်ကောင်လေးကလည်း လူအနေအေးသလိုနှင့် အပြောင်အပြက် အလွန်ပြောတ⋯သည်။

မောင်ပြေညိမ်းနှင့် မမြမေဆိုသူတို့ သမီးရည်းစားဖြစ်နေကြပြီဆိုသည့်သတင်းက အတည်လိုလို၊ အပျော်အပျက်လိုလိုနှင့် ဘာမှန်း မသိ။ အသေအချာသိရအောင် ဦးအောင်ကြည်ကိုယ်တိုင် မောင်ပြေညိမ်းကို မေးကြည့်ဦးမည်ဟု စိတ်ကူးခဲ့တာ ယခုထိ မမေးဖြစ်သေး။

ဦးအောင်ကြည်ကတော့ လောကဒုက္ခကို ကြောက်ရွံ့တတ်သူပီပီ အိမ်ထောင်သားမွေးအလုပ်ကို အားမပေးချင်။ အထူးသဖြင့် ကိုယ့်ကိုယ်ကိုယ်ပင် တာဝန်မယူနိုင်သေးသော၊ ပညာမစုံသေးသည့် မျက်မမြင်ကျောင်းသားတစ်ယောက်က ကျောင်းမှထွက်၍ အိမ်ထောင်ထူတော့မည်ဆိုလျှင် ဦးအောင်ကြည် ဘယ်တော့မှ ထောက်ခံလေ့မရှိ။ တတ်နိုင်သမျှ ရင်ဆိုင်ကြုံတွေ့ရမည့်ဒုက္ခတွေကို ညွှန်ပြပြောဆိုလျက် ပိတ်ပင်တားမြစ်စမြဲ။ သို့ပေမယ့် ကျောင်းထွက်၍ အိမ်ထောင်သည်ဘဝကို ရဲရဲကြီး ရင်ဆိုင်သွားသူတွေ အပုံပါပဲ။

အိမ်ထောင်ကျသွားပြီးနောက် သားသမီးများထွန်းကားလျက် အဆင်ပြေနေသူတွေရှိသလို ပင်ပန်းကြီးစွာ မနိုင်ဝန်ထမ်းရင်း ကျောင်းသို့လာ၍ တညည်းညည်း တညူညူ နောင်တစကားဆိုတတ်သူတွေကလည်း များလှသည်။ နောက်ဆုံးတော့ သဗ္ဗေသတ္တာ ကမ္မသကာပေပဲဟု သဘောထားရတော့၏။

"အခုနေတုန်း ဒန်ပေါက်ထမင်းလေးများ စားလိုက်ရရင် ဇိမ်ပဲ"

တစ်ခုတင်ကျော်မှ ဦးထန်းလော၏တမ်းတမ်းတတ ပြောဆိုသံ။

"နေပါဦး ဗိုလ်လောရ၊ ဟိုးပဝေသဏီက စားခဲ့ဖူးတဲ့ ဒန်ပေါက် ထမင်းအရသာကို အခု မှတ်မိသေးလို့လား"

"ဟား... မှတ်မိတာပေါ့ မောင်မောင်ရာ၊ အဲဒီတုန်းက စားခဲ့ရတဲ့ ကြက်သားဒန်ပေါက်အရသာရော၊ ဖာလူဒါအရသာရော၊ ပြီးတော့ ကိတ်မုန့်၊ ဘိလပ်ရည်၊ အိုက်စကရင် အို... အစုံပဲ၊ အဲဒီတုန်းကတော့ တကယ့်ကို နတ်ပြည်ရောက်ပြီး နတ်အစားအစာတွေ စားနေရသလား အောက်မေ့ရ တယ်၊ မင်းတို့ကို ငါ တစ်ခါလောက် အစားကောင်း အသောက်ကောင်းတွေ ကျွေးချင်တယ်ကွာ"

ဦးထန်းလောက မစားရ ဝခမန်း ဝမ်းဟာနေသူတွေကို သွားရည် တမြားမြားကျချင်လာအောင် အားပါးတရပြောသည်။

တစ်စုံတစ်ယောက်ကများ ဘယ်တုန်းက ဘယ်လိုစားခဲ့ရတာလဲဟု စိတ်ဝင်တစားမေးမြန်းလိုက်လျှင် လွန်ခဲ့သည့်အနှစ်နှစ်ဆယ်ခန့်က မန္တလေး သို့သွား၍ မန်းသီတာဥယျာဉ်မှာ ပြပွဲပြုလုပ် အလှူခံခဲ့တာတွေ၊ စားခဲ့ သောက်ခဲ့တာတွေကို မမောနိုင် မပန်းနိုင် ပြောပြပေဦးမည်။

ထိုစဉ်က ဗုဒ္ဓဘာသာ မျက်မမြင်ကျောင်းကို စတင်တည်ထောင်ခဲ့ သော ဆရာတော်ဦးပညာဝံသလက်ထက်။ မျက်မမြင်စာ၊ ကြိမ်ထိုးလုပ် ငန်းနှင့် အတီးအမှုတ် ဂီတပညာများတတ်မြောက်ပြီးသော မျက်မမြင် ကျောင်းသား သုံးဆယ်ကျော်ခန့်ကို ဆရာတော်ကိုယ်တိုင် ဦးစီးခေါ်ဆောင် သွား၍ မန္တလေးမန်းသီတာဥယျာဉ်မှာ ပြပွဲကျင်းပ ရံပုံငွေရှာဖွေခဲ့ကြသည်။

ပခုက္ကူမှ သင်္ဘောနှင့် တပျော်တပါးသွားခဲ့ကြပြီး ပြပွဲမှာ မျက် မမြင်ကျောင်းသား တေးဂီတအဖွဲ့က ဆိုင်းဝိုင်းနှင့် တီးမှုတ်သီဆိုဖျော်ဖြေ ကြ၍ မျက်မမြင်စာရေးနည်း၊ ဖတ်နည်း၊ ကြိမ်ထိုးလက်မှုပညာ စသည်တို့ကို

ပြသသည်။ အားပေးကြည့်ရှုသူ ပရိသတ်များစည်ကားလျက် ရုံဝင်ခများသာမက စေတနာရှင်များလှူဒါန်းသည့်ငွေများပါ ပေါင်းတော့ ငါးထောင်ကျော်ရရှိခဲ့သည်။

အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းသူတွေလည်း ရှိသည်။ အစားအသောက်ဆိုတာလည်း အလျှံပယ်။

အလှူရှင်များက အလှည့်ကျနှင့် မနက်စာ ညစာလာကျွေးကြတော့ ဟင်းကောင်းဟင်းလျာအမျိုးမျိုးကို ဝအီနေအောင် စားခဲ့ကြရသည်။ ထွန်းလှဟော်တယ်ပိုင်ရှင် ဦးထွန်းလှ ဒါနပြုသော ကြက်သားဒန်ပေါက်စားခဲ့ရတာ၊ ရေခဲနှင့် ဘိလပ်ရည်သောက်ခဲ့ရတာတွေကို ဦးအောင်ကြည်လည်း မမေ့သေးပါ။

မိုးကုတ်မြို့သို့သွားရောက်၍၊ ရပ်ကွက်အသီးသီးမှာ နှစ်ညစီ ပြပွဲပြုလုပ် ရံပုံငွေရှာကြစဉ်ကလည်း ပျော်စရာကောင်းလှသည်။ စုစုပေါင်းငွေသုံးသောင်းခန့် ရရှိခဲ့သဖြင့် အလှူခံခဲ့သမျှမှာ ရံပုံငွေအရအများဆုံး စံချိန်တင်ခဲ့သောခရီးပင် ဖြစ်သည်။

ဆရာတော်၏ဦးဆောင်မှုနှင့် မျက်မမြင်ကျောင်းသားများလုပ်အားကို အရင်းအနှီးပြု၍ ရှာဖွေရရှိခဲ့သော ရံပုံငွေများဖြင့် ပြန်လည်အလှူဒါနပြုခဲ့ကြရသည်ကလည်း ကြည်နူးစရာ။

ပခုက္ကူမြို့တွင် မျက်စိကုဆေးရုံ ဆောက်လုပ်လှူဒါန်းရန် ဆရာတော်ဦးပညာဝံသက အကြံပြု၍ မျက်မမြင်ကျောင်းသားအားလုံးကလည်း စေတနာသဒ္ဓါတရားထက်သန်စွာ သဘောတူညီခဲ့ကြသည်။

ပြည်သူ့ဆေးရုံဝင်းကြီးအတွင်း မျက်စိအထူးကုဆေးရုံ အဆောက်အအုံကို ဆရာတော်က မတည်ဆောက်လုပ်ခဲ့သည်။

အများပြည်သူတို့ မျက်စိရောဂါပျောက်ကင်းနိုင်ကြပါစေဟူသော

စေတနာနှင့် လှူဒါန်းခဲ့ကြသည့် ကုသိုလ်ကောင်းမှုမှာ ပြန်တွေးမိတိုင်း ပီတိဖြစ်စရာပင်။

ဟိုစဉ်အခါကတော့ ရံပုံငွေရရှိရေးအတွက် လုပ်ငန်းဆောင်တာများ စဉ်ဆက်မပြတ်အောင် ဆရာတော်က ဦးဆောင်ကြိုးပမ်းခဲ့၍ ကျောင်းသား အများအပြားမှာလည်း ဝင်ငွေကလေးများ ကိုယ်စီရှိကြသည်။

ကျောင်းဆောင်က ထမင်းဟင်းညှံ့သည့်အခါများမှာ ကိုယ်ပိုင်ငွေ လေးနှင့် ကြိုက်နှစ်သက်ရာလေးများ ဝယ်ခြမ်းစားသောက်နိုင်သဖြင့် ငါ့ ဝမ်းပူဆာ မနေသာသည့်အဖြစ်မျိုး မကြုံရ။

မျက်မမြင်ကျောင်းမှ ကျောင်းသားများကို အခမဲ့ပညာသင်ပေး လျက် စရိတ်ငြိမ်းကျွေးမွေးထားသည်ဆိုပေမယ့် လိုအပ်တာလေးများ ဝယ်ခြမ်းသုံးစွဲနိုင်ရန် ကိုယ်ပိုင်ငွေရှိဖို့ လိုသည်။

လူမှုဖူလုံရေးဌာနမှ ကျောင်းအတွက် ဆန်နှင့် ကျောင်းသားတစ်ဦး လျှင် စားစရိတ် တစ်လ ဆယ့်ငါးကျပ်နှုန်း၊ အဝတ်စရိတ် တစ်နှစ် နှစ် ဆယ့်ငါးကျပ်နှုန်း အထောက်အပံ့ပေးသည်။ စားဝတ်နေရေးအတွက် လို အပ်သည့်ငွေကို ရံပုံငွေလုပ်ငန်းများမှ ရှာကြံဖြည့်တင်းကြရသည်။

မြို့နယ်များသို့ အဖွဲ့လိုက်ထွက်၍ အလှူခံသည့် ရံပုံငွေရှာဖွေရေး လုပ်ငန်းကိုတော့ အမြဲတမ်းမလုပ်နိုင်။ အဓိကအားထားရတာက ကြိမ်ထိုး လုပ်ငန်း။ ကြိမ်ခြင်းတောင်းများ ယက်လုပ်ခြင်းနှင့် မြေသယ်ခြင်းထိုးသည့် လုပ်ငန်းမှ အများဆုံး အမြတ်ငွေရရှိခဲ့သည်။

ပခုက္ကူဆောက်လုပ်ရေးကော်ပိုရေးရှင်းသို့ လုပ်ငန်းအတွက် လိုအပ် သမျှ မြေသယ်ခြင်းများကို မျက်မမြင်ကျောင်းမှ အစဉ်ကန်ထရိုက်ယူ၍ လုပ်ပေးခဲ့ရသလို၊ ပျဉ်းမနား ငလိုက်ချောင်းဆည်၊ ရေဆင်းတက္ကသိုလ်၊

မြစ်သားကင်းတားဆည်စသည်တို့လည်း ဆက်သွယ်၍ မြေသယ်ခြင်းများ ပေးပို့ရောင်းချခဲ့သည်။

မြေသယ်ခြင်းတစ်လုံးလျှင် ထိုးခ ပြားငါးဆယ်ရ၍ တကယ်တမ်း လုပ်လျှင် တစ်ယောက်တည်း တစ်နေ့ အလုံးနှစ်ဆယ် အစိတ်ပြီးနိုင်သဖြင့် ဝင်ငွေဖြောင့်သည်။ ကျောင်းအတွက်လည်း ရံပုံငွေ ရသေးသည်။

ယခုတော့ ကြိမ်ထိုးလုပ်ငန်းမှာ ပုံမှန်လည်ပတ်ခြင်း မရှိတော့။ ကြိမ်ထိုးဆရာ ဦးထန်းလောလည်း အလုပ်လက်မဲ့ဖြစ်နေသည့်အချိန်က များသည်။ တစ်ခါတရံ ပရိဘောဂလုပ်ငန်းရှင်များထံမှ ကြိမ်ဆက်တီ ကုလားထိုင်စသည့် အပ်ထည်များကျလာလျှင်တော့ ဦးထန်လောက ကြိမ် လုပ်ငန်းတတ်သူတွေကို ဝိုင်းဝန်းလုပ်စေသဖြင့် မုန့်ဖိုးပဲဖိုးကလေးများ ရ တတ်သည်။ တစ်ဦးချင်းထံမှ ကြိမ်ဆွဲခြင်း၊ ကြိမ်ထိုင်ခုံအဝိုင်း၊ ကြိမ်ပက် လက်ကုလားထိုင်စသည့် အပ်ထည်များ တစ်လုံးစ နှစ်လုံးစရလျှင်တော့ ဝိုင်းဝန်းလုပ်စရာ မလို။ တစ်ယောက်တည်းလုပ်အားနှင့် လုံလောက်သည်။

"ဒါနဲ့ ဗိုလ်လော၊ ကြိမ်ဆက်တီကုလားထိုင်လေး ဘာလေးများ အပ်ထည်မလာဘူးလား၊ ဝက်ခန်းနေပြီဗျာ၊ နည်းနည်းပါးပါး အလုပ်ရအောင် အဆက်အသွယ်လေး ဘာလေး ရှာပါဦး"

"အေး ငါလဲ အဲဒါမျှော်နေတာပဲ၊ ငါ့မှာလဲ ပိုက်ဆံမရှိတော့ဘူး"

"အောင်မယ် ဗိုလ်လောက ပိုက်ဆံချေးရမှာ ကြောက်လို့ ပိတ်ပြော နေတာ၊ ဟိုတစ်နေ့က ကြိမ်ထိုင်ခုံလေးတွေထိုးလို့ရတဲ့ ငွေတွေ ဘယ် ရောက်သွားလဲ"

"အဲဒါ ကုန်ပါရောလား၊ ပုဆိုးဝယ်တုန်းက အကြွေးကျန်တဲ့ငွေ နှစ်ဆယ် ဆပ်လိုက်ရတယ်ကော"

"တစ်ပြားမှ မကျန်တော့ဘူးလား"

"နှစ်ကျပ်ပဲ ရှိတော့တယ်"

"အဲဒါဆိုရင် ကွမ်းယာဝယ်ကျွေးဗျာ"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြတာတွေကို ငြိမ်သက်စွာ ထိုင်၍ နားထောင်နေရာမှ ဦးအောင်ကြည် သက်ပြင်းတစ်ချက်နှင့် စိတ်ပျက်လက်ပျက်ထလိုက်သည်။

ကိုယ်တိုင်က မပြည့်စုံချို့တဲ့နေချိန်မှာ တစ်ပါးသူတို့၏ လိုအပ်တောင့်တသံတို့ကို မကြားလိုတော့ပြီ။

အဆောင်ပြင်ထွက်၍ စကြံလမ်းအတိုင်း စမ်း၍လျှောက်လာပြီး ရေအိုးစင်မှ ရေတစ်ခွက်ခပ်၍ သောက်လိုက်သည်။ ပြီးတော့ ပတ္တလားရှိရာ တစ်ဖက်ခန်းသို့ ကူးလာခဲ့သည်။

ပတ္တလားတီးခြင်းနှင့် ပရိတ်ကြီးဆယ့်တစ်သုတ်ကို အလွတ်ရပါလျက်နှင့် စာအုပ်ကို စမ်း၍ အသံကျယ်ကျယ် ပရိတ်ရွတ်ဆိုခြင်းအလုပ်တို့သည် ဦးအောင်ကြည်၏ လေးလံဖိစီးသော စိတ်အစဉ်တို့ကို လွတ်လပ်ခွင့်ပေးသောထွက်ပေါက်များပေတည်း။

ခဏကြာလျှင်တော့ ဦးအောင်ကြည်၏ ပတ္တလားလက်သံ တေးဘုမ္မာတေးသွားသည် အဆောင်တစ်ခုလုံးပျံ့နှံ့၍ နေလေသည်။

* * *

ပူအိုက်သော ညဦးပိုင်းကို ကုန်ဆုံးလွန်မြောက်သွားစေရန် ကိုယ့်အစုနှင့်ကိုယ် ဝိုင်းဖွဲ့စကားပြောရင်း အချိန်ဖြုန်းနေကြသည်။ အဆောင်တွင်းမှ စကားသံများသည် အပြင်ထိအောင် လျှံထွက်လာနေ၏။

ကိုပြေညိမ်းနှင့် မောင်မောင်ကတော့ နှစ်ယောက်သား အဆောင်ရှေ့ဆင်ဝင်အောက်မှ ခုံတန်းလျားသို့ ထွက်ထိုင်လျက် ကိုယ်ရေးကိုယ်တာကိစ္စများ ပြောဆိုနေမိကြသည်။

မောင်မောင်က မပြေမလည်နှင့် အဆုံးသတ်ရတော့မလိုဖြစ်နေသည့် သူ့ဇာတ်လမ်းကို ပြောပြတော့ ကိုပြေညိမ်း မအံ့သြမိ။

မောင်မောင့်ရည်းစား ဌေးဌေးဝင်းက အခုနောက်ပိုင်းမှာ ခပ်ရှောင်ရှောင်နေတတ်လာတာ၊ ခါတိုင်းတွေ့နေကျ ရွှေချောင်းတံတားဘက်မှာ လာရောက်ဖို့ ချိန်းဆိုသည့်အခါများမှာ ပျက်ကွက်နေတတ်တာတွေကို ထောက်၍ ဌေးဌေးဝင်း စိတ်ပြောင်းနေပြီထင်တယ်ဟု ဆို၏။ ကိုပြေညိမ်းကတော့ အစကတည်းက တစ်နေ့ ဒီလိုပဲဖြစ်လာနိုင်သည်ဟု မျှော်လင့်ပြီးသား။

"တကယ်တော့ မိန်းမတွေကို အထင်ကြီးမထားတာ အကောင်းဆုံးပဲ မောင်မောင်၊ သာမန်အခြေအနေမှာတောင်မှ မိန်းမဆိုတာ သစ္စာ

ဖောက်ဖို့ ဝန်လေးတတ်တာမဟုတ်ဘူး၊ အခုဟာက ငါတို့မှာ ဘဝအာမခံချက်ဆိုတာကလဲ ဘာမှ မရှိတော့ တော်ရုံမေတ္တာနဲ့ တကယ်ယူရဲလောက်အောင် သတ္တိရှိဖို့ မလွယ်ဘူးလေ၊ ဒီတော့ နောက်ဆုံးကျရင် လွမ်းခန်းလေးနဲ့ ဇာတ်သိမ်းရလိမ့်မယ်လို့ ကြိုတင်မျှော်လင့်ထားရင် ပိုကောင်းမယ်"

"အဲဒီလိုမျှော်လင့်ထားရမယ်ဆိုရင် အစကတည်းက ရည်းစားမထားတာ အကောင်းဆုံးပဲ ထင်တယ်"

"ဒီလိုလဲ ဘယ်ဟုတ်မလဲလေ၊ ဒီအတိုင်းနေရတာ ပျင်းစရာကြီး၊ အခြေအနေပေးရင်တော့ ထားရမှာပေါ့၊ ဒါမှ ဘဝက စိုစိုပြည်ပြည် ဖြစ်မှာပေါ့"

ကိုပြေညိမ်းက ရယ်သံဟဟာနှင့် ခပ်ပေါ့ပေါ့ပြောလိုက်သည်။

"မင်းကတော့ လုပ်တော့မယ်၊ ရည်းစားထားတယ်ဆိုတာ အပျော်တမ်းကစားစရာအလုပ်မှ မဟုတ်ပဲ၊ ဒါနဲ့ နေပါဦး၊ မင်းကိစ္စကကော ဘယ်လိုလဲ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်နေဦးမယ်နော်"

"စိတ်ချပါကွာ ဘယ်တော့မှ အဓိကဦးတည်ချက်မပျောက်ဆုံးစေရဘူး"

"အများကတော့ မင်းတို့ကို ပြေလည်နေတဲ့အတွဲတစ်တွဲလို့ ထင်မြင်နေကြပြီ"

"ပြေလည်တာတော့ မပြောနဲ့၊ အခုအခြေအနေက မိန်းမက ခိုးပြေးဖို့ ကြံရွယ်တဲ့အထိ ဖြစ်နေပြီ"ဟု ကိုပြေညိမ်းက ခပ်ပြုံးပြုံးပြောမိသည်။

တစ်နေ့က 'ဦးကြည်တောင်' ပေါ်သို့ ဘုရားသွားဖူးပြီး အပြန်ယာခင်းတစ်ခု၏ နံဘေးမှာ မမြမေနှင့် ကိုပြေညိမ်း နှစ်ယောက်အတူ ယှဉ်တွဲ၍ထိုင်ရင်း ပြောဆိုခဲ့ကြသည့်စကားတွေကို ပြန်ပြောင်းသတိရမိသည်။

မမြမေ၏ မေတ္တာကို ရယူဖို့ အခက်အခဲမရှိခဲ့သလို တကယ်တမ်း ကိုပြေညီမ်းကသာ အလိုရှိလျှင် တရားဝင်ပေါင်းသင်းဖို့အရေးကလည်း အလွယ်တကူပြီးစီးနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပေပြီ။

ချစ်မက်မြတ်နိုးမှုအလျှင်းမပါ တုံ့ပြန်လက်စားချေလိုသော ရည်ရွယ်ချက်သက်သက်နှင့် ဖန်တီးခဲ့တာဆိုပေမယ့် ဆည်းဆာကွယ်ပျောက်အမှောင်ရောက်ချိန်၊ လူသူကင်းရှင်းသည့် ယာခင်းအစပ်မှာ မိန်းမသားတစ်ဦးနှင့် ယောကျ်ားသားတစ်ဦး လွတ်လပ်စွာတွေ့ထိ ထွေးပိုက်ရင်းနှီးခွင့်ရချိန်မှာတော့ ကိုပြေညီမ်း စိတ်လှုပ်ရှားထွေပြားလျက် မိန်းမူးသာယာခဲ့မိတာ အမှန်ပင်။ အဆုံးစွန်ဆက်ဆံရေးအထိ မရောက်အောင် ထိန်းသိမ်းနိုင်ခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းရမလို ဖြစ်နေသည်။

ကိုပြေညီမ်းသည် အာသဝေါကုန်ခမ်းနေသည့် ရဟန္တာမဟုတ်။ ရှေ့လျှောက် သည်လိုသာလွတ်လပ်စွာ သွားလာတွေ့ဆုံနေရလျှင် တစ်နေ့နေ့ အလွန်အကျွံမဖြစ်ဘူးဟု မဆိုနိုင်။ ဇာတ်လမ်းကို အမြန်ဆုံး တစ်ခန်းရပ်မှ တော်ပေရော့မည်ဟု ကိုပြေညီမ်း စဉ်းစားမိသည်။

"ဘယ်လိုလဲဟ ငါမေးနေတာ ဖြေစမ်းပါဦး"

မောင်မောင်၏ စိတ်မရှည်ဟန်မေးသံ ကြားရတော့မှ ကိုပြေညီမ်း အတွေးစိတ်ကူးကို ဖျတ်ခနဲ ရပ်သိမ်းလိုက်ရသည်။

"ဟင်... ဘာမေးတာလဲ"

"ဩော် ဘယ်လိုများ မိန်းမက ခိုးပြေးဖို့ကြံနေတာလဲလို့ မေးနေတာ"

"ဒီလိုကွာ လက်ထပ်ဖို့ကိစ္စကို သူက စဆွေးနွေးတော့ ငါက တစ်နှစ်လောက်တော့ အချိန်စောင့်ရဦးမယ်၊ ဗေဒင်ကျမ်းတွေ လေ့လာနေတာ မပြီးသေးဘူးလို့ပြောတော့ လက်ထပ်ပြီးမှ လေ့လာရင်လဲ ရတာ

ပဲတဲ့၊ သီတင်းကျွတ်ရင် လက်ထပ်ကြဖို့ တောင်းဆိုနေတယ်လေ၊ ပိုက်ဆံစုပြီး ဆောင်းပြီးမရှိသေးဘူး၊ မန္တလေးဘက် တစ်ခေါက်လောက် ဗေဒင်ဟောထွက်လိုက်ဦးမယ် ပြောတော့လဲ သူနဲ့ယူပြီးမှ သွားရမတဲ့၊ မိန်းမက အတော့်ကိုကျနေတာကွ၊ ငါ အခုယူချင်ရင် အခုရတယ်"

နှစ်ယောက်သား အတန်ကြာစကားပြောဆိုနေမိကြပြီးမှ အဆောင်ထဲသို့ ဝင်လာခဲ့ကြသည်။

ကိုပြေညီမ်း၏ခုတင်ရှိရာဘက်သို့ ချိုးကွေ့၍ လျှောက်လာစဉ် အဆောင်ခန်းထိပ်ဦးပိုင်း ဆရာဖေတို့အိပ်ရာတစ်ဝိုက်ဆီမှာ စကားဝိုင်းအရှိန်ရနေသံ ကြားလိုက်ရသည်။

ပျင်းရိဖွယ်ကောင်းသောညများမှာ ဆရာဖေနှင့် ဆရာကြည်တို့သည် ငါးရာ့ငါးဆယ် နိပါတ်ဇာတ်ဝတ္ထုများကို ပြောပြတတ်လေ့ရှိသည်။

ယခုလည်း 'ကဲ စကားမပြောကြနဲ့တော့ကွာ၊ ငြိမ်ငြိမ်လေး နားထောင်ကြစမ်း' ဟူသော ဆရာဖေ့အမိန့်ပေးသံ ကြားလိုက်ရသဖြင့် ဇာတ်ဝတ္ထုတစ်ခုခု အစပျိုးပြောဆိုနေပြီကို သိလိုက်သည်။

ကိုပြေညီမ်း စကားဝိုင်းဆီသို့ ဆက်လျှောက်လာခဲ့သည်။ ခုတင်တစ်လုံး၏အစွန်းမှာ ဝင်ထိုင်လိုက်စဉ် တစ်စုံတစ်ယောက်၏ခန္ဓာကိုယ်နှင့် ဘားချင်းထိတိုးမိပြီး ထိုတစ်ယောက်က တစ်ဖက်သို့ အနည်းငယ်တိုးရွှေ့ပေးသည်။

ပုံဝတ္ထုတစ်ခုခု ပြောပြီဆိုလျှင် မောင်ဦးတို့လို ကျောင်းသားလူငယ်လေးများသာမက ကျောင်းသားကြီးများပါ ဝိုင်းဝန်းနားထောင်လေ့ရှိသည်။ ပုံပြောဆရာတို့ကလည်း စိတ်ပါလက်ပါ သိုင်းဝိုင်းဖွဲ့နွဲ့ ပြောပြတတ်သည်။

"ဂေါတမမြတ်စွာဘုရားအလောင်းတော် သုမေဓာဟာ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက် အမရဝတီနေပြည်တော်မှာ ပုဏ္ဏားသူဌေးမျိုးဖြစ်ခဲ့တယ်"

သုမေဓာရှင်ရသေ့ဇာတ်ကြောင်းကို ကိုပြေညိမ်း တစ်ခါကြားဖူးပေမယ့် ယခုလို ပူပြင်းခြောက်သွေ့သောညှ အားလပ်နေချိန်မှာ ထပ်မံနားထောင်ဖို့ ဝန်မလေးမိ။

"သုမေဓာဆိုတာက လူတော်လူကောင်းလို့ အဓိပ္ပာယ်ရသတဲ့၊ သုမေဓာငယ်စဉ်ကတည်းကပဲ မိဘတွေဆုံးသွားတော့ ရွှေငွေပစ္စည်းဥစ္စာတွေ အများကြီးကျန်ရစ်တယ်၊ သုမေဓာအရွယ်ရောက်လာတော့ မိဘဘိုးဘွားလက်ထက်က ပိုင်ဆိုင်ကြပြီး၊ အခု သူ့လက်ထဲရောက်လာတဲ့ပစ္စည်းဥစ္စာတွေကို ကြည့်ပြီး 'ဪ ငါ့မိဘဘိုးဘွားတွေဟာ ပစ္စည်းဥစ္စာတွေကို ကြိုးစားရှာဖွေခဲ့ပြီး ပါအောင်လဲ ယူမသွားနိုင်ကြပါကလား၊ ဒီပစ္စည်းတွေကို ကိုယ်တစ်ယောက်တည်း စားသုံး စုဆောင်းသိမ်းဆည်းထားမယ့်အစား အများပြည်သူကို ဝေမျှလှူဒါန်းအကျိုးရှိအောင် ဆောင်ရွက်ပြီး သံသရာကိုပါအောင် ယူသွားရင် ကောင်းမယ်လို့ တွေးမိသတဲ့၊ ဒါနဲ့ ပိုင်ဆိုင်သမျှအားလုံးကို တစ်ခုမကျန် အများပြည်သူတွေကို ခွဲဝေလှူဒါန်းပစ်လိုက်တယ်"

"အဲဒီ သုမေဓာလို ဘုရားလောင်းသူဌေးမျိုး အခုရှိပြီး ကျွန်တော်တို့ မျက်မမြင်ကျောင်းကို လာလှူရင်ကောင်းမယ်နော်"

အတည်ပေါက်လေသံနှင့် တောင့်တပြောဆိုလိုက်သော မောင်ဦး၏ အသံကြားရတော့ ကိုပြေညိမ်း တစ်ချက်ပြုံးမိသည်။

"အဲဒီလိုလှူဒါန်းပြီးတဲ့နောက် သုမေဓာက 'လူတွေဟာ မွေးလိုက်သေလိုက်နဲ့ တစ်ဘဝပြီး တစ်ဘဝ မဆုံးနိုင်အောင် သံသရာခရီးကို လျှောက်နေကြရတယ်၊ မွေးတာနဲ့ သေတာကြားမှာ ဒုက္ခတွေကလဲ ဒလစပ်များလှပြီ၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတွေကို ရင်ဆိုင်နေရတယ်၊ လောကမှာ အပူရှိရင် အအေးရှိရမယ်၊ မွေးတာရှိရင် မမွေးတာလဲ ရှိရမယ်၊ သေတာရှိရင်

မသေတာလဲ ရှိရမယ်၊ အမတခေါ်တဲ့ မသေတဲ့ အရပ်ကို ကြိုးစားရှာမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီး ရသေ့ရဟန်း ဝတ်လိုက်တယ်...

"အဲဒီလို ရသေ့ဝတ်နဲ့ တောထွက်ပြီး ဟိမဝန္တာ ဓမ္မိကတောင်ယံမှာ ကျောင်းသခ်န်းလေးနဲ့ တစ်ပါးတည်း အေးအေးဆေးဆေး တရားအားထုတ်ပြီး အမှန်တရားကို ရှာဖွေလိုက်တာ ခုနစ်ရက်တွင်းမှာပဲ ဈာန်အဘိညာဉ်တွေနဲ့ ပြည့်စုံတဲ့ တန်ခိုးရှင်ရသေ့တစ်ပါး ဖြစ်သွားတော့တယ်...

"သုမေဓာဟာ တစ်နေ့တစ်နေ့ တရား... ထုတ်ပြီး ဈာန်ဝင်စားနေတာနဲ့ ဒီပင်္ကရာဘုရားပွင့်တာ၊ ဓမ္မစကြာတရားဟောတာတွေကို သတိမထားလိုက်မိဘူး၊ တစ်နေ့ကျတော့ ဈာန်အဘိညာဉ်နဲ့ ကောင်းကင်ခရီးကနေ ရမ္မာဝတီမြို့ကို ဖြတ်ကျော်လာတုန်း လူတွေ စုရုံးလှုပ်ရှားနေကြတာ မြင်လို့ မြေကြီးပေါ်ဆင်းသက်ပြီး အကျိုးအကြောင်းမေးကြည့်တော့ လောကမှာ ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူနေပြီ၊ ဒီပင်္ကရာမြတ်စွာဘုရား ကြွလာမှာမို့ စပေါင်းလမ်းခင်းနေကြတာပါလို့ ဖြေသတဲ့၊ မြတ်စွာဘုရားဆိုတဲ့အသံကို ကြားလိုက်တာနဲ့ သုမေဓာဟာ ဝမ်းသာအားရ နှစ်သက်ပီတိတွေ ဖြစ်ပြီး မြတ်စွာဘုရားထံမှာ ကုသိုလ်ကောင်းမှုမျိုးစေ့ စိုက်ပျိုးမယ်လို့ သံန္နိဋ္ဌာန်ချလိုက်တယ်...

"ဒါနဲ့ မြတ်စွာဘုရားအတွက် လုပ်အားကုသိုလ် ပါဝင်ပါရစေ၊ လမ်းပြင်ဖို့နေရာတစ်ခု ပေးပါလို့ တောင်းဆိုတော့ ရွှံ့ဗွက်ထနေတဲ့ ခပ်ဆိုးဆိုးနေရာတစ်ခု ရတယ်၊ သုမေဓာဟာ တန်ခိုးရှင်ဖြစ်တဲ့အတိုင်း တန်ခိုးနဲ့ ချက်ချင်းအလုပ်ပြီးမြောက်အောင် လုပ်နိုင်ပေမယ့် ကုသိုလ် ပိုရအောင်ဆိုပြီး ကိုယ်တိုင်ကိုယ်ကျ ကြိုးစားပမ်းစားလုပ်ဆောင်တယ်"

ဆရာဖေက ခဏအပြောရပ်၍ နားနေသည်။ အားလုံးသည် တိတ်ဆိတ်စွာ နားထောင်နေကြ၏။

သီရိဆွေစာအုပ်တိုက်

"ဒါနဲ့ လမ်းခင်းလို့ မပြီးခင်မှာပဲ ဒီပင်္ကရာမြတ်စွာဘုရားဟာ ရဟန္တာလေးသိန်းခြံရံ ကြွလာတော်မူပြီး သုမေဓာ လမ်းပြင်တဲ့အနား ရောက်လာခဲ့တယ်၊ အဲဒီတော့ သုမေဓာရှင်ရသေ့ဟာ လျှပ်တစ်ပြက်ဆုံးဖြတ်ပြီး ချက်ချင်းပဲ ဆံပင်ကိုဖြေ၊ လျှော်တေသင်္ကန်းနဲ့ သားရေခင်းကို ရွံ့ဗွက်ပေါ်မှာ ဖြန့်ခင်း၊ ကိုယ်ကို အလျားထိုးမှောက် တံတားခင်းလိုက်ပြီး မြတ်စွာဘုရားနဲ့ တကွ တပည့်သံဃာများ တပည့်တော်ကျောပေါ်က နင်းကြွတော်မူပါလို့ လျှောက်ထားလိုက်တော့တယ်"

"အဲဒီတော့ ဘုရားက ဖြတ်နင်းသလား"

မောင်ဝင်းရွှေ၏ စိတ်ဝင်တစား ဝင်မေးမြန်းသံ။

"ဘယ်နင်းပါ့မလဲ၊ ဘုရားနဲ့ တကွ သံဃာလေးသိန်းအနင်းခံရရင် သေမှာပေါ့၊ သုမေဓာကလဲ သေနိုင်တယ်ဆိုတာ သိရက်သားနဲ့ အသက်စွန့်ပြီးလှူတာပဲ၊ သုမေဓာရှင်ရသေ့ဟာ အလိုရှိရင် အဲဒီဘဝတင် ကိလေသာကင်းတဲ့ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်ဝင်နိုင်တယ်ဆိုတာကို သိတယ်၊ ဒါပေမယ့် သတ္တဝါအပေါင်းကို ကယ်တင်ချင်လို့ အများအကျိုးကို ဆောင်ရွက်ချင်လို့ သစ္စာလေးပါးသိမြင်ပြီး အများသတ္တဝါကိုလဲ သစ္စာလေးပါး သိမြင်စေနိုင်စွမ်းတဲ့ဘုရားဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ချက်ချတော်မူတယ်၊ အဲဒီအချိန်မှာပဲ သုမိတ္တာဆိုတဲ့ ပုဏ္ဏေးမလေးတစ်ယောက် ကြာပန်းတွေ တပွေ့တပိုက်နဲ့ ဘုရားဖူးဖို့ ရောက်လာပါရော"

"ကောင်းခန်းရောက်လာပြီ ကောင်းခန်း"

ကိုပြေညိမ်းနံဘေးက အောင်စိုးထွန်း၏ အားတက်သရောဟန်ခပ်နောက်နောက်ပြောဆိုသံ ထွက်လာသည်။

"သုမိတ္တာဟာ ရွံ့ညွန်ပေါ်မှာ အလျားမှောက်နေတဲ့ သုမေဓာရှင်ရသေ့ကို မြင်လျှင်မြင်ချင်းပဲ မေတ္တာသက်ဝင် ချစ်ခင်မြတ်နိုးစိတ်တွေ

ပေါ်လာပြီး ကြားငါးခိုင် လက်ဆောင်ပေးလိုက်သတဲ့"

"ဟာ ဒါဖြင့် မိန်းကလေးကစတဲ့ ဓာတ်လမ်းက ဒီပင်္ကရာဘုရား လက်ထက်ကတည်းက ရှိခဲ့တာပေါ့နော် ဆရာဖေ"

"ကောင်းကောင်းနားထောင်စမ်းကွာ မောင်ဝင်းရွှေ ဝင်မနောက်နဲ့"

ဆရာကြည်က အသံမာမာနှင့် ဝင်ဟန့်သည်။

ဆရာကြည်ကား ဆရာဖေ့လို စိတ်မရှည်တတ်။ သူ ပုံပြောသည့် အခါမျိုးဆိုလျှင်လည်း ရယ်စရာ မောစရာ အပျော်အပြက် ကြားဖောက် နောက်ပြောင်ပြောတာမျိုး မကြိုက်။ ငြိမ်သက်တိတ်ဆိတ်စွာ တလေးတစား နားထောင်မှ နှစ်သက်တတ်သည်။

ဆရာဖေတို့ ဆရာကြည်တို့ဆိုတာက ဆယ်ကျော်သက်အရွယ် ကတည်းက ကျောင်းရောက်လာပြီး ကျောင်းသက် အနှစ်သုံးဆယ်ကျော် အစိတ်ကျော် ရှိနေကြသည့် လုပ်သက်ရင့်ဆရာကြီးများ။ မျက်မမြင်ကျောင်း သားအများသည် သူတို့၏တပည့်များသာဖြစ်လေတော့ ကြိုက်သလို ဟောက်ပိုင်ခွင့်၊ ဆိုဆုံးမနိုင်ခွင့် ရှိနေလေသည်။

ဆရာဖေကား စိတ်နှလုံး တည်ငြိမ်အေးချမ်းလှသည့် တကယ့် လူအေး။ မည်သည့်အကြောင်းအရာအတွက်မှ ဒေါသပွား ဆူပူတတ်သူ မဟုတ်။ ဘုရား၊ တရားစာပေ စာအုပ်များပြုစုရင်း အရာရာမှာ တင်းတိမ် ရောင့်ရဲစွာ နေထိုင်တတ်သူ။ စကားပြောပြီဆိုလျှင်လည်း ဘုရားအကြောင်း တရားအကြောင်းနှင့် နွယ်သော စိတ်ထားဖြူစင်မြင့်မြတ်ဖို့ကို ဦးတည် သောစကားများသာ ပြောဆိုလေ့ရှိသည်။

"ဒါနဲ့ ဆက်ပြောပါ ဆရာဖေ၊ ကြာပန်းငါးခိုင်ပေးလိုက်တော့ သုမေဓာ ဘယ်လိုဖြစ်သွားလဲ"

သီရိဆွေစာအုပ်တိုက်

ဆရာဖေ ခဏစကားရပ်နားထားသည်ကို မစောင့်စားနိုင်ဟန်နှင့် အောင်စိုးထွန်းက ဝင်၍ဆော်ဩနေပြန်သည်။

“ဘယ်လိုမှ မဖြစ်ဘူး၊ အဲဒီပန်းခိုင်တွေကိုကိုင်ပြီး ယောကျ်ားမြတ်တို့ထက် မြတ်တော်မူသောမြတ်စွာဘုရား၊ တပည့်တော်သည် ယခုကဲ့သို့ အသက်ကိုစွန့်၍ လှူဒါန်းရသော အဓိကာရကုသိုလ်ကြောင့် သဗ္ဗညုဘုရား အဖြစ်သို့ရောက်ရ၍ သတ္တဝါအများကို ကယ်တင်နိုင်ရပါလို၏ ဘုရားလို့ ဆုတောင်းလိုက်တယ်၊ သုမိတ္တာကလဲ ကြာပန်းသုံးခိုင်ကိုကိုင်ပြီး ပါရမီခရီးကြောင်းတစ်လျှောက်မှာ ပါရမီဖြည့်ဖက် အဖော်ကောင်းဖြစ်ရပါလို၏ လို့ တောင်းဆုပန်လိုက်တယ်၊ ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာရဲ့ အသက်စွန့်ဆောင်ရွက်ပုံ၊ သတ္တဝါအများကို ကယ်တင်နိုင်ဖို့ ဘုရားဆုတောင်းပုံတွေကို ရွှေဉာဏ်တော်နဲ့ သုံးသပ်ဆင်ခြင်တော်မူပြီး အလျားမှောက်နေတဲ့ သုမေဓာရဲ့ခေါင်းရင်းမှာ ရပ်တော်မူရင်း ‘ဤရသေ့မြတ်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအလွန် ဘဒ္ဒကမ္ဘာ၌ ဂေါတမမြတ်စွာဘုရား ဖြစ်လတ္တံ့’ လို့ ဗျာဒိတ်ပေးတော်မူတယ်၊ သုမိတ္တာရဲ့ဆုတောင်းလဲ ပြည့်မယ့်အကြောင်း ဗျာဒိတ်စကားမိန့်ကြားတော်မူပြီးမှ ဘုရားနဲ့တကွ ရဟန္တာလေးသိန်းတို့ဟာ သုမေဓာကို မကျော်မနင်းပဲ လကျ်ာရစ်ပတ်ပြီး ခရီးဆက်တော်မူတယ်”

“ကျွန်တော်ကတော့ သုမေဓာကို တကယ်ချီးကျူးတယ်ဗျာ၊ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး နိဗ္ဗာန်ဝင်နိုင်ရဲ့သားနဲ့ သက်သက်ဒုက္ခခံပြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြီးများတောင် ကျင်လည်ပြီး ပါရမီဖြည့်ခဲ့တာ”

“အံ့ဩပါ့ကွာ ဘုရားလောင်းကို ချီးကျူးတဲ့လူကလည်း ရှိသေး”

တစ်ယောက်တစ်ပေါက် စကားသံများစည်ဝေလာစဉ် ဆရာဖေက ချောင်းတစ်ချက်ဟန့်ပြီး အသံမြှင့်၍ စကားစလိုက်သည်။

"သုမေဓာရှင်ရသေ့အကြောင်း နိဂုံးချုပ်ရရင် သုမေဓာဟာ ငါ ကောင်းရင် ပြီးရောဆိုတဲ့ တစ်ကိုယ်ကောင်းစိတ်မရှိဘူး၊ အများအကျိုးကို သယ်ပိုးချင်တဲ့ဆန္ဒ၊ တစ်နည်းအားဖြင့်ပြောရရင် ပရဟိတလုပ်ငန်း ဆောင်ရွက်ဖို့ စိတ်အားထက်သန်ကြီးမားလွန်းလို့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဘဝပေါင်းများစွာ သံသရာမှာ ကျင်လည်ခံစားပြီး ဘုရားဖြစ်အောင် ကြိုးစားခဲ့တာပဲ၊ အဲဒီလိုယောကျ်ားမြတ်တစ်ဦးရဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံ ကြိုးပမ်းအားထုတ်မှုကြောင့် အခု တို့ကမ္ဘာမှာ လူသားအများရဲ့ကိုးကွယ် ဆည်းကပ်ဖွယ်ရာ ဗုဒ္ဓဘုရားရှင်ရယ်လို့ ရှိနေပြီး တရားဓမ္မနဲ့ သာသနာ အရောင် ထွန်းပြောင်နေတာပဲ၊ အဲဒီတော့ လောကကြီးကို ငြိမ်းချမ်းသာယာ စေချင်ရင် တစ်နည်းအားဖြင့်ပြောရရင် သတ္တဝါအပေါင်းကို ချမ်းသာစေ ချင်ရင် လူတွေဟာ အတ္တစိတ်မကြီးမားပဲ ပရဟိတစိတ်၊ အများအကျိုး သယ်ပိုးလိုစိတ် မွေးရမယ်၊ တစ်ကိုယ်ကောင်း မဆန်ရဘူး"

အားလုံးသည် ငြိမ်သက်တိတ်ဆိတ်သွားပြန်၏။ ဆရာဖေက အေးဆေးတည်ငြိမ်စွာ ဆက်ပြောသည်။

"နောက်တစ်ခု သခ်ာန်းစာယူရမှာ ရှိသေးတယ်၊ ဆုတောင်းတယ် ဆိုတာက ရည်ရွယ်ချက်ပဲ၊ ပါရမီဆိုတာက လုပ်ဆောင်ချက်၊ ဆုတောင်းနဲ့ ပါရမီ ရည်ရွယ်ချက်နဲ့လုပ်ဆောင်ချက်ဟာ ဘက်ညီဖို့လိုတယ်၊ ဆုသာ တောင်းပြီး အလုပ်မလုပ်ရင် ဘာမှ မဖြစ်နိုင်ဘူး၊ သုမေဓာဟာ စိတ်ဆန္ဒ ရှိလို့ သဗ္ဗညုဘုရားဖြစ်ရပါလို၏လို့ ဆုတောင်းပြီး ဘဝပေါင်းများစွာ ပါရမီမဖြည့်ရင် ဘုရားဖြစ်မှာ မဟုတ်ဘူး၊ အဲဒီတော့ ကောင်းမြတ်တဲ့ ရည်ရွယ်ချက်တစ်ခု ရှိထားပြီဆိုရင် ဒုက္ခခံအလုပ်လုပ်ရမယ့်အပိုင်း၊ ပါရမီ

ဖြည့်ရမယ့်အပိုင်းက နောက်က လိုက်ရမယ်ဆိုတာပဲ"

ကိုပြေညိမ်းသည် ဆရာဖေပြောသမျှ နားထောင်ရင်း ပြောချင်သောစကားများ ရင်ထဲမှာ ရှန်းကြွလာသည်။

"ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်ပိုင်ခွင့်မရှိတဲ့ ကျွန်တော်တို့ဘဝကျတော့ ကောင်းတဲ့ရည်ရွယ်ချက်တွေကို ဘယ်လိုအကောင်အထည်ဖော်ရမလဲ ဆရာဖေ"ဟု မေးချင်စမ်းလှသည်။

တစ်နေ့နေ့ကျမှ ဆရာဖေတို့နှင့် ဆွေးနွေးရဦးမည်။

"ကဲ... ကဲ ဒီနေ့တော့ ဒီလောက်ပဲ၊ အားလုံး သွားကြတော့"

ဆရာဖေ့အသံကြားရပြီးနောက် ပတ်လည်မှ လှုပ်လှုပ်ရှားရှားအသံများ ထွက်လာသည်။

ကိုယ့်နေရာကိုယ်ပြန်ကြဖို့ အားလုံးထ၍သွားကြချိန်မှာ တစ်ဦးကိုတစ်ဦး မတိုက်မိစေရန် လက်နှစ်ဖက်ကို အနည်းငယ်ရှေ့ထုတ်စမ်းလျက် ဖြည်းညင်းသာယာစွာ လျှောက်လှမ်းကြရသည်။

ကိုပြေညိမ်းသည် အဆောင်အလယ်လမ်းမှ လျှောက်လာ၍ နှစ်ခုတင်ကျော်လောက်အရောက်မှာ သတိတရနှင့် အော်မေးရသည်။

"ဆရာထွန်းရှိလား ဆရာထွန်း"

"ဟေ ဘာလဲဟ"

ဆရာဦးလှထွန်းခုတင်မှ ပြန်ထူးသံကြားရသည်။

"အိမ်သာသွားမလို့ လိုက်ဦးမလား"

"အေး လိုက်မယ်"

ကိုပြေညိမ်းသည် ဦးလှထွန်းခုတင်နား အသာကပ်သွားလျက် အိပ်ရာမှ လူးလဲထသံကို နားစွင့်ထောင့်နေရသည်။ ပြီးမှ "အင်း... တယ်လဲ ပူအိုက်ပါလားကွယ်"ဟု ညည်းတွားလိုက်သော ဦးလှထွန်းအသံ ထွက်

ပေါ်လာရာကိုမှန်း၍ အသာတိုးကပ်သွားပြီး ဦးလှထွန်းလက်ကို စမ်းကိုင်ကာ တွဲလျှောက်လာခဲ့သည်။

ဦးလှထွန်းကား ကိုပြေညီမ်း၏ဆရာ၊ တိတိကျကျပြောရလျှင်တော့ ကိုပြေညီမ်း မျက်မမြင်ကျောင်းရောက်၍ မျက်မမြင်စာသင်ယူတတ်မြောက်ပြီးနောက် ဗေဒင်ပညာကို စတင်သင်ကြားပေးခဲ့သော ဗေဒင်ဆရာပင်တည်း။

ထိုစဉ်ကတော့ ဦးလှထွန်း၏ကျန်းမာရေးသည် ယခုလောက်မဆိုးရွားသေး။ ကျောင်းတော်ကြီး၏အစဉ်အလာအတိုင်း မျက်မမြင်ဆရာအသီးသီးမှ လက်ဆင့်ကမ်းသင်ယူခဲ့သော ဗေဒင်ပညာကို နောက်ပေါက်ကျောင်းသားများမှ ဗေဒင်ပညာ စိတ်ပါဝင်စားသင်ယူလိုသူတွေကို သင်ပေးနိုင်လောက်အောင် ကျန်းမာနေသေးသည်။

ဆရာထွန်း၏ထုံနာကျင်နာရောဂါနှင့် နားရောဂါ ပိုဆိုးလာသည်မှာ တစ်နှစ်ကျော်ပြီ။ အမြင်အာရုံချို့တဲ့သူတွေမှာ အသံကို အထူးအားကိုး၍ လှုပ်ရှားသွားလာရပေရာ အကြားအာရုံပါ ချို့ယွင်းပြန်သည်ဆိုတော့ သွားလာရေးမှာ များစွာအခက်အခဲရှိစေတော့သည်။

မျက်မမြင်ကျောင်းဝင်းအတွင်း အိပ်ဆောင်အနောက်ဘက် ခပ်လှမ်းလှမ်းမှ မြေစိုက်အိမ်သာနှစ်လုံးရှိရာသို့ ဆရာထွန်းတစ်ယောက်တည်းရောက်အောင်သွားဖို့ မတတ်စွမ်းနိုင်တော့။ အိပ်ရာဝင် အိပ်ရာထ အိမ်သာသွားချိန်တွေမှာ ခုလိုပဲ နီးစပ်သူတစ်ယောက်ယောက်က တွဲခေါ်အကူအညီပေးရလေသည်။

ကိုယ်တိုင်က မစွမ်းပေမယ့်လည်း ကိုယ့်ထက်မစွမ်းသူကို အကူအညီပေးရခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်ဟု ဆရာဖေပြောလေ့ရှိ၏။

အိမ်သာမှ ပြန်လာပြီး အိပ်ရာဝင်ခဲ့သော်လည်း ကိုပြေညိမ်း တော်တော်နှင့် အိပ်မပျော်။ တောင်တွေး မြောက်တွေးနှင့် စိတ်အာရုံ ပျံ့လွင့်လှသည်။

ပါရမီဖြည့်ဖက်ဆိုသော စကားလုံးလေးကလည်း ကိုပြေညိမ်း၏ အတွေးအာရုံကို ကျယ်ပြန့်စွာဖြန့်ကျက်စေသည်။ ဘဝသံသရာမှာ ကျင်လည်ရသမျှ အဖော်ကောင်းဆိုတာ ရှိကောင်းသည့်အရာပေပဲ။ ဘုရားအလောင်းတော်သော်မှ ပါရမီဖြည့်ဆည်းရာ ဘဝအသီးသီးမှာ အဖော်ကောင်းတွေ ရှိခဲ့သည်ပဲ။

ကိုပြေညိမ်းတို့လို စွမ်းအားချို့တဲ့သူအတွက် မိမိ၏ဘဝရှင်သန်လှုပ်ရှားရေးမှာ စေတနာ မေတ္တာပြည့်ဝစွာနှင့် ကူညီဖြည့်ဆည်းပေးဖို့ အမှန်ပင် အဖော်ကောင်းလိုအပ်သည်။ ထိုအဖော်ကောင်းကို ဘယ်သို့ရှာရပါ့။

မိမိကလည်း မြတ်နိုးသူ၊ မိမိကိုလည်း တစ်သက်လုံး သစ္စာရှိစွာ ချစ်ကြင်မြတ်နိုးနိုင်မည့် အဖော်ကောင်း။ သည်ဘဝမှာ တွေ့နိုင်ပါဦးမလား။ ကိုပြေညိမ်းသည် အတွေးကွန်ယက်မှာ မရုန်းမဖယ်သာ ငြိတွယ်နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိပေပြီ။

ညသည် မည်မျှအိမင်းရင့်ရော်နေပြီ မသိ။ ကိုပြေညိမ်း သက်ပြင်းတစ်ချက်ရှိုက်ရင်း တစ်ဖက်သို့ စောင်းလှည့်လိုက်သည်။

အမှောင်ကြီးစိုးနေသော အမြင်အာရုံထဲမှာတော့ မမြင်ဖူးသော ထွေးငယ်ကို ပုံဖမ်းမြင်ယောင်နေမိပြန်လေသည်။

* * *

ဦးထန်းလော မိန်းမယူတော့မည်ဟု သတင်းက တစ်ကျောင်းလုံးကို အံ့ဩလှုပ်ရှားသွားစေသည်။

မျက်မမြင်ကျောင်းသက် အနှစ်နှစ်ဆယ်ခန့် ကြာမြင့်ခဲ့သူ။ ကျောင်း၏လက်မှုပညာ (ကြိမ်ထိုးလုပ်ငန်း) ဆရာအဖြစ်လည်း နှစ်ပေါင်းများစွာ တာဝန်ယူခဲ့သူဆိုတော့ ကျောင်းသားအများနှင့် ဦးထန်းလောမှာ လက်ပွန်းတတီး ခင်မင်ရင်းနှီးကြသည်။

ဦးထန်းလောနှင့် သက်တူရွယ်တူပိုင်းက ကျောင်းနေဖက်သူငယ်ချင်းများအဖြစ် ပြောမနာဆိုမနာ ပေါင်းသင်းဆက်ဆံကြသလို လူငယ်ကျောင်းသားအများစုမှာလည်း ဦးထန်းလော၏ကြိမ်ပညာသင် တပည့်များဖြစ်ကြလေတော့ ရင်းနှီးကျွမ်းဝင်သူများသာ ဖြစ်၏။

သို့စဉ်လျက် ဦးထန်းလော မဖြူနှင့် လက်ထပ်တော့မည်ဆိုသော သတင်းက သည်နေ့မှ ဆိုင်းမဆင့်ဗုံမဆင့် ပေါက်ကြားပွင့်ထွက်လာသည်ဆိုတော့ အားလုံး အံ့အားသင့်သွားကြသည်။

ဦးထန်းလောက ချင်းလူမျိုး၊ မင်းတပ်ဇာတိ၊ လွန်ခဲ့သော နှစ်လခန့်က ဦးထန်းလောနှင့် ဆွေမျိုးနီးစပ်တော်သည်ဆိုသော မဖြူ ကျောင်းသို့ ရောက်လာဖူးသည်။ နောက်တော့ ကိုတန်ကေးအကူအညီနှင့် ဆင်ပေါက်လှ ရပ်ကွက် (၄)လမ်းမှ မဖြူတို့အိမ်သို့ ဦးထန်လော တစ်ခါတရံ သွား

လည်တတ်သည်။ ကိုပြေညိမ်းက ဆွေမျိုးတွေမို့ သွားလာဆက်ဆံမှုရှိတာပဲဟု ထင်မှတ်ခဲ့သည်။

အခုမှ ရတ်ခြည်းဘဝမှာ အရင်းနှီးဆုံးဆွေမျိုးတွေဖြစ်တော့မည်ဟု သိရတော့ ကိုပြေညိမ်း မကျေချမ်းဟန် စကားဆိုဖြစ်သည်။

"ဒီလောက်ရင်းနှီးတဲ့လူချင်း လက်ထပ်ဖို့ တစ်ပတ်အလိုကျမှ အသိပေးတာ မကျေနပ်ဘူးဗျာ တကယ်ပြောတာ"

"ဩော် တယ်ခက်ပါရော၊ ငါတောင်မှ တစ်နေ့ကမှ မဖြူကို ယူဖို့ ဆုံးဖြတ်လိုက်တဲ့ဟာ"

"အစကတော့ မိန်းမယူဖို့ စိတ်မကူးတော့ဘူးဆို ဗိုလ်လောရ၊ အခု အသက်လေးဆယ်နားနီးမှ ဘယ်လိုဖြစ်တာတုန်း"

မောင်မောင်က ဝင်နှောက်ပြန်သည်။

"အဲဒီတုန်းကတော့ ယူရမယ့်မိန်းမ မတွေ့သေးလို့ပေါ့ကွာ၊ အခု တွေ့တော့လဲ ယူရတာပေါ့၊ ဘာဆန်းတာမှတ်လို့"

ဦးထန်းလော၏စကားသံဝဲဝဲအဆုံးမှာ အားလုံး ဝါးခနဲရယ်မောကြသည်။

"ကိုယ့်ဟာကိုယ် ဒီမှာ အေးအေးဆေးဆေး အချိန်တန် ထမင်းလက်ဆေးစားနေတာ ကောင်းရဲ့သားနဲ့၊ သက်သက် အပူရှာတာ၊ သေချင်တဲ့ကျား တောပြောင်းဆိုတာ ဒါမျိုးနေမှာပဲ၊ ဟုတ်တယ် မဟုတ်လား ဗိုလ်လော"

ဆရာကြည်က ခပ်တည်တည်လေသံနှင့် ဝင်မေးပြန်သည်။

"သေချင်တဲ့ကျား တောပြောင်းတာမဟုတ်ဘူး ဆရာကြည်ရ၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့၊ အဆောင်က ထမင်းဟင်း စားရတာ စိတ်ပျက်လာလို့ မိန်းမချက်တဲ့ ထမင်းဟင်းကောင်းကောင်း စားရအောင်လို့"

ဦးထန်းလော၏ဆင်ခြေစကားကို ကြားရတော့ ကိုပြေညိမ်း တစ်ချက်ပြုံးမိသည်။

"တကယ်တော့ ကျုပ်တို့အဖို့ ကူဖော်လောင်ဖက် ဆေးပေးမီးယူ အဖော်လိုတယ်ဗျ၊ နောင် အသက်သိပ်ကြီးပြီး အိုမင်းမစွမ်းရှိလာတဲ့အခါ ကျရင် ဘယ်သူတွေက ပြုစုပေးမလဲ၊ ကိုယ့်သွေးသားကမှ ကြင်ကြင်နာနာနဲ့ ပြုစုစောင့်ရှောက်ကြမှာ"

"ဟုတ်တယ် ဖိုလ်လောပြောတာ မှန်တယ်၊ သာမန်လူတွေထက် ကျွန်တော်တို့ဘဝက ပိုပြီး ဆေးပေးမီးယူ ဘဝအဖော်လိုအပ်တာ အမှန်ပဲ"

မောင်မောင်ခင်က အလေးအနက်လေသံနှင့် ထောက်ခံနေပြန်သည်။

ညနေစာ ထမင်းစားအပြီး အဆောင်ရှေ့ဆင်ဝင်အောက်မှာ ထွက်ထိုင်ကြရင်း ဦးထန်းလော အိမ်ထောင်ပြုမည့်ကိစ္စကို စိတ်ဝင်တစားဆွေးနွေးနေကြသည်။

မဖြူက အသက်အစိတ်လောက်ပဲ ရှိသေးသဖြင့် ဦးထန်းလောထက် ဆယ်နှစ်ကျော်ငယ်သည်။ မိဘ မောင်နှမ မရှိ။ အဒေါ်ဝမ်းကွဲအိမ်တွင် ခိုကပ်နေထိုင်ရင်း ဟင်းသီးဟင်းရွက်ကလေးများ လည်ရောင်း၍ တစ်ဝမ်းတစ်ခါးအတွက် ဝမ်းစာရှာရသည်။

ကြိမ်လုပ်ငန်းဖြင့် စီးပွားရှာတတ်သော ဦးထန်းလောနှင့် ပေးစားရန် အဒေါ်ဖြစ်သူက သဘောတူစီမံပေးတော့ မဖြူကလည်း မငြင်းဆန်။ အဒေါ့်အိမ်နှင့် မလှမ်းမကမ်း တစ်လမ်းတည်းမှာ တဲအိမ်ကလေးတစ်လုံး ငှားရမ်းနေထိုင်ဖို့ပါ အဒေါ်က ရာဖွေစီစဉ်ပေးပြီးပြီဟု ဆို၏။

"ဖိုလ်လော ကျောင်းထွက်သွားရင်တော့ ကျွန်တော်တို့အတွက် အားကိုးစရာတစ်ယောက် လျော့သွားတာပဲဗျာ၊ ကြိမ်ဆွဲခြင်းတို့ ကြိမ်

ကုလားထိုင်ကို့ အပ်ထည်များများရတဲ့အခါ ကျွန်တော်တို့လဲ ခေါ်ခိုင်းဦး နော်၊ မုန့်ဖိုးလေး ဘာလေးရအောင်”

“ဟား စိတ်ချ၊ နောက်ဆို ပရိဘောဂဆိုင်တွေနဲ့ ဈေးထဲက ကြိမ်လက်ဆွဲခြင်းဆိုင်တွေပါ အဆက်အသွယ်လုပ်ပြီး ဖောက်သည်ပေးနိုင်အောင် ကြိုးစားရမယ်၊ အလုပ်အကိုင်ကိစ္စအတွက် သွားလာချင်တဲ့နေရာတွေကို လိုက်ပို့ပေးဖို့ အချိန်မရွေးခိုင်းလို့ရတဲ့ မိန်းမလဲရှိတော့မှာဆိုတော့ ကိုယ်လုပ်ချင်တာတွေ လုပ်လို့ရတော့မှာပဲလေ၊ အော်ဒါများများရရင် ဒီကျောင်းက အဖွဲ့တွေပဲ ခေါ်ခိုင်းမှာပေါ့၊ ကျုပ်ကျောင်းက ဘော်ဒါတွေကို ဘယ်တော့မှ ပစ်မထားပါဘူး”

ဦးထန်းလောက စိတ်အားတက်ကြွစွာ အနာဂတ်စီမံကိန်းတွေကို ထက်ထက်သန်သန်ပြောသည်။ ဦးထန်းလောအပြောမှာ တကယ့် စိတ်စေတနာအရင်းခံနှင့် ရည်မှန်းချက်ဖြစ်ကြောင်း ကိုပြေညီမ်းယုံကြည်သည်။

မျက်မမြင်ကျောင်းထွက် အများအပြားသည် ကျောင်းကထွက်သွားကြပေမယ့် ဘယ်တော့မှ ကျောင်းနှင့် သူစိမ်းပြင်ပြင်မနေကြ။ မိဘအိမ်နှင့် သားသမီးများ ကင်းကွာမနေနိုင်ကြသလို မိခင်ကျောင်းတော်ကြီးနှင့် အဆက်အသွယ်မပြတ်။ သံယောဇဉ်ကြီးမားလှစွာ အပေါင်းအသင်းဟောင်းများထံ မကြာခဏအလည်လာတတ်သည်။ အလုပ်ကလေးများ အဆင်ပြေနေလျှင်လည်း လိုအပ်နေသူတွေကို တတ်အားသမျှ အကူအညီပေးဖို့ ဝန်မလေး။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ကျောင်းထွက်သွားခဲ့ကြသူများပင် ကျောင်းနှင့် အဆက်အဆံမပျက်။ သူတို့ကိုယ်ပိုင် ကြိမ်လုပ်ငန်းမှာ အပ်ထည်များများကျသည့်အခါတိုင်း ကျောင်းမှ အပေါင်းအသင်းများကို ခေါ်၍ အလုပ်ပေးတတ်သည်။

သည်ကျောင်းမှာတော့ ကြိမ်လုပ်ငန်းလည်ပတ်မှု မရှိတာ အတော်ကြာပေပြီ။ မှတ်မှတ်ရရ ၁၉၈၄ ခုနှစ်က မြစ်သားကင်းတားဆည်ဆောက်လုပ်ရေးမှ အော်ဒါရသဖြင့် မြေသယ်ခြင်း အလုံးငါးထောင်ယက်လုပ်ပေးခဲ့ရသည့်နောက်ပိုင်း ကြိမ်လုပ်ငန်းရပ်နားနေခဲ့သည်မှာ ယနေ့ထိအောင်ပါပဲ။ ကြိုးစားပမ်းစား ကြိမ်ပညာသင်ယူခဲ့သူတွေမှာ မိမိတို့အတတ်ပညာကို အသုံးချ၍ ငွေရှာဖို့ လမ်းပိတ်နေသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်။

ကိုပြေညိမ်းကတော့ ကြိမ်လုပ်ငန်းကို ဝါသနာမပါလှ။ ကြိမ်ထည်ပစ္စည်းများ မယက်လုပ်ခင် ကြိမ်စိမ်ကန်ကြီးထဲမှာ ကြိမ်များကို ရေစိမ်ထားရသည်။

လုပ်ငန်းစဖို့ ကန်ထဲက ကြိမ်တွေကို ဆယ်ထုတ်ပြီဆိုကတည်းက ကြိမ်ပုပ်နံ့ ထောင်းထောင်းထနေသည်။ မြေသယ်ခြင်းလို အကြမ်းထည်မျိုး ယက်လုပ်ရလျှင် ကြိမ်အလုံးလိုက် ဆွဲညှတ်ခွေချိုး၍ ယက်လုပ်ရသဖြင့် လက်အားစိုက်ရ ပင်ပမ်းသလို တစ်ကိုယ်လုံးလည်း ရေစက်၍စက် ဖုတ်အလူးလူးနှင့် ပေကျံနေတော့သည်။

ကြိမ်ဆွဲခြင်း၊ ကြိမ်ဆက်တီကုလားထိုင်၊ ခါးသိမ်ကြိမ်ထိုင်ခုံအဝိုင်းစသည့် အနုစိတ်ကြိမ်ထည်ပစ္စည်းများ ယက်လုပ်သည့်အခါမှာလည်း ကြိမ်ခွဲ ကြိမ်နန်းဆွဲကအစ လုပ်ရတာတွေက လက်ဝင်လှသည်။

ကြိမ်လုပ်ငန်းလုပ်သူတွေ၏ လက်ချောင်းများမှာ ကြမ်းထော်အသားမာတက်နေသဖြင့် လက်ချောင်းကလေးများနှင့် စမ်း၍ဖတ်ရသည့် မျက်မမြင်စာဖတ်ဖို့အရေးမှာ အတော်လေးအခက်အခဲ တွေ့ရသည်။ မျက်မမြင်စာသင်ကြားပို့ချနေသော ဆရာများ ကြိမ်လုပ်ငန်းလုပ်လျှင် ညာ

လက်ကို အားမပြုဘဲ ဘယ်လက်နှင့် အဓိကအားစိုက်လုပ်ကိုင်ရသဖြင့် လုပ်ငန်း မတွင်ကျယ်လှ။

မျက်မမြင်ကျောင်းအတွက် ရံပုံငွေရှာဖွေရေးမှာ စားမြိန်စာ သက်သာ စားသောက်ဆိုင်လုပ်ငန်းနှင့် ကြိမ်လုပ်ငန်းများကိုသာ အဓိကအားထားရသဖြင့် ကြိမ်လုပ်ငန်းလည်းပတ်ဖို့ အားလုံးက ထက်သန်စွာ မျှော်လင့်စောင့်စားကြသည်။

သည်တစ်ခါ ကြိမ်လုပ်ငန်းလုပ်ကိုင်ဖို့ အခွင့်အရေးပေါ်လာလျှင်တော့ ကိုပြေညိမ်းလည်း ဝင်၍ ကြိမ်ထိုးပညာသင်ယူဦးမည်ဟု ရည်ရွယ်ထား၏။ ဗေဒင်ဟောခြင်းနှင့် အနင်းအနှိပ်ဆိုတာတွေက မေးသူခေါ်သူရှိမှ အလုပ်ဖြစ်တာမျိုး။ အချိန်မရွေးလုပ်ကိုင်စားနိုင်သည့် အသက်မွေးဝမ်းကျောင်းပညာတစ်ခု တတ်မြောက်ထားဖို့ လိုအပ်ပေသည်။

"ဒါနဲ့ ဗိုလ်လော အိမ်ထောင်ပြုမယ့်ကိစ္စ အုပ်ချုပ်ရေးအဖွဲ့ကို အသိပေးပြီးပြီလား၊ ကိုတန်ကေး မိန်းမယူတုန်းက ကျောင်းဝင်းထဲမှာပဲ အကျွေးအမွေးနဲ့ လက်ထပ်တဲ့အထိမ်းအမှတ် လုပ်ပေးတယ်ဆို၊ ဗိုလ်လော လည်း အဲလိုလုပ်ပေးဖို့ ပြောပါလား"

မျက်မမြင်ကျောင်းကို ယခုလက်ရှိနေရာ ပေါက်လမ်းနံဘေး ဆင်ပေါက်လှချောင်းအရှေ့ဘက်သို့ မပြောင်းရွှေ့မီ အမှတ် (၂) အထက်တန်းကျောင်းအနီး ကျောင်းဟောင်းတွင်ရှိစဉ်အခါက ကိုတန်ကေး၏လက်ထပ်ပွဲကို အုပ်ချုပ်ရေးအဖွဲ့မှ ဦးစီးဦးဆောင်ပြုလုပ်ပေးခဲ့ဖူးသည်ဟု ကိုပြေညိမ်းကြားသိရဖူး၏။

"မပြောတော့ပါဘူးကွာ သူတို့ဟာ သူတို့မှ ရံပုံငွေနည်းလို့ အလုပ်မဖြစ်ရတဲ့အထဲ ကိုယ့်ကိစ္စအတွက် ထပ်ပြီး အပူမကပ်ချင်ပါဘူး"

"အေးဗျာ ဆီးပင်တွေနဲ့ အုန်းပင်တွေစိုက်လိုက်တာ ကျွန်တော်တို့ ရုံပုံငွေအတော်ထိသွားတာ"

"ဆီးသီးပင် အုန်းသီးတွေ ဘယ်တော့သီးပြီး ဝင်ငွေရမလဲတော့ မသိဘူး၊ အခုတော့ အပင်ဖိုးငွေ တစ်သောင်းကျော်ကုန်ခဲ့တဲ့အပြင် အပင်တွေ ရေလောင်းဖို့ အလုပ်သမားငှားခက ပေးရသေး"

၁၉၈၄ ခုနှစ် ဖေဖော်ဝါရီလတွင် ကျောင်းသစ်သို့ ပြောင်းရွှေ့ခဲ့ကြပြီးနောက် ကျောင်းဝိုင်းမြေမှာ ဆီးသီးပင်ငါးရာ စိုက်ပျိုးခဲ့ရာ အပင်ခြောက်ဆယ်လောက်ပဲ အဖတ်တင်ခဲ့သည်။ အသက်ရှင်ကျန်သည့်အပင်တွေကလည်း အားလုံးဖြစ်ထွန်းမလာ။ ဆယ်ပင်ခန့်သာ အသီးကောင်းစွာသီးသဖြင့် ဆီးပင်များမှ ဝင်ငွေရယ်လို့ မရလိုက်။ ကျောင်းသားများနှင့် အနီးအနားမှ ကလေးများခူးစားတာနှင့် ကုန်တော့သည်။

သည်နှစ် မိုးဦးကျက တစ်ပင်ဆယ့်ငါးကျပ်နှုန်း ပေးဝယ်ရသည့် အုန်းပင်ရစ်ဆယ့်ကိုးပင် စိုက်ပျိုးခဲ့တာကတော့ ဘယ်လိုလာဦးမည် မသိ။ ယခုလောလောဆယ်မှာတော့ အုန်းပင်စိုက်ဖို့ ကျင်းတစ်ကျင်းတူးခ သုံးကျပ်ပေးပြီး အပင်တွေစိုက်ခဲ့ရသည်။

အုန်းပင်ရေလောင်းဖို့ အလုပ်သမားထပ်ငှားရပြန်သဖြင့် ထွက်ငွေစာရင်းသာ ရှိနေသည်။

ကျောင်းသားအများစုကတော့ ငွေအရင်းအနှီးများစွာ ဝင်သွားပြီး လတ်တလောဝင်ငွေ တစ်ပြားမှ မရှိသည့်အလုပ်ကို မနှစ်လိုကြ။ အခုအလုပ်လုပ်၊ အခု ဝင်ငွေရရှိနိုင်သည့်လုပ်ငန်းမျိုးကိုပဲ စိတ်ဝင်စားကြသည်။

"ဒါက ရေရှည်စီမံကိန်းအလုပ်ခေါ်တယ်ကွ၊ အခု ရေတွင်းတူး အခု ရေကြည်သောက်ချင်လို့ ဘယ်ရမလဲ၊ စိတ်ရှည်ရှည် စောင့်ရတယ်"

"ကျွန်တော်တို့ကတော့ စိတ်မရှည်ဘူးဗျာ၊ ရေတွင်းလဲ တူးမနေချင်ဘူး၊ ရေဘုံဘိုင်ဖွင့်ပြီးတော့ပဲ ရေခံသောက်ချင်တယ်၊ ရေတွင်းတူးတယ်ဆိုတာက တစ်ခါတလေ ရေထွက်ချင်မှ ထွက်တာ"

"ဒါနဲ့ ဗိုလ်လော၊ ရပ်ကွက်ထဲရောက်သွားရင် ကျောင်းက ဘော်ဒါတွေအတွက် သင့်တော်ရာမိန်းကလေးတွေ ရှာဖွေစပ်ဟပ်ပေးဖို့လဲ မမေ့နဲ့နော်"

ထင်ရာမြင်ရာပြောဆိုနေကြစဉ် အောင်စိုးထွန်းက ကောက်ကာငင်ကာ အရေးတကြီး ဝင်မှာပြန်၏။

"ဝါသနာက ကြီးပါ့ကွာ"

"ဗိုလ်လောပဲ ခုနက ပြောခဲ့တာမဟုတ်လား၊ ဆေးပေးမီးယူအဖော်လိုတယ်လို့"

"အေးပါကွာ မင်းအတွက်တော့ ပညာကလဲ ဘာတစ်ခုမှ မယ်မယ်ရရမတတ်သေးတော့ မိန်းမက လုပ်ကျွေးရမှာ၊ စီးပွားရှာတတ်တဲ့ အသက်ကြီးကြီး မုဆိုးမထဲက ရှာပေးမယ်"

"ဟာဗျာ မဦးမချွတ် ပြောတော့မယ်၊ မုဆိုးမတော့ မယူနိုင်ဘူးဗျာ၊ ပိုက်ဆံမရှိရင် နေပါစေ၊ အပျိုစစ်စစ်မှ"

တစ်ယောက်တစ်ပေါက်နှင့် အတော်ကြာအောင် စကားကောင်းနေကြသည်။

ဦးထန်းလောက သွားစရာရှိသေးသည်ဟုဆိုကာ မောင်ဝင်းရွှေကိုခေါ်၍ ထထွက်သွားတော့မှ လူစုကွဲသွားသည်။

မောင်ဝင်းရွှေက အရောင်ကွဲပြားအောင် မြင်နိုင်စွမ်းရှိသူမို့ အချင်းချင်းတွေ အပြင်သွားစရာရှိလျှင် လိုက်ပို့ပေးတတ်သည်။

* * *

ပတ်ဝန်းကျင်တစ်ဝိုက် လှုပ်ရှားသွ[illegible]ပံ့တွေ ဆိတ်သွားတော့ ကိုပြေညိမ်းတစ်ယောက်တည်း ကျန်ရစ်သည်ဟု ထင်မှတ်ရသည်။ ခဏ အကြာမှာ ခုံတန်းလျားတစ်ဖက်စွန်းမှ မောင်မောင်ခင်၏ချောင်းဆိုးသံ ထွက်ပေါ်လာသည်။

ရုတ်တရက် ထွေးငယ်ကို သတိရလျက် ကိုပြေညိမ်း စကားစ လိုက်သည်။

"ဒါနဲ့ မောင်မောင်ခင် မင်း ထွေးငယ်က ဘယ်လိုလဲ၊ အခြေအနေ တိုးတက်လာပြီလား"

"အရင်အတိုင်းပါပဲကွာ"

မောင်မောင်ခင်က ရေစကြိုမြို့မှ ချမ်းသာကြွယ်ဝသော မိဘများ၏ တစ်ဦးတည်းသောသား။ ဆယ့်ငါးနှစ်သားအရွယ်မှာ ကျောင်းသို့ စက်ဘီး နှင့် အသွား ကားတိုက်ခံရ၍ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ သုံးလာကြာ ဆေးကုသမှုခံယူအပြီးမှာ ခြေထောက်တစ်ဖက်ဆာနေသည့် မျက်မမြင် ဒုက္ခိတဘဝ ရောက်ခဲ့ရလေသည်။

ယခုတော့ မျက်မမြင်ကျောင်းသက် ဆယ်နှစ်ခန့်ရှိ၍ မျက်မမြင် စာလည်း တတ်ကျွမ်းခဲ့ပြီ။ မိဘရပ်ထံ ပြန်ချိန်သင့်နေပါလျက် ထွေးငယ် ဆိုသည့် မိန်းကလေးကြောင့် ကျောင်းတော်မှ မခွာနိုင်အောင်ဖြစ်နေရ၏။

မှတ်မှတ်ရရ မနှစ်က ဆောင်းဦးပေါက်ရာသီမှာ ထွေးငယ်တို့ သားအဖနှစ်ယောက် မျက်မမြင်ကျောင်းသို့ လာရောက်၍ ဒါနပြုခဲ့ကြသည်။ ကိုပြေညိမ်းနှင့် မောင်မောင်ခင်တို့ထိုင်နေရာသို့ ထွေးငယ်ရောက်လာကာ အမွှေးဆပ်ပြာခဲတစ်ခဲ လက်ထဲအရောက်ထည့်ပေးရင်း–

"အဖေ့အသက်ခုနစ်ဆယ်ပြည့် မွေးနေ့အတွက် ဒါနပြုတာပါ"ဟု ကြည်လင်ချိုအေးသောအသံဖြင့် ပြောသည်။

"သာဓုပါဗျာ နောက်လဲ ဒီထက် လှူနိုင်တန်းနိုင်ပါစေ"

"ကျွန်မကလဲ ဒီထက်မက အများကြီးလှူချင်ပါသေးတယ်၊ ထိထိုးထားတာလေး ပေါက်အောင် ဆုတောင်းပေးကြနော်"

"သိန်းဆုကြီး ပေါက်ပါစေဗျာ"ဟု ကိုပြေညိမ်းက မဆိုင်းမတွ ဆုတောင်းပေးလိုက်သည်။

နေကာမျက်မှန်းတပ်ထားသော ကိုပြေညိမ်းကို ထွေးငယ် ဘယ်လိုအကြည့်နဲ့များ ကြည့်နေမှာပါလိမ့်ဟုတွေးရင်း ထွေးငယ်အသံလာရာဆီမှန်း၍ မမြင်မျက်လုံးများနှင့် ငေးကြည့်နေမိခဲ့သေးသည်။

ထွေးငယ်တို့ပြန်သွားကြတော့ မောင်မောင်ခင်က–

"ထွေးငယ်အသံလေးက ချိုသာတယ်နော်၊ ကရဏာသံဆိုတာ ဒါမျိုးကို ခေါ်တာ နေမှာ"ဟု မှတ်ချက်ချခဲ့သည်။

"ဒီလိုအသံပိုင်ရှင်မျိုးဟာ စိတ်သဘောထားလဲ နူးညံ့သိမ်မွေ့တတ်တယ်"ဆိုသည့် ကိုပြေညိမ်း၏ထင်မြင်ချက်ကိုလည်း မောင်မောင်ခင်က အပြတ်ထောက်ခံခဲ့၏။

နောက်နှစ်လခန့်အကြာ မသန်းဝင်းနှင့် ထွေးငယ်ပါလာပြီး ပြောင်းဖူးပြုတ်များ ဝေပေးပြန်သည်။

မသန်းဝင်းက ကျောင်းသားများ၏အင်္ကျီ၊ လုံချည်များ ချုပ်ပေးနေကျဖောက်သည်။ ကျောင်းသို့ အရောက်အပေါက်များ၍ ကျောင်းသားများနှင့်လည်း ခင်မင်ရင်းနှီးသည်။

ထွေးငယ်နှင့် ဒုတိယအကြိမ်တွေ့ဆုံအပြီးမှာ မောင်မောင်ခင်က ထွေးငယ်အကြောင်း မေးမြန်းခဲ့သည်။

မသန်းဝင်းအပြောအရ ထွေးငယ်မှာ အသားဖြူဖြူ၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှုတ်ခမ်းပြည့်ပြည့်လေးနှင့် မျက်နှာတည်တည်နေတတ်သည်။ ရှစ်နှစ်သမီးကတည်းက မိခင် သီလရှင်ဝတ်ရာမှာ လိုက်ပါ၍ သီလရှင်ဝတ်နေခဲ့သူ။ အစ်မနှစ်ယောက် အိမ်ထောင်အသီးသီးကျ၍ သျှောင်နောက် ဆံထုံးပါသွားချိန် ထွေးငယ် ဆယ့်ငါးနှစ်ကျော်မှ လူဝတ်လဲ၍ ဖခင်ကြီးနှင့် အတူနေခဲ့သည်။ ရက်ကန်းရုံမှာ အလုပ်လုပ်၍ ဖခင်ကြီးကို အလုပ်အကျွေးပြုနေသည်ဆိုတာတွေ သိရတော့ ကိုပြေညီမ်းရင်ထဲ ကြင်နာစိတ်ကလေးပါ ပွားခဲ့ရလေ၏။

"ထွေးငယ်က အသက်နှစ်ဆယ်ကျော်ပြီဆိုတော့ သူ့မှာ ရည်းစားလေးကော မရှိဘူးလား"ဟု မောင်မောင်ခင်က စပ်စုပြန်သည်။

"ရည်းစားလဲ အခုထိတော့ မရှိသေးဘူးတော့၊ ကောင်မလေးက သီလရှင်လူထွက်ကလေးမို့လား မသိ၊ အနေအထိုင်တည်တယ် ရိုးတယ်၊ ဘာလဲ ကိုမောင်မောင်ခင်က ထွေးငယ်ကို သဘောကျနေပြီလား"

ကိုပြေညီမ်း စိတ်ဝင်တစား နားစွင့်ဆဲ

"ဟုတ်တယ်ဗျာ ကျွန်တော် ထွေးငယ်ကို ပထမဆုံးအကြိမ် သူ့အသံလေးကြားရကတည်းက စိတ်ဝင်စားနေခဲ့တာ"ဟု ပြောချလိုက်တော့ "သေပါတော့ကွာ"ဟု ရင်ထဲအော်မြည်ရင်း ကိုယ့်နဖူးကိုယ်ရိုက်မိမတတ် ခံစားလိုက်ရသည်။

တစ်သက်လုံး စိတ်မြန်ကိုယ်မြန်ရှိခဲ့သမျှ သည်တစ်ပွဲကျမှ မောင်မောင်ခင်လောက်မှ မသွက်ရကောင်းလားဟု ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ဖြစ်ခဲ့ရသည်။

မသန်းဝင်းကို မောင်မောင်ခင် အပြတ်ကပ်၍ ထွေးငယ်မေတ္တာရရှိဖို့ ကြိုးပမ်းနေစဉ် ကိုပြေညိမ်းမှာ ရင်တမမနားစွင့်နေခဲ့မိသည်။

ထွေးငယ်နှင့်သာ လက်ထပ်ခွင့်ရမည်ဆိုလျှင် ကောင်းကောင်းကျေးဇူးဆပ်ပါမည်ဆိုသည့် စကားကိုလည်း မကြာခဏပြောခဲ့လေတော့အောင်သွယ်တော်ကြီးကလည်း အားကြိုးမာန်တက် အကျိုးတော်ဆောင်ပေးလိမ့်မည်။ ထွေးငယ်ဆီက အဖြေကတော့ ယခုအချိန်ထိ မိးနိပြဆဲ။

ကိုပြေညိမ်း ထွေးငယ်နှင့် တွေ့ဆုံခဲ့ရတာတွေ ဖျတ်ခနဲအမှတ်ရလိုက်မိပြီးမှ မောင်မောင်ခင့်ကို တီးခေါက်ကြည့်လိုက်သည်။

"ဒါနဲ့ တစ်နေ့က မင်းအမေလာတုန်းက ပြောသွားတဲ့ အမျိုးသမီးကိုကော သဘောမကျဘူးလား"

"အင်း သဘောကျတယ်လဲ မဟုတ်၊ မကျဘူးလဲ မဟုတ်ပါဘူးကွာ၊ မဝင်းက ငါနဲ့ မောင်နှမနှစ်ဝမ်းကွဲ တော်တယ်၊ အိမ်ချင်းလဲ နီးတော့ငယ်ငယ်ကတည်းက ခင်မင်ရင်းနှီးခဲ့ကြတာ၊ မောင်လို နှမလိုပဲ ချစ်ခင်စိတ်ရှိနေတယ်၊ တကယ်လို့ ထွေးငယ်နဲ့သာ မဆုံစည်းနိုင်တော့ဘူးဆိုရင်တော့မဝင်းဟာ ငါ့အတွက် အသင့်တော်ဆုံးမိန်းကလေးပဲ"

ထွေးငယ်က မင်းကို လက်ခံမယ် မထင်ပါဘူးကွာ၊ မျှော်လင့်နေလို့ အချိန်ကုန်ရုံပဲ ရှိမယ်၊ မဝင်းကိုယူလိုက်တာ အကောင်းဆုံးဖြစ်မယ်ထင်တယ်ဟု အကြံပေးချင်သောစိတ်ကို မျိုသိပ်၍ ကိုပြေညိမ်း ခပ်မဆိတ်ပင် နေလိုက်သည်။

သူ့အရှိန်နှင့် သူ နေပါစေတော့။

---

လူဆိုသည်မှာ ဖြစ်သင့်ဖြစ်ထိုက်တာထက် ဖြစ်လိုသော ဆန္ဒနောက်ကိုသာ ရူးမူးစွာ တစိုက်မတ်မတ်လိုက်တတ်သော အမျိုးပေပဲ။

နောက်ဆုံးကျတော့လည်း ဖြစ်ရမည့်အရာကိုသာ မလွှဲမသွေရင်ဆိုင်လက်ခံရစမြဲ။ သည်တော့ အချိန်ကသာလျှင် စိမ်ဆုံးဖြတ်ပေးပေလိမ့်မည်။

*

ဆရာကြည်ခေါ်နေတယ်ဟု မောင်ဝင်းစိန်လာပြောသဖြင့် ကိုပြေညိမ်း အိပ်ရာမှ ထလာခဲ့သည်။

အဆောင်ထဲမှ ထွက်လာပြီး အပေါက်ဝနား ခဏရပ်နားရင်း 'ဆရာကြည်' ဟု အသံပြုလိုက်၏။

"ဒီမှာဟေ့ လာ"

ဆရာကြည့်အသံထွက်လာရာ စကြံလမ်းထိပ်ဆီသို့ ကိုပြေညိမ်းလျှောက်လာခဲ့သည်။

ကွပ်ပျစ်အစွန်းကို ထိမိတော့–

"ဆရာကြည်ခေါ်တယ်ဆို ဘာပြောစရာရှိလို့လဲ"ဟု မေးရင်းဝင်ထိုင်လိုက်သည်။

"အေး မေးစရာရော ဆုံးမစရာရောရှိလို့ ဆိုပါတော့ကွာ"

အလို ဆုံးမစရာရှိလို့ဆိုတော့ ကိုယ်က အပြစ်တစ်စုံတစ်ခု ကျူးလွန်ထားသလိုပါပဲလားဟု တွေးမိလျက် ကိုပြေညိမ်း တစ်ချက်ပြုံးမိသည်။

"ဆိုပါဦးဗျ ဘာတွေများ ဩဝါဒပေးမလို့လဲ၊ ဒီအချိန်က ဩဝါဒအချိန်လဲ မဟုတ်သေးပါဘူး"

သီရိဆွေစာအုပ်တိုက်

"ရှုတ်နောက်နောက်လုပ်မနေနဲ့ မောင်ပြေညိမ်း၊ ငါ အလေးအနက် ပြောမလို့"

ကိုပြေညိမ်း၏ရယ်ကျဲကျဲလေသံကို ဆရာကြည်က မနှစ်မြို့ဟန် ခပ်မာမာတုံ့ပြန်သည်။

"မင်းနဲ့ မမြေမေကိစ္စက ဘယ်လိုဖြစ်တာလဲ၊ ငါကြားရသလောက် အမှန်ပဲလားဆိုတာ အရင်မေးရဦးမယ်"

အတတ်နိုင်ဆုံး ဘေးလူတွေမသိအောင် သိုသိုသိပ်သိပ် လုပ်ဆောင်ခဲ့ပါလျက် သတင်းက ဆရာကြည်ထိအောင်ရောက်သွားပြီဟု သိလိုက်ရတော့ စိတ်ပျက်စွာ တစ်ချက်ပြုံးလိုက်မိသည်။

"ဆရာကြည် ဘာတွေ သတင်းကြားထားလို့လဲ"

"မင်း မမြေမေကို တကယ်မကြိုက်ပဲနဲ့ ရည်းစားဖြစ်အောင်လုပ်တယ်၊ မမြေမေက လက်ထပ်ကြဖို့ပြောတော့ မင်းက ပက်ပက်စက်စက် ပြောလွှတ်လိုက်လို့ ငိုပြီး ပြန်သွားရတယ်ဆိုတာ ဟုတ်သလား"

"တယ်မြန်ပါလားဗျ မနေ့ညနေကမှ ဖြစ်တဲ့ကိစ္စ၊ အခုမနက် သိနေပြီဆိုတော့"

"မနေ့ညကတည်းက သိတာကွ၊ အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရဘူး"

"ကျွန်တော်ကလဲ မဖုံးကွယ်ပါဘူး ဆရာကြည်ရ၊ သိချင်လို့ မေးရင် ပြောဖို့ ဝန်မလေးပါဘူး"

ကိုပြေညိမ်း ခဏငြိမ်နေမိပြီးမှ ခပ်အေးအေးဆက်ပြောရသည်။

"ဆရာကြည် ကြားရတာတွေအားလုံး အမှန်ချည်းပါပဲ၊ သူက လက်ထပ်ကြဖို့ ပြောလာတဲ့အချိန်မှာ ကျွန်တော့်သဘောထားအမှန်တွေ ပြောင်ဖွင့်ပြောပြီး အပြတ်ဖြတ်လိုက်တယ်လေ၊ ဒါပေမယ့် ရည်းစားဘဝ

ကာလတစ်လျှောက်မှာ လွန်လွန်ကျွံကျွံမဖြစ်အောင် ကျွန်တော့်ဘက်က အမြဲစောင့်ထိန်းခဲ့ပါတယ်”

“မင်းတော့ မလွယ်ဘူး မောင်ပြေညီမ်း၊ မင်းစိတ်ဟာ အတော့်ကို ခက်မာကြမ်းတမ်းနေသေးတယ်”

“ကျွန်တော်က ကိုယ့်လာထိရင် တုံ့ပြန်ရမှ ကျေနပ်တယ် ဆရာကြည်၊ လူတွေက သည်းခံခွင့်လွှတ်တတ်တဲ့လူကို သူတော်ကောင်းစိတ်ရှိတယ်လို့ မထင်မှတ်ပဲ ငတုံးအလို့ ယူဆတတ်ကြတာ၊ ဒီတော့ ဆတ်ဆတ်ထိမခံ တုံ့ပြန်နိုင်မှ တော်ကာကျတာ”

“မဟုတ်သေးပါဘူးကွာ၊ အခုဟာက မင်းကို လာပြောတာလဲ မဟုတ်၊ အပြောခံရတာက မောင်မောင်၊ မင်းက ကြားထဲက မနေနိုင် မထိုင်နိုင်”

“လူတွေက အဲဒါခက်တာပဲဗျ၊ ကိုယ့်ကို တိုက်ရိုက်လာထိမှ နာတတ်တာ၊ သူတစ်ပါး အစော်ကားခံနေရတာဆိုရင် ကိုယ်နဲ့ ဘာမှမဆိုင်သလို ကြောင်တောင်ကြည့်နေနိုင်တယ်၊ အဲဒီလိုသာ ကိုယ်နဲ့မဆိုင်လို့ ကြားဝင်မစွက်ဖက်စတမ်းဆိုရင် ဂေါတမမြတ်စွာဘုရားတောင် ပွင့်လာစရာ အကြောင်းမရှိဘူး”

ကိုပြေညီမ်းက သုမေဓာရှင်ရသေ့ဇာတ်ကို ဖျတ်ခနဲ သတိရမိပြီး ခပ်တည်တည်ပြောလိုက်သည်။

“ဘယ်လိုကွ ဘာကြောင့် ဂေါတမမြတ်စွာဘုရား မပွင့်ရမှာလဲ”

“တလောက ဆရာဖေပြောပြတဲ့ သုမေဓာရှင်ရသေ့ဇာတ်လမ်း ဆရာကြည် သိတယ်မဟုတ်လား၊ သုမေဓာဟာ အဲဒီဘဝမှာတင် ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်ဝင်နိုင်တာသိရက်သားနဲ့ အေးအေးဆေးဆေးမနေပဲ အများ

သတ္တဝါတွေကို ကယ်တင်ချင်လို့ ဒီပက်ရာဘုရားဆီမှာ ဘုရားဆုပန်ပြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတောင် သံသရာမှာ ကျင်လည်ပြီး ဒုက္ခခံခဲ့တာ မဟုတ်လား"

"ကြီးကြီးကျယ်ကျယ်ကွာ အဲဒါနဲ့ မင်းနဲ့ ဘာဆိုင်သလဲ၊ သုမေဓာက ပရဟိတအကျိုး၊ အများအကျိုးအတွက် အနစ်နာခံ ပါရမီဖြည့်တာ၊ အကျိုးပြုလုပ်ငန်း၊ မင်းဟာက အဖျက်လုပ်ငန်း၊ မဆိုင်တာတွေ နှိုင်းပြောမနေနဲ့၊ မိုးကြိုးပစ်ခံနေရမယ်"

ကိုပြေညိမ်းက ဆရာကြည့်လေသံကို နားထောင်ပြီး တစ်ချက်ရယ်မိသည်။ ပြီးမှ–

"မဟုတ်ပါဘူး ဆရာကြည်ရ၊ ကိုယ်နဲ့ မပတ်သက်ပေမယ့်လဲ အများကို ထိလာရင် အများအကျိုးအတွက်ဆိုရင် ကိုယ်တိုင် ပါဝင်လှုပ်ရှားရမယ်ဆိုတာကို ပြောချင်တာပါ၊ လူလူချင်း မစာနာ၊ ရိုင်းပြစော်ကားတဲ့စကားမျိုး နောင်မပြောရဲအောင် ကျွန်တော် ပညာပေးလိုက်တာပဲ"

"အေး လူတစ်ယောက်ကို အရှက်တကွဲဖြစ် မျက်ရည်ပေါက်ကြီးငယ်ကျအောင် ပညာပေးတာကတော့ လွန်တာပေါ့ကွာ၊ ဟိုက စလိုက်တာက ဝစီကံပြစ်မှု၊ မင်း တုံ့ပြန်လိုက်တာက ကံသုံးပါးလုံးနဲ့ ကျူးလွန်ပြစ်မှားတာဆိုတော့ ဘယ်သူက ပိုပြီး အပြစ်ကြီးလေးမလဲ၊ ငါ မင်းကို ဆုံးမပေါင်းလဲ များပြီ"

ဆရာကြည်သည် တပည့်တော်ဖူးသူတွေကို မတော်မလျော်တာ ရှိလျှင် အသက်ကြီးငယ်မရွေး ခေါ်ယူ ဆုံးမတတ်သူ၊ ဆရာကြည့်စေတနာကို သိရှိပြီးမို့ ခပ်မဆိတ်ပင် နားထောင်နေမိသည်။

"ကိုယ်ပြစ်မှားကျူးလွန်တဲ့ ပြစ်မှုအတွက် အကုသိုလ်ကံဆိုတာ

ဘယ်လိုမှ ချေဖျက်လို့မရဘူး မောင်ပြေညိမ်း၊ ကိုယ့်နောက်က အရိပ်လို ကပ်လိုက်နေပြီး အလျှင်းသင့်တဲ့တစ်နေ့ တူညီတဲ့အကျိုး ပြန်ပေးမှာပဲ၊ သည်ဘဝမှာ အကျိုးမပေးရရင် နောက်ဘဝကျ ပေးလိမ့်မယ်၊ မင်းတို့ကို ငါ အကြိမ်ကြိမ်ပြောဖူးပါတယ်၊ လူတွေမှာ လေးမျိုးလေးစားရှိတယ်၊ အမှောင်ကလာပြီး အမှောင်ကို သွားနေတဲ့သူ၊ အမှောင်ကလာပြီး အလင်းကို သွားနေတဲ့သူ၊ အလင်းကလာပြီး အမှောင်ကိုသွားနေတဲ့သူ၊ အလင်းက လာပြီး အမှောင်ကိုသွားနေတဲ့သူဆိုပြီး ရှိရာမှာ ငါတို့ဟာ အရင်ဘဝက အကျိုးပေးမကောင်းခဲ့တာ အကုသိုလ်ဖိစီးခဲ့တာ သေချာတယ်၊ ဒါကြောင့် အမှောင်ကာလခဲ့သူတွေပဲ၊ အဲဒီတော့ ဒီဘဝမှာ အကုသိုလ်ထပ်မလုပ်မိဖို့ အမှောင်လမ်းကို မသွားမိဖို့ အရေးကြီးတယ်၊ နောက်ဆုံးတစ်နေ့ ထမင်း ငတ်ပြီး သေသွားနိုင်တဲ့အဖြစ်မျိုးကြုံရင်တောင်မှ သီလကိုတော့ လုံအောင် ထိန်း၊ အကုသိုလ်အလုပ်ကို မလုပ်မိအောင်ရှောင်ကြဖို့ ငါ အတန်တန် ပြောရက်နဲ့ကွာ”

ဆရာကြည်က မချင့်မရဲပြောတော့ ကိုပြေညိမ်း ခဏငြိမ်နေမိသည်။

“ကျွန်တော်ကတော့ သူတော်ကောင်းစိတ်မမွေးနိုင်သေးဘူး ဆရာကြည်၊ ကိုယ်ကတော့ ဘယ်တော့မှ စ,မပြစ်မှားပါဘူး၊ ဒါပေမဲ့ တစ်ဖက်က စော်ကားလာပြီဆိုရင်တော့လဲ ထိုက်ထိုက်တန်တန်တုံ့ပြန်ရမှပဲ ကျေနပ်နိုင်တယ်”

“အကုသိုလ်က အကျိုးပေးပြီဆိုရင် ဦးထမ်းပဲ့ထမ်း ရွေးမနေဘူး နော် မောင်ပြေညိမ်း၊ ဦးကပဲ ထမ်းထမ်း၊ ပဲ့ကပဲ ထမ်းထမ်း အတူတူ အကျိုးပေးမှာ”

ဘယ်အချိန်ကရောက်နေမှန်း မသိ။ ကွပ်ပျစ်တစ်ဖက်စွန်းမှ ဆရာဖေ့အသံ ထွက်လာသည်။

သည်စကားက ဆရာဖေပြောနေကျစကား။

မကောင်းမှုတစ်ခုကို သူက စလုပ်လို့ ငါက လိုက်လုပ်ရတာ၊ ငါ့မှာ အပြစ်မရှိဘူးဟု ယူဆလို့မရ။ မည်သည့်အကြောင်းကြောင့် လုပ်ရသည်ဖြစ်စေ မကောင်းမှုပြုမိသူတိုင်းကို အကုသိုလ်ကံဖိစီးမြဲဖြစ်ကြောင်း မကြာခဏ ပြောတတ်သည်။

ဆရာတို့က စေတနာအရင်းခံနှင့် ဆိုဆုံးမနေကြသည်မို့ ကိုပြေညိမ်း စောဒကတက်ပြန်လှန်ချေပမနေတော့။

"ငါတို့ကတော့ စေတနာနဲ့ ပြောတာပဲကွာ၊ ဘဝတူချင်း တစ်ကျောင်းတည်းအတူ နှစ်နဲ့ချီပြီး နေလာကြသူတွေဆိုတော့ အားလုံးကို သွေးသားလို သံယောဇဉ်ရှိနေတယ်၊ ဒီတော့ မဖြစ်သင့် မဖြစ်ထိုက်တာ မလုပ်မိကြဖို့ ပြောဆိုနေတာ သဘောပေါက်စေချင်တယ်"

"ကျွန်တော် သဘောပေါက်ပါတယ်၊ ဆရာကြီးတို့စေတနာကို နားလည်လို့ ဘာပြောပြော ကျွန်တော် စိတ်မဆိုးပါဘူး"

"အေး စိတ်တော့မဆိုးဘူး၊ ဒါပေမဲ့ ပြန်မပြော နားမထောင်ဆိုတာမျိုးလုပ်ရင်တော့လဲ မကောင်းဘူးပေါ့ကွာ"

"ဟာ နားထောင်ပါတယ် ဆရာကြီးရ၊ အခုဟာက လူငယ်တွေကိစ္စမို့ ဆရာတို့နဲ့ မတိုင်ပင်ဖြစ်တာပါ၊ ပြီးတော့ ဒါကလဲ ပြီးသွားပါပြီ၊ နောက် ဒါမျိုး မဖြစ်စေရပါဘူး"

ကိုပြေညိမ်းက ဆရာကြီးကျေနပ်အောင် ဝန်ခံကတိပြုလိုက်ရသည်။

"မောင်ပြေညိမ်းက စိတ်ရင်းသဘောထားကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ဒေါသကြီးလွန်းပြီး ဆတ်ဆတ်ထိမခံတဲ့စိတ်နဲ့ တရှူးထိုးဆုံးဖြတ် လုပ်ကိုင်တတ်တာက သိပ်ခက်နေတာ၊ ဒေါသဆိုတာ ဘယ်တော့မှကောင်း ကျိုးမပေးဘူးကွ၊ မင်းဘဝကိုပဲ ကြည့်၊ ဒေါသကြောင့် ဘယ်လိုအဖြစ်ဆိုး ကြုံခဲ့ရတယ်ဆိုတာ"

ကိုပြေညိမ်းရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရပြီး စိတ်သည် ရုတ်ခြည်း ပင် လေးလံထိုင်းမှိုင်းသွားသည်။

အတန်ကြာ ဆုံးမစကားပြောဆိုနေပြီးမှ ဆရာကြည်နှင့် ဆရာ ဖေတို့ ရေချိုးဦးမည်ဆိုကာ ထသွားကြသည်။

ကွပ်ပျစ်ပေါ်မှာ ကိုပြေညိမ်းတစ်ယောက်တည်း ကျန်ရစ်သည်။

ဆရာကြည် အစဖော်ပေးသွားသော အတိတ်၏ပုံရိပ်များသည် ကိုပြေညိမ်းစိတ်ကူးအမြင်အာရုံထဲမှာ တဖျပ်ဖျပ်ပေါ်လာကြသည်။ အတွေး မျှင်တစ်စ ဆွဲငင်လိုက်မိရုံနှင့် အတိတ်ဖြစ်စဉ်တို့သည် ပီပီပြင်ပြင် ပေါ် လာတတ်စမြဲ။

* * *

သိတတ်စအရွယ်ကတည်းက ဘဝကို မကျေနပ်မှုများနှင့် ကိုပြေ ညိမ်း စတင်ထိတွေ့ခဲ့ရသည်။

ကိုပြေညိမ်းက ရွှေဘိုမြို့နယ် ကျားရွာဇာတိ။ မောင်နှမငါးယောက် မှာ သူက နံပါတ်သုံး၊ အလတ်ပီပီ မိဘများက မောင်နှမတွေထဲမှာ သူ့ကို ချစ်ခင်ယုယမှုအနည်းဆုံးဟု မှတ်ယူခံစားခဲ့မိသည်။

အဖေသည် သားကြီးနှင့် သမီးကြီးကို ပို၍ချစ်ခင် ဂရုစိုက်တတ် သလို အမေကလည်း သားငယ်နှင့် သမီးထွေးကိုသာ ယုယပြုစုတတ်သူဟု သူမြင်သည်။ သည်တော့ ငယ်စဉ်ကတည်းက ကိုပြေညိမ်း အဖေနှင့် အမေကို သိပ်မကြည်။ မောင်နှမတစ်တွေနှင့် စကားများရန်ဖြစ်ကြပြီဆိုလျှင် လည်း လက်ဦးအောင် ဆော်တတ်စမြဲ။ ကိုပြေညိမ်းလက်ချက်ကြောင့် ကလေးတွေ ထိခိုက်အနာတရဖြစ်ရပြီဆိုလျှင် အဖေက ကိုပြေညိမ်းကို ရိုက်နှက်ဆုံးမတတ်သည်။ အမေကလည်း ကလေးတို့၏ဖူးယောင်ပေါက်ပြဲ ဒဏ်ရာများကို ဆေးထည့်တန် ထည့်၊ ဆားကြက်ထုပ်ထိုးတန် ထိုးနှင့် ပြုစုကုသရင်း ကိုပြေညိမ်းကို တဖျစ်တောက်တောက် ဆဲဆိုမာန်မဲလို့ မဆုံး။

စားတော့ဝါးတော့မလို မျက်မှောင်ကြုတ်ကြည့်လျက် "ရုပ်ကလေး သနားကမားနဲ့ တော်တော်အကျင့်ယုတ်တဲ့အကောင်" ဟု ပြောဆိုတတ်သော

အမေ့စကားနှင့် မျက်နှာထားကို ကိုပြေညိမ်း ဘယ်တော့မှ မမေ့။ အဖေနှင့် အမေတို့သည် ကျန်သားသမီးတွေကိုချစ်သလောက် ကိုပြေညိမ်းကို မချစ် ဟူသော ထင်မြင်ယူဆချက်သည် ပို၍သာခိုင်မြဲ စွဲမြဲလာသည်နှင့်အမျှ မိဘတွေကို ခင်တွယ်စိတ်နည်းပါးလာခဲ့သည်။ အရွယ်ကလေး ရလာတော့ အိမ်မှာနေသည့်အချိန်က နည်းနည်း။ အပြင်ထွက် အပေါင်းအသင်းများနှင့် လည်ပတ်ကစားရင်း အချိန်ကုန်တတ်မြဲ။

အစ်ကိုအောင်မြင့်နှင့် အစ်မတို့က ကျောင်းအားရက်တွေမှာ ယာခင်းများသို့ အဖေနှင့်အတူ လိုက်ပါကူညီတတ်ပေမယ့် ကိုပြေညိမ်းက ဘယ်တော့မှ မလိုက်။

ကိုပြေညိမ်း ဆယ့်ခြောက်နှစ်အရွယ်မှာ ရှစ်တန်းအောင်တော့ ညောင်ပင်သာရွာမှာ ကျောင်းတက်ရသည်။

ကျားရွာမှာက အလယ်တန်းကျောင်းသာရှိ၍ ကျောင်းဆက်တက်လိုလျှင် ကျားရွာနှင့် နှစ်မိုင်ကျော်ဝေးသည့် ညောင်ပင်သာရွာ တွဲဖက်အထက်တန်းကျောင်းသို့ သွားတက်ရသည်။

ထိုနှစ်က မှတ်မှတ်ရရ အစ်ကိုအောင်မြင့် အိမ်ထောင်ကျသောနှစ်။

ကိုပြေညိမ်းထက် ခြောက်နှစ်ပိုကြီးသော အစ်ကိုအောင်မြင့်သည် ကိုးတန်းမှာ နှစ်နှစ်ဆက်ကျပြီး ကျောင်းထွက်ခဲ့သည်။ နွေရာသီတစ်ခုမှာ မြစ်ကြီးနားတွင် အခြေကျနေသော လက်သမားဆရာဦးလေးအိမ် သွားလည်ရင်း ချစ်သူတွေ့လာသည်။

အစ်ကိုအောင်မြင့်သည် အဖေ့ယာလုပ်ငန်းမှာ စိတ်မဝင်စားတော့။ မြစ်ကြီးနားက ဦးလေးအိမ်သွားနေပြီး လက်သမားအတတ်သင်ယူမည်ဟု ဆိုသည်။ အဖေက ခွင့်မပြုခဲ့ပေမယ့် အစ်ကိုအောင်မြင့်အိမ်မှ ဇွတ်ထွက်ခွာသွားခဲ့သည်။

ဦးလေးအိမ်မှာနေပြီး သုံးလမပြည့်မီ အစ်ကိုအောင်မြိုင် မိန်းမခိုးသွားသည့်အကြောင်း ကြားသိရတော့ အဖေ ဒေါသထွက်လို့မဆုံး။ နဂိုက ဒေါသကြီး ဆူပူမာန်မဲတတ်သောအဖေသည် အစ်ကိုအောင်မြိုင် မိန်းမယူပြီးကတည်းက အိမ်သားများအပေါ် ပို၍ခက်ထန်တင်းမာနေတော့သည်။ သူအားထားသော သားကြီးကို လက်လွှတ်ဆုံးရှုံးလိုက်ရခြင်းသည် ကျန်သားသမီးတွေအပေါ် ထစ်ခနဲရှိ မကျေမနပ် အပြစ်ဆိုမာန်မဲစရာဖြစ်နေလေသည်။

ကိုပြေညီမ်းနှင့် အဖေက ငယ်စဉ်ကတည်းက အစေးကပ်လှသည်မဟုတ်။ ကြီးလာတော့ ပို၍ကင်းကင်းကွာကွာနေဖြစ်သည်။

အဖေ့ယာလုပ်ငန်းကိုလည်း ကိုပြေညီမ်း အရင်ကတည်းက ဝါသနာမပါ။ ကိုပြေညီမ်းက ဘောလုံးကန်၊ ဘော်လီဘောပုတ်စသည့် အားကစားတွေမှာ စိတ်ထက်သန်စွာပါဝင်တတ်သလို စာဖတ်ဝါသနာလည်း ထုံသည်။

ညောင်ပင်သာရွာ တွဲဖက်အထက်တန်းကျောင်းမှာ ကိုးတန်း တက်ရသည့်နှစ်ကတော့ ကိုပြေညီမ်းဘဝမှာ ပထမဆုံးအကြိမ် အချစ်ကို တင်ထိတွေ့သောနှစ်။

ကိုပြေညီမ်းနှင့် တစ်တန်းတည်းကျောင်းသူ နွဲ့နွဲ့ရီကို စတင်ချစ်မိပြီဆိုကတည်းက အရူးအမူး။ ကျောင်းမှာ တစ်နေကုန်တွေ့မြင်ရရုံနှင့် အားမရ။ ညဦးပိုင်းမှာ နွဲ့နွဲ့ရီတို့အိမ်ရှေ့သွား၍ လှတစ်မျက်နှာကို ကြည့်ရှုခွင့်ရဖို့ လျှောက်ပြန်သံပေးလုပ်ရတာ မမောနိုင်။

နွဲ့နွဲ့ရီ၏မိဘများက ယာခင်းများစွာပိုင်ဆိုင်၍ ချမ်းသာကြွယ်ဝကြသည်။ ဥစ္စာပေါ ရုပ်ချော နွဲ့နွဲ့ရီ၏အချစ်ပန်းကို ဆွတ်လှမ်းလိုသူတို့ဝိုင်းလည်နေသည့်အထဲက ကိုပြေညီမ်း ကြာမြင့်စွာ မကြိုးပမ်းလိုက်ရပဲ ပိုင်ဆိုင်ခွင့်ရလိုက်သည်။

ကိုပြေညီမ်းမိဘများမှာ သာမန်လူတန်းစားဆိုပေမယ့် ကိုပြေညီမ်းက ကျောင်းမှာ ရေပန်းစားသည်။ ရုပ်ရည်သန့်ပြန့်ချောမော၍ အပြောအဆို သွက်လက်ရည်မွန်ကာ အားကစားအဖွဲ့တွေမှာ ဦးဆောင်လှုပ်ရှားတတ်သော ကိုပြေညီမ်းကို ကြည်ဖြူလိုသူမိန်းကလေးတွေက မရှား။

ကိုပြေညီမ်းနှင့် နွဲ့နွဲ့ရီကို သမီးရည်းစားဖြစ်နေသည့်အကြောင်း အဖေသိသွားတော့ ယမ်းပုံမီးကျ ဒေါသူပုန်ထတော့သည်။

"ဟင်း နို့နဲ့မှ မစင်သေးတဲ့အကောင်က ရည်းစားထားသတဲ့၊ မိန်းမယူပြီး မင်း ဘာလုပ်ကျွေးမလဲ၊ အသုံးမကျတဲ့ကောင်၊ မိဘတွေက တော့ ရွှံ့ထဲဗွက်ထဲရှန်း အဆင်းရဲအပင်ပန်းခံပြီး ပညာတတ်ပါစေတော့လို့ ကျောင်းထားပေး၊ သူတို့ကတော့ ကမြင်းကြောထဖို့က အရင်"

အဖေ၏မကျေမချမ်း ကြိမ်းမောင်း မာန်မဲသံတို့က မဆုံးနိုင်။

အချိန်တန်အရွယ်ရောက်လို့ မိန်းကလေးတစ်ယောက်ကို ချစ်မိတာ ဟာ အပြစ်လား။ အဖေကော အမေ့ကိုယူခဲ့တုန်းက ဆယ့်ရှစ်နှစ်ပဲ ရှိသေး တာဆိုဟု ပြန်မေးလိုက်ချင်သောဆန္ဒကို အနိုင်နိုင်ထိန်းခဲ့ရသည်။

"အခု ကျွန်တော်က မိန်းမယူသေးတာလဲ မဟုတ်၊ ရည်းစားထားရုံ ရှိသေးတာ"ဟုတော့ ပြန်ပြောဖြစ်ခဲ့သည်။

"မင်းလိုကောင်ကို ကောင်မလေးမိဘတွေက မပေးစားသေးဘူး၊ မင်းထက်သာတာတွေ ဟိုမှာအပုံ"ဆိုသည့် အဖေ့စကားက ကိုပြေညီမ်းကို အထင်အမြင်သေးလွန်းတာ ထင်ရှားသည်။

နွဲ့နွဲ့ရီကို ရအောင်ယူပြဦးမည်ဟု ဆုံးဖြတ်မိသည်။

ထိုနှစ်က ကိုးတန်းစာမေးပွဲဖြေဆိုဖို့ တစ်လခန့်အလိုမှာ နွဲ့နွဲ့ရီကို မြို့ပေါ်မှ စက်သူဌေးသားတစ်ယောက်က စေ့စပ်ကမ်းလှမ်းကြောင်း သတင်း ကြားရသည်။

နွဲ့နွဲ့ရီကိုမေးကြည့်တော့ "လူကြီးတွေက သဘောတူပေမယ့် ကျွန်မ မကြိုက်ရင် သူတို့ ဘာမှမလုပ်ပါဘူး၊ စိတ်မပူပါနဲ့"ဟု ခပ်အေးအေးဆိုပေမယ့် ကိုပြေညိမ်း စိတ်မအေးနိုင်။

ချစ်သူနှင့် အတူနေကြဖို့အရေး ပညာဆုံးခန်းတိုင်အောင် သင်၊ အလုပ်အကိုင် အခြေတကျရသည်အထိ စောင့်ဆိုင်းနေသင့်သည်ဟု မထင်မှတ်တော့။ ချစ်သူနှင့် အမြန်ဆုံးနီးရဖို့ကိုပဲ စိတ်ထက်သန်နေမိတော့သည်။

ကိုပြေညိမ်းက နွဲ့နွဲ့ရီကို စိတ်မချကြောင်း ကိုးတန်းဖြေပြီးလျှင် နွဲ့နွဲ့ရီမိဘများကို ဖွင့်ပြော၍ ကိုပြေညိမ်းနှင့် သဘောမတူဘူးဆိုလျှင် ထွက်ပြေးကြဖို့အကြောင်း ပြောပြတော့ နွဲ့နွဲ့ရီက လက်မခံ။ သူ့အနေနှင့် ဘယ်တော့မှ သစ္စာမဖောက်ပါ။ မိဘများက စက်သူဌေးသားနှင့် အတင်းအကျပ်ပေးစားဖို့ ကြံစည်ခဲ့သော် ကိုပြေညိမ်းခေါ်ရာလိုက်ပါမည်ဟု ကတိစကားအထပ်ထပ်ပြောလျက် နှစ်သိမ့်ခဲ့သည်။

ထိုနှစ်က ကိုပြေညိမ်းရော နွဲ့နွဲ့ရီပါ ကိုးတန်းစာမေးပွဲကျသည်။

အဖေက မိန်းမကိစ္စ စိတ်များနေလို့ စာမေးပွဲကျတာဟု စွပ်စွဲကာ ကိုပြေညိမ်းကို ဆူပူမာန်မဲလို့ မဆုံးနိုင်။ ကျောင်းဆက်မထားတော့ဟု ဆိုသည်။ အမေက ဖျောင်းဖျပြောဆိုတော့မှ ကျောင်းဆက်ထားဖြစ်သည်။

နွဲ့နွဲ့ရီကိုတော့ သူ့မိဘများက အပြီးအပိုင် ကျောင်းနှုတ်လိုက်ကြသည်။

ကျောင်းဖွင့်လို့ နှစ်လကျော်သည့်တိုင် ကိုပြေညိမ်း နွဲ့နွဲ့ရီကို တွေ့ဆုံခွင့်မရ။ ပထမပိုင်းကတော့ သူငယ်ချင်းမတစ်ယောက်အကူအညီနှင့် စာအဆက်အသွယ်ရခဲ့သေးသည်။

စက်သူဌေးသားနှင့် နွဲ့နွဲ့ရီကို လက်ထပ်ပေးစားတော့မည်ဟူသော သတင်းထွက်လာချိန်မှာတော့ ကိုပြေညိမ်း အေးဆေးစောင့်ဆိုင်းနေလို့

မရတော့။ ခိုးပြေးမှ ဖြစ်တော့မည်ဟုဆုံးဖြတ်၍ နွဲ့နွဲ့ရီဆီ စာရေးလိုက်သည်။ ယခုလိုအခြေအနေမျိုးနှင့် ထွက်ပြေးကြဖို့ ဘယ်လိုမှ မဖြစ်နိုင်။ သူ့ကိုမေ့လိုက်ပါတော့ဆိုသည့် သူငယ်ချင်းမှ တစ်ဆင့် ပြန်ကြားလိုက်သည့် နွဲ့နွဲ့ရီ၏ အဖြေစကားက ကိုပြေညိမ်းကို ကြီးစွာအံ့သြတုန်လှုပ်စေခဲ့သည်။

ကိုပြေညိမ်းဘဝမှာ ပထမဆုံး နာကြည်းကြေကွဲခြင်း ဝေဒနာခံစားခဲ့ရသောကာလများ။

ချစ်သူ၏သစ္စာမဲ့မှုကို ကိုပြေညိမ်း ကြံ့ကြံ့ခံနိုင်စွမ်း မရှိ။ ဆောက်တည်ရာမရသောစိတ်၏ ဖြေရာအဖြစ် အသက်ဆယ့်ရှစ်နှစ်ပင် မပြည့်တတ်သေးမီ အရက်စတင်သောက်ဖြစ်သည်။ အဖေသိသွားတော့ ရိုက်နှက်ဆုံးမသည်အထိ အဖေ ဒေါသပေါက်ကွဲခဲ့သည်။

"ဘယ်တော့မှ ဖြစ်ထွန်းမယ့်အကောင်မဟုတ်ဘူး၊ ကျောင်းထားလို့လဲ အလကားပဲ၊ ငွေကုန်တာပဲ အဖတ်တင်မယ်၊ မိဘလုပ်စာ ထိုင်စားပြီး ရည်းစားကပစ်သွားတာနဲ့ အရက်သောက်ရသတဲ့ကွာ၊ မင်းရုပ်ကိုက ကျက်သရေတုံးတယ်၊ မင်း ဒီအိမ်ပေါ်ကဆင်းသွားရင် ကောင်းမယ်"

ချစ်ဦးသူ၏ ရက်စက်စိမ်းကားခြင်းကြောင့် နာကျင်ကြေကွဲနေသော နှလုံးသားကို အဖေ၏ ကြမ်းတမ်းသောစကားများက ပြင်းထန်စွာ ထိုးနှက်လိုက်သလိုပင်။

ထိုနှစ်က ဒုတိယအစမ်းစာမေးပွဲပင် မဖြေဖြစ်တော့။

နွဲ့နွဲ့ရီတို့လက်ထပ်ပွဲ ဆင်နွှဲဖို့ ပြင်ဆင်ဆဲကာလ၊ တန်ဆောင်မုန်းလမှာ ကိုပြေညိမ်း ကျောင်းရောအိမ်ပါ စွန့်ခွာ၍ မြစ်ကြီးနားမှ အစ်ကို အောင်မြိုင်ဆီသို့ ထွက်ပြေးခဲ့လေသည်။

သည်ကတည်းက ကိုပြေညိမ်း၏ ရည်မှန်းချက်တို့သည် တစ်ခုပြီး တစ်ခု လွင့်ပါးပျောက်ကွယ်သွားခဲ့သည်။

အစ်ကိုအောင်မြင့်တို့အိမ်ထောင်ကလည်း စီးပွားရေးမပြေလည်။ အစ်ကိုအောင်မြင့်သည် အဆောတလျှင်မိန်းမယူပြီးသည့်နောက် ဆိုက်ကား သမားသာ ဖြစ်ခဲ့ရသည်။ မိန်းမအိမ်လိုက်နေရင်း ယောက္ခမကြီးနှင့် ခယ်မ တစ်ယောက်တာဝန်ကိုပါ ထမ်းနေရတော့ အစ်ကိုအောင်မြင့်လုပ်စာက သူတို့မိသားစုအတွက်မှ အနိုင်နိုင်။

အစ်ကို့အရိပ်ခိုရင်း ပညာဆက်သင်ယူဖို့ဆိုတာ ကိုပြေညီမ်း မစဉ်း စားအပ်သည့်အရာလို သဘောထားကာ ရရာအလုပ်ဝင်လုပ်ဖြစ်သည်။

ဆောက်လုပ်ရေးမှာ ရေပေါ်ထိုးလွှတိုက် သာမန်အလုပ်သမားအဖြစ် ကိုပြေညီမ်း အလုပ်စဝင်တော့ လခနှစ်ရာ့လေးဆယ်ရသည်။

တစ်နေကုန်ပင်ပန်းကြီးစွာ အလုပ်လုပ်ပြီး၍ အိမ်အပြန်ညနေချိန် များသည် ကိုပြေညီမ်း၏ပျော်ရွှင်မှုကင်းမဲ့ ညှိုးငယ်လေလွင့်နေသောစိတ်ကို ဖြေဆေးပေးချိန်။ ရာသီဥတုအေးအေးမှာ ရင်နွေးစေသော ကချင်အရက် သည် ကိုပြေညီမ်း၏အဖော်မွန်ဖြစ်လာသည်။

ရည်ရွယ်ချက်မဲ့ဘဝမှာ အထီးကျန်လွင့်မျောရင်း တစ်နှစ်ကျော် အကြာတွင် ကိုပြေညီမ်းအတွက် အကုသိုလ်စဝင်သည်။

ကိုပြေညီမ်းတို့အဖွဲ့ ကျွန်းပင်သာရပ်ကွက်မှာ တိုက်တစ်လုံးဆောက် နေစဉ် ကိုပြေညီမ်းဦးခေါင်းပေါ်သို့ အုတ်ခဲတစ်လုံး ပြုတ်ကျခိုက်မိသည်။ မြစ်ကြီးနားဆေးရုံတက်၍ တစ်လကျော်ကြာအောင် ကုသခဲ့ရသည်။

အိပ်ရာပေါ်မှာ တစ်ယောက်တည်း ငြိမ်သက်စွာလှဲလျောင်းနေရ ချိန်များမှာ ဘဝကို အလေးအနက်သုံးသပ်မိသည်။ နာကြည်းဖွယ်ကောင်း သော အတိတ်ကိုတွေးမိသလို အနာဂတ်ကိုလည်း မျှော်ကြည့်မိသည်။

မိန်းကလေးတစ်ယောက်၏သစ္စာမဲ့မှုကြောင့် မိမိဘဝကို ရေစုံမျော လျက် ကြုံသလိုကျသလို ပင်ပန်းကြီးစွာရုန်းကန်ရင်း ကုန်ဆုံးစေရမည်လား။

ကိုပြေညိမ်းအသက်က အခုမှ နှစ်ဆယ်ကျော်စပဲ ရှိသေးသည်။ ဘ၀မှာ လူလုပ်ရမည့်အချိန်တွေ အများကြီးကျန်သေးသည်။

ကိုးတန်းကျောင်းသားဘ၀က မျှော်မှန်းခဲ့ဖူးသော ရည်ရွယ်ချက်ပန်းတိုင်များကို ပြန်လည်မှန်းဆမိသည်။

စာဖတ်ဝါသနာကြီး၍ စာရေးဆရာလုပ်မည်ဟု စိတ်ကူးယဉ်ခဲ့ဖူးတာ၊ ဘွဲ့ရအောင် ပညာသင်ပြီး အရာရှိတစ်ဦးဖြစ်အောင် ကြိုးစားမည်ဟု ရည်မှန်းခဲ့ဖူးတာတွေဟာ ယခုဘ၀အခြေအနေမှာ မဖြစ်နိုင်တော့သော အရာတွေလား။

ယောက်ျားကောင်းတစ်ယောက်အတွက် ကြိုးစားလျှင် ဘုရားတောင်ဖြစ်နိုင်သည်ဟု အဆိုရှိသည်ပဲ။ ဖွဲမာန်ရှိရှိ အားထုတ်လျှင် ဖြစ်နိုင်ရမည်ဟု အားသစ်လောင်းအတွေးများ ဝင်နေမိသည်။

ဆေးရုံပေါ်မှာ ဆေးကုသမှုခံယူရင်း ကိုပြေညိမ်းဘဝ အမြင်ပြောင်းလဲနေဆဲကာလမှာပင် ဒုတိယအချစ်နှင့် ဆုံးစည်းရပြန်လေသည်။

သူနာပြုဆရာမလေး 'မိုး' သည် ကိုပြေညိမ်း၏ဦးခေါင်းမှ ဒဏ်ရာကို ဂရုတစိုက်ပြုစုကုသပေးရုံမျှမက နှလုံးသားမှ အနာကိုလည်း အကင်းသေပပျောက်အောင် ဖယ်ရှားပေးနိုင်ခဲ့သူတည်း။

တစ်လကြာ အနေနီးစပ်မှုသည် သံယောဇဉ်ကြိုးကို တင်းရစ်စေခဲ့၏။ အပြောအဆိုညင်သာသိမ်မွေ့သမျှ စိတ်နှလုံးဖြူစင်သော မိုးကို ချစ်မိလေပြီဟု ကိုပြေညိမ်းခံစားမိရချိန်မှာ စိတ်က မဝံ့မရဲ။ လက်ရှိအခြေအနေကွာဟမှုကြောင့် ကိုပြေညိမ်းအချစ်ကို အလေးအနက်ထား စဉ်းစားပါ့မလားဟု တထင့်ထင့်စိတ်ပူပန်ခဲ့ရသည်။

မထင်မှတ်ပဲ မိုး၏မေတ္တာတုံ့ပြန်မှုကို အလွယ်တကူရရှိတော့ ကိုပြေညိမ်းဘဝသည် ပြန်လည်ရွှန်းသစ် ရှင်သန်လာသည်။

ဆေးရုံမှ ဆင်းခဲ့ပြီးနောက် ကိုပြေညိမ်း အလုပ်ကို ပို၍ အားကြိုးမာန်တက်လုပ်ကိုင်သည်။ ချစ်သူကို အဆင့်အတန်းရှိရှိ ထားနိုင်ရမည်ဟူသောအသိနှင့် စီးပွားရေးလုပ်ငန်းတွေကိုလည်း မျက်စိဖွင့် နားစွင့်လေ့လာမိသည်။

ကိုပြေညိမ်းဆောက်လုပ်ရေးမှာ ကြီးကြပ်ရေးတာဝန် ရာထူးတက်ချိန်မှာ အရက်လုံးဝဖြတ်လိုက်သည်။ အသုံးအစွဲများ တတ်နိုင်သမျှ လျှော့၍ ဘောပေါက်ဝင်ငွေရနိုင်သည့် အလုပ်ကလေးများကိုလည်း ရှာကြံလုပ်ရင်း ငွေကို ကျစ်ကျစ်ပါအောင်စုသည်။

ညနေဆည်းဆာချိန်များကို ချစ်သူနှင့်အတူ ကုန်ဆုံးစေရင်း၊ ကိုပြေညိမ်းဘဝကို ကျေနပ်စွာဖြတ်သန်းဆဲ၊ မိုးနှင့် သီတင်းကျွတ်မှာ လက်ထပ်မည်ဟု ရည်စူးထားကြသည်။ သည်ကြားထဲ ကိုပြေညိမ်း အလုပ်မှ ခွင့်ယူ၍ ဆင်ဘိုတာလောကြီးဘက် ကုန်သွားဝယ်ပြီး အရောင်းအဝယ်လုပ်ငန်း မြေစမ်းခရမ်းပျိုး လုပ်ကိုင်ကြည့်ရန် စိတ်ကူးသည်။

မျှော်လင့်ရည်မှန်းချက်များစွာနှင့် ဘဝကို တက်ကြွစွာလှုပ်ရှားရင်း ချစ်သူနှင့် ရွှင်ကြည်ပျော်မွေ့ခဲ့ရသောကာလသည် နှစ်နှစ်ပင် မကြာလိုက်။ ကံကြမ္မာသည် ကိုပြေညိမ်းဘဝမှာ ကျေနပ်ပျော်ရွှင်နေတာ ရှုစိမ့်ဟန်မတူ။

ထိုနှစ်က ဆောင်းဦးပေါက်ရာသီမှာ မိုးအစ်ကိုအရင်း ဆရာဝန်မြစ်ကြီးနားဆေးရုံသို့ ပြောင်းရွှေ့ရောက်ရှိလာသည်။ မိုးနှင့် ကိုပြေညိမ်းတို့အဖြစ်ကိုသိရတော့ မိုးကို တင်းကြပ်စွာထိန်းသိမ်းတော့သည်။ ဆေးရုံအသွားအပြန် မိုးကို သူ့အစ်ကိုကားပေါ်မှာပဲ တွေ့ရသည်။ ကိုပြေညိမ်းနှင့်မိုး နှစ်ယောက်ချင်းတွေ့ဆုံခွင့် မရတော့။

တစ်ရက်အလုပ်မှ ခွင့်ယူ၍ ကိုပြေညိမ်း ဆေးရုံသို့သွားကာ မိုးနှင့်တွေ့ဆုံနိုင်ဖို့ ကြိုးစားရသည်။

ကိုပြေညီမ်းကိုမြင်တော့ မိုး မျက်စိမျက်နှာပျက်နေသည်။ သူ့အစ်ကို လည်း ဆေးရုံမှာ ဂျူတီရှိနေသည်။ နောက် ဆေးရုံကို မလာပါနှင့်ဟု ထိတ်လန့်စိုးရွံ့ဟန်ပြောတော့ ကိုပြေညီမ်း ဝမ်းနည်းစိတ်တိုလာမိသည်။

အိမ်သွားတွေ့လို့လည်း မရ။ စာရေးလိုက်တော့လည်း ပြန်စာ မရ။

"မိုးလုပ်ပုံက ဘယ်လိုလဲ၊ မိုးအစ်ကို ဩဇာကို မလွန်ဆန်နိုင်တဲ့ သဘောလား၊ ရှင်းရှင်းပြောစမ်းပါ မိုး၊ ကျွန်တော့်ကို မိုး လက်မတွဲနိုင် တော့ဘူး မဟုတ်လား"

ကိုပြေညီမ်း ပူပန်ဒေါသစွက်လျက် မေးမိသည်။

မိုး သိပ်စိတ်ညစ်တယ် ကိုပြေညီမ်းရယ်၊ အခုလောလောဆယ်တော့ မိုး ဘာလုပ်ရမှန်း မသိသေးဘူး"

မိုး၏မရေမရာစကားက ကိုပြေညီမ်းကို ပို၍သံသယပွားစေသည်။

"ဘာဖြစ်လို့ ဘာလုပ်ရမှန်း မသိရမှာလဲ၊ မိုး ကျွန်တော့်ကို တကယ်ချစ်တယ်၊ လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ်ဆိုရင် အစ်ကိုသဘော မတူရင် ထွက်ပြေးကြဖို့လမ်းပဲ ရှိတော့တာပေါ့၊ မိုး သတ္တိမရှိဘူးလား"

ကိုပြေညီမ်း၏ အားမလိုအားမရ မာထန်စကားက မိုး၏ထိတ်လန့် တုန်လှုပ်နေခြင်းကို ပြောင်းလဲနိုင်စွမ်းမရှိ။

"ချစ်ရင် သတ္တိရှိရမယ် မိုး၊ စွန့်စားရဲရမယ်၊ မိုး ကျွန်တော့်နောက် လိုက်ခဲ့ပါ"

"အခုတော့ မဖြစ်နိုင်သေးဘူး ကိုပြေညီမ်းရယ်၊ မိုး စဉ်းစားပါရ စေဦး၊ မိုး သစ္စာမဖောက်ဘူးဆိုတာတော့ ယုံပါ၊ ဒါပေမဲ့ မိုး အလုပ်လဲ မထွက်နိုင်တော့ အခုလောလောဆ ကာမှဆုံးဖြတ်လို့ မရသေးဘူး၊ မိုး သွားတော့မယ်"

မိုးက မျက်ရည်လည်နေသောမျက်လုံးများနှင့် ကိုပြေညိမ်းကို တစ်ချက်ကြည့်၍ ခပ်သုတ်သုတ်ထွက်ခွာသွားခဲ့သည်။

ထိုနေ့က ကိုပြေညိမ်းနှင့် မိုး နှစ်ယောက်တည်း နောက်ဆုံးအကြိမ်တွေ့လိုက်ရခြင်းပင်။ နောက်ပိုင်း ကိုပြေညိမ်း ဘယ်လိုပဲကြိုးပမ်းပေမယ့် တွေ့ဆုံခွင့်မရခဲ့တော့။

နောက်နှစ်လခန့်အကြာ မိုး ဗန်းမော်ဆေးရုံသို့ ပြောင်းရွှေ့သွားကြောင်း မြစ်ကြီးနားမှ မိုး ထွက်ခွာသွားပြီးမှပင် ကိုပြေညိမ်း သိခဲ့ရလေသည်။

မိုးသည် နှုတ်ဆက်စာလေးတစ်စောင်ပင် ရေးမသွားခဲ့။ လောလောဆယ်ပေါင်းဆုံဖို့ မဆောင်ရွက်နိုင်သေးလျှင်သော်မှ အနာဂတ်အတွက် ရည်မှန်းချက်များကိုတော့ စာရေးအသိပေးခဲ့ဖို့ ကောင်းသည်။ ခုတော့ မိုး၏ ရက်စက်စိမ်းကားသော သဘောထားက အထင်းသား။ ကိုပြေညိမ်း အကြီးအကျယ်နာကြည်းခဲ့ရပြန်သည်။

သည်ကတည်းက ကိုပြေညိမ်း မိန်းမတွေ၏အချစ်ဆိုတာကို ယုံကြည်တန်ဖိုးထားလို့ မရတော့။ မိန်းမတွေ၏ နှလုံးသားမှာ စွဲမြဲခိုင်မာသော အချစ်မရှိ။ မိန်းမတွေဆိုတာ တွေဝေမပြတ်သားသူ၊ ဘဝမှာ သက်သောင့်သက်သာနေထိုင်နိုင်ဖို့ အဆင့်အတန်းမနိမ့်ကျဖို့ကိုသာ ရှေ့တန်းတင် ဦးစားပေးဆုံးဖြတ်တတ်သူများအဖြစ် ခိုင်မာစွာကောက်ချက်ချသည်။

နာကျင်ကြေကွဲစိတ်နှင့် ကိုပြေညိမ်း လေလွင့်နေမိသေးသည်။ အရက်ကို စိတ်ဖြေဖျောက်မှုအတွက် အကောင်းဆုံးဆေးဝါးအဖြစ် မှီဝဲမိပြန်၏။

သို့ပေမယ့် အတွေးနက်နက်မှာ မကြာခဏနစ်မျောရင်း အချိန်မနှောင်းမီ အသိတရားပြန်ပေါ်လာသည်။ ဘဝမှာ နှစ်ကြိမ်တိုင်တိုင် အချစ်

ရေးမှာ ဆုံးရှုံးခဲ့ရခြင်းသည် အဘယ်ကြောင့်နည်း။ အကြောင်းရင်း တရားခံက ကိုပြေညီမ်း၏ မပြည့်စုံသောပညာ၊ မတောင့်တင်းသော စီးပွားရေးအခြေအနေ၊ နောက်ဆုံးတော့ မိမိဘဝ၏ အခြေခံ မခိုင်မာခြင်းသည် လောကဠ်ဆုံးရှုံးစေခြင်းများ၏ အဓိကအရင်းအမြစ် ဖြစ်ပေသည်ဟု ကိုပြေညီမ်းမြင်လာသည်။ သည့်နောက်မှာတော့ ကိုပြေညီမ်းဘဝကို အားမာန်ရှိရှိ ရင်ဆိုင်ဖို့ ပြင်ဆင်ရတော့သည်။

ပညာမပြည့်စုံတာနှင့် ဘဝကို အရှုံးပေး၍ အောက်ဆုံးအဆင့်မှ နေရန်ဆိုတာ လူညံ့လူဖျင်းတွေအတွက်သာ ဖြစ်ရမည်။ လောကမှာ အတန်းပညာအဆင့်မြင့်စွာ မဆည်းပူးခဲ့ရပေမယ့် တစ်နေရာရာမှာ အောင်မြင်မှုကြီးမားစွာရလျက် လူ့ဘဝမှာ ကျေနပ်စရာနေရာရနေသူတွေ အပုံ။ ဘဝ၏ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ကိုပြေညီမ်း အချိန်ပြည့်ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်သည်။

အတိတ်၏ ရောင်ပြန်ဟပ်မှု မလွတ်ကင်းသော မြို့ပေါ်မှာ မနေလိုသည့်ဆန္ဒလည်း ဖြစ်ပေါ်လျက် ကိုပြေညီမ်း မြေလမ်းဆောက်လုပ်ရေးဘက်အလုပ်ပြောင်းတော့ ဗိုင်းမော်မြို့မှ ဝါရှောင်အထိ လမ်းဖောက်လုပ်ရေးလုပ်ငန်းဘက်မှာ တာဝန်ကျသည်။

ချီဖွေမြို့မှ လောခေါင်မြို့အထိ လမ်းဖောက်လုပ်ခဲ့ပြီး ထောဂေါ်အရောက်မှာ ကိုပြေညီမ်း ငှက်ဖျားမိ၍ အကြီးအကျယ်နာမကျန်း ဖြစ်ခဲ့ရသည်။ လူမှန်းမသိအောင် အပြင်းဖျားနေသဖြင့် မြစ်ကြီးနားဆေးရုံတက်၍ ရက်နှစ်ဆယ်ကျော် ဆေးကုသမှု ခံယူရပြန်သည်။

ဆေးရုံမှ ဆင်းလာပြီး လူက အားနည်းနေသဖြင့် ဆေးခွင့်တစ်လ ဆက်ယူရသည်။ နှစ်ပတ်လောက် ကြာမှာ လူက ထူထူထောင်ထောင်ပြန်ဖြစ်လာတော့ ကိုပြေညီမ်း အချိန်ကို အကျိုးရှိအောင် အသုံးချချင်လာသည်။

လက်ထဲမှာ စုဆောင်းမိနေသည့် ငွေငါးရာကျော်နှင့် ကုန်ကူးကြည့်ဦးမည်ဟု စိတ်ကူးကာ ဆင်ဘိုတာလောကြီးဘက် ကုန်ဝယ်သွားမည့် မိတ်ဆွေတစ်ဦးနှင့် လိုက်ပါခဲ့သည်။

ဆင်ဘိုတာလောကြီးဘက်မှာ မိသားစုတစ်နိုင်လုပ်ငန်းမှ ထွက်သည့် ငါးပိ၊ ငါးခြောက်၊ ထောပတ်စသည့်ကုန်များ ဈေးချိုချိုနှင့် ဝယ်နိုင်သည်။ မြစ်ကြီးနားမြို့ပေါ်မှာ ပြန်ရောင်းလျှင် ထက်ဝက်နီးပါးအမြတ်ရသည်ဟု သိရသဖြင့် အစ်ကိုအောင်မြိုင်ဇနီးနှင့် ခယ်မတို့ အစပျိုးရောင်းချနေသည့် ဈေးဆိုင်မှာ သူ့ကုန်များတင်မည်ဟု စိတ်ကူးသည်။

အသွားခရီးကတော့ ချောချောမောမောပင်။ အပြန်ကျတော့ ကိုပြေ ညိမ်းတို့ပါလာသည့်သင်္ဘော မှောက်သည်။ ကံကောင်းထောက်မ၍ အသက် မဆုံးရှုံးခဲ့ရပေမယ့် ငှက်ဖျားပြန်ထလာပြီး မြစ်ကြီးနားဆေးရုံ တက်ရပြန် လေသည်။

ဆေးရုံမှ ဆင်းလာခဲ့ပြီးနောက်တွင် အလုပ်မဆင်းနိုင်သေး။ အားနည်းဖျော့တော့လျက် အိမ်မှာ အနားယူနေရရင်း စာအုပ်များဖတ်ဖြစ်သည်။ စာကြည့်၍ တစ်နာရီနီးပါးမျှကြာလျှင် ခေါင်းကိုက်ဝေဒနာပေါ်လာတတ်ပြီး မျက်စိထဲမှာလည်း အဝါရောင် အနီရောင်စသည့်အရောင်များ ယှက်သန်း မြင်ယောင်လာသည်။

ကိုပြေညိမ်း ဆေးရုံပြကြည့်တော့ ငှက်ဖျားဒဏ်ကြောင့်ဖြစ်တာဟု ဆိုသည်။ စာမကြည့်ရန်လည်း မှာ၏။

စာမဖတ်ပဲနေပေမယ့် ကိုပြေညိမ်းမျက်စိက အမြင်မကြည်လင်သလို ခံစားမိသည်။

အလုပ်စဆင်းတော့ မှတ်သားသည့်ခဲကြောင်းများ၊ ကျင်တွယ်ကြို

များကို လုံးဝမမြင်ရတော့။ သည်တော့မှ ကိုပြေညိမ်းမျက်စိများ သိသိသာသာမှုန်မွဲသွားတာ သိလိုက်ရပြီး ထိတ်လန့်တုန်လှုပ်မိသည်။

မျက်စိအခြေမလှတာကို ပေါ့ဆနေလို့မဖြစ်။ အကောင်းဆုံး ကုသမှုပြုရမည်ဟုဆုံးဖြတ်ပြီး မန္တလေးသို့ဆင်း၍ မျက်စိအထူးကုပါရဂူနှင့် ကုသရသည်။

ထိုအချိန်က အစ်ကိုအောင်မြိုင်တို့အိမ်ထောင်မှာ စီးပွားရေးအဆင်ပြေနေသဖြင့် တော်ပေသေးသည်။ အစ်ကိုအောင်မြိုင်၏ယောက္ခမကြီးဆုံးသွားပြီး ဇနီးနှင့် ခယ်မ၏ဈေးဆိုင်ကလည်း အရောင်းအဝယ်ကောင်း၍ စီးပွားဖြောင့်နေသည်။ အစ်ကိုအောင်မြိုင့်ဇနီးက ကိုပြေညိမ်းကို သွေးသားလိုခင်မင်၍ ကြင်ကြင်နာနာဆက်ဆံတတ်သည်။ ကိုပြေညိမ်းမျက်စိကို ဂရုတစိုက်ကုသဖို့ အားပေးတိုက်တွန်းသည်။

ထိုစဉ်က ကိုပြေညိမ်းမှာ စုဆောင်းငွေလည်း မရှိတော့။ မန္တလေးဆေးသွားကုဖို့ ကုန်ကျစရိတ်ကို အစ်ကိုအောင်မြိုင်တို့ကပဲ ငွေစိုက်ထုတ်ပြီး စီစဉ်ပေးသည်။

ဆရာဝန်ကြီးက ကိုပြေညိမ်းမျက်စိ ရေတိမ်ဖြစ်သည်ဟု ပြော၍ သောက်ဆေး၊ မျက်စဉ်းခတ်ဆေးများနှင့် ကုသသည်။ ကိုပြေညိမ်းက မြန်မြန်ပျောက်ချင်လှပြီ။ သောက်ဆေး၊ မျက်စဉ်းခတ်ဆေးလောက်နှင့် သိသာတိုးတက်ကောင်းမွန်မလာသဖြင့် ခွဲစိတ်ကုသလိုကြောင်း ပြောပြရသည်။ ဆရာဝန်ကြီးက ခွဲစိတ်ကုသပေမယ့် အကျိုးသိပ်မရှိနိုင်ဟု ဆိုသည်။

နောက်ဆုံးတော့ ကိုပြေညိမ်းဆန္ဒအရ မျက်စိခွဲစိတ်ကုသမှု ခံယူခဲ့သည်။

မခွဲခင်က ကိုပြေညိမ်းမျက်စိအခြေအနေမှာ အောဘီစီ စာလုံးကြီးများကို ကြည်ကြည်လင်လင်မဟုတ်ပေမယ့် ဝါးဝါးမြင်ရသေးသည်။

ခွဲစိတ်ကုသပြီး၍ ပတ်တီးဖြေပြီးချိန်မှာ အခြေအနေ ပိုဆိုးသွားသည်၊ အက္ခရာစာလုံးများ လုံးဝမမြင်ရတော့။ အရောင်တွေပဲ မြင်နိုင်စွမ်းတော့သည်။

ကိုပြေညိမ်း အကြီးအကျယ် ထိန့်လန့်တုန်လှုပ်သွားသည်။ နားမှာအရှုံး၊ မျက်စိ အဆုံးတဲ့။ မျက်မမြင်ဘဝရောက်ရတော့မှာလား။ ပတ်တီးဖြေပြီးစမို့ ဒီလိုဖြစ်တာ၊ နောက်တော့ တဖြည်းဖြည်း ပိုကောင်းလာလိမ့်မည်ဟု ဆရာဝန်ပြောသည်ကို ယုံကြည်စိတ်ချနိုင်ခြင်း မရှိ။ စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်ရသည်။

ပတ်တီးဖြေပြီး ဆေးရုံမှာ ခုနစ်ရက်နေခဲ့ရသည်။ ဆေးရုံမှ ဆင်းခါနီးတွင် ဆရာဝန်က မျက်စိကို အထိအခိုက်မရှိအောင် အထူးဂရုစိုက်ရမည်။ မျက်နှာသစ်လျှင် မျက်စိမထိအောင် ညင်ညင်သာသာသစ်၊ ရေချိုးလျှင် ခေါင်းမှလောင်း၍ မချိုးရ။ သဲပူကျောက်ပူ ရှောင်၊ အပူအစပ် လုံးဝမစားသောက်ရ၊ အရက်မသောက်ရ၊ ကြမ်းကြမ်းတမ်းတမ်း သွားလာလှုပ်ရှားခြင်၊ ခုန်ခြင်းမပြုရ၊ ခေါင်းကို လုံးဝမခိုက်မိစေရန် ဂရုစိုက်ရမည်။ မျက်စိမှိတ် မတ်တတ်ရပ်နေတာမျိုး မလုပ်ရစသည့် လိုက်နာစရာများမှာကြားသည်။

ကိုပြေညိမ်း ဆေးရုံမှ ဆင်းတော့ အမေက ရွာသို့ ပြန်ခေါ်လာခဲ့သည်။ သည်လိုအခြေအနေနှင့် မြစ်ကြီးနားပြန်သွားလို့ မဖြစ်။ ကိုပြေညိမ်းမှာ ရတ်ခြည်းပင် သူတစ်ပါးအကူအညီမပါပဲ မရပ်တည်နိုင်သောဘဝသို့ကျဆင်းရောက်ရှိသွားသည်။

မျက်နှာပန်းမလှ၊ အားငယ်စရာဘဝနှင့် ကိုပြေညိမ်း ရွာပြန်ရောက်လာတော့ ဘယ်လိုမှ စိတ်မချမ်းသာနိုင်။ မိသားစုက ဝိုင်းဝန်းဂရုစိုက်ကြပေမယ့် ကိုပြေညိမ်းမျက်စိက ထူးခြားကောင်းမွန်မလာတော့ စိတ်အားမတက်နိုင်။

ဆောက်လုပ်ရေးအလုပ်နှင့် ကိုပြေညိမ်းဘဝက ဘယ်လိုမှ မအပ်စပ်တော့။ ဆေးခွင့်ရသမျှ ဆက်တင်၍ နောက်ဆုံး အလုပ်မှ နုတ်ထွက်လိုက်ရသည်။ လုပ်သက်က လေးနှစ်မျှသာရှိခဲ့သေးတော့ ပင်စင်မရ။ နစ်နာကြေးသာ ရရှိခဲ့သည်။

စာလုံးဝ မဖတ်နိုင်သောဘဝ၊ အရာရာကို မှုန်မှုန်ဝါးဝါးသာ မြင်နိုင်သောဘဝနှင့် ကိုပြေညိမ်း အဆုံးသတ်ရတော့မှာလား။ သည်လိုတော့ လက်မလျှော့နိုင်။ မျက်စိကောင်းမွန်လာဖို့ နည်းမျိုးစုံနှင့် ကြိုးစားမည်ဟု ဆုံးဖြတ်မိသည်။

အနောက်တိုင်းဆေးပညာနည်းနှင့် ကုသခဲ့ပြီး မျှော်လင့်သည့်အခြေအနေသို့မရောက်ရှိခဲ့သော မျက်စိကို မြန်မာဆေးနည်းများနှင့် ဆက်လက်ကုသဖို့ အားသန်မိပြန်သည်။

ရွာမှာ လူပြောသူပြောများသော ဆေးမြီးတိုများဖြင့် စမ်းသပ်ကြည့်သည်။ မြန်မာဆေးဆရာများနှင့် ကုသည်။ ရွာမှ ဆရာတစ်ယောက်က မျက်စိပြန်မြင်လျှင် တစ်ဖက် တစ်ထောင်ကန်တော့ရမည်။ လောလောဆယ် ဆေးဖော်ပေးရန် ရွှေမှုန်လိုအပ်သောကြောင့် ငွေငါးရာကြိုပေးရမည်ဟု ဆိုသည်။ ကြိုတင်ငွေ မပေးနိုင်၊ မျက်စိမြင်ရမှ ကန်တော့မည်ဟု ပြောလိုက်သဖြင့် ထိုဆရာနှင့် မကုဖြစ်။

ဆေးမြီးတိုတွေနှင့်ကု၊ ကောင်းနိုးရာရာ ညွှန်ကြသမျှ မျက်စဉ်းမျိုးစုံခတ်ရင်း ကိုပြေညိမ်းမျက်စိမှာ ပိုဆိုးလာခဲ့သည်။ နေ့အခါမှာ ဝါးတားတားမြင်ရပေမယ့် နေဝင်လျှင် ဘာမှ မမြင်ရတော့။ မျက်စိစူးကိုက်ခဲသည့် ဝေဒနာကလည်း ပိုတိုးလာသည်။ နေဝင်ချိန်မှာ ဝေဒနာအပြင်းအတန်ခံစားရသဖြင့် ဝေဒနာမေ့ပျောက်နိုင်ဖို့ ကိုပြေညိမ်း အရက်ပြန်သောက်မိသည်။

သိရိရွှေစာအုပ်တိုက်

ဒုက္ခဝေဒနာခံစားနေရသော သားကို အမေက စာနာစိတ်အပြည့်နှင့် တတ်နိုင်သမျှ ပြုစုကျွေးမွေး အားပေးတတ်ပေမယ့် အဖေကတော့ ကိုပြေညိမ်း အရက်သောက်လေ့ရှိနေတာကို မကျေမချမ်းဖြစ်လာသည်။ ပြစ်တင်မာန်မဲစကား မကြာခဏပြောတတ်သည်။

မျက်မမြင် ဒုက္ခိတဘဝရောက်လုဆဲဆဲ လူငယ်တစ်ယောက်၏ စိတ်ထိခိုက်ကြေကွဲလျက် တွယ်ရာမဲ့ လွမ်းမောခံစားရမှုများကို အဖေ မစာနာမထောက်ထားတတ်ဘူးလားဟုတွေး၍ ကိုပြေညိမ်း ဝမ်းနည်းရသည်။

တစ်နေ့တော့ ကိုပြေညိမ်းဘဝကို အမှောင်ထုထဲသို့ လုံးဝသက်ဆင်းကျရောက်စေခဲ့သောအဖြစ်ဆိုးနှင့် ကြုံခဲ့ရသည်။

ထိုနေ့ညနေက ကျားအလယ်ရွာ ဘော်လုံးအသင်းနှင့် ကိုပြေညိမ်းတို့ရွာ ဘော်လုံးအသင်း ယှဉ်ပြိုင်ကစားကြရာသို့ ကိုပြေညိမ်း သွားရောက်ခဲ့သည်။ တစ်နေကုန်လုပ်စရာအလုပ်ရယ်လို့ ဘာမှမရှိ။ အထီးတည်းပျင်းရိငြီးငွေ့စွာ အချိန်အလဟဿဖြုန်းတီးနေရသော ကိုပြေညိမ်းအတွက် ဘော်လုံးကန်တာကို အသေအချာမမြင်ရပေမယ့် အသံနားထောင်လျက် စိတ်အာသာဖြေရသည်။

ဘောလုံးပွဲကအပြန် မှောင်စပျိုးချိန်မှာ ကိုပြေညိမ်းအိမ်ရောက်တော့ အမေတို့ ထမင်းပွဲပြင်ဆဲအချိန်နှင့် တိုးသည်။ အမေက တစ်ခါတည်း ထမင်းဝင်စားဖို့ခေါ်သဖြင့် ကိုပြေညိမ်း ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်သည်။

အမှောင်ရိပ်လွှမ်းခြုံစ အခန်းထဲမှာ ရေနံဆီမီးခွက်ငယ်၏အလင်းရောင်နီကျန်ကျန်သည် ကိုပြေညိမ်းမျက်စိအတွက် တစ်စုံတစ်ရာအထောက်အကူ မပြုနိုင်။ မှုန်မှိုင်းသောအမြင်အာရုံတွင် ဘာတစ်ခုမှ ထင်ရှားစွာ မမြင်ရ။

ကိုပြေညိမ်း ထမင်းစားရင်း ငါးပိရေပန်းကန်မှ ဇွန်းကို လှမ်းကျော် စမ်းကိုင်ရင်း အလယ်က ချဉ်ရည်ဟင်းပန်းကန်နှင့် လက်တိုက်မိကာ ဟင်းခွက်မှောက်သွားသည်။

ချက်ချင်းပင် စားပွဲဝိုင်း၏တစ်ဖက် မျက်နှာချင်းဆိုင်နေရာမှ အဖေ့တက်ခေါက်သံပြင်းပြင်းတစ်ချက် ကြားလိုက်ရပြီး တစ်ဆက်တည်း ပင် အဖေ့ပါးစပ်မှ ကြမ်းတမ်းရက်စက်သောစကားလုံးများ ပေါ်ထွက်လာ သည်။

"အကန်းက ဘော်လုံးပွဲတော့ သွားကြည့်နိုင်ပြီး ဇွန်းကျမှ စမ်းရှာ နေရသလား၊ လူလိုသူလိုမစားနိုင်ရင် နောက် သပ်သပ်စား"

အဖေ့စကားလုံးတွေက ကိုပြေညိမ်းနားထဲသို့ သံရေပူလောင်းလိုက် သလို ပူလောင်စူးရှတိုးဝင်သွားကြလျက် ကိုပြေညိမ်းနှလုံးသားကို ပြင်း ထန်စွာထိုးနှက်လိုက်လေသည်။ တစ်ကိုယ်လုံး သွေးအသွားအလာရုတ်ခြည်း ရပ်ဆိုင်းသွားသလို တောင့်တောင့်ကြီးဖြစ်သွားလျက် မမြင်ဝိုးဝါးမျက်လုံး များနှင့် ကြက်သေသေကြည့်နေမိသည်။

နှလုံးခုန်သံ တဒိတ်ဒိတ်အခုန်မြန်လျက် ကိုပြေညိမ်းထိုင်ရာမှ ဝုန်း ခနဲထ၍ အိမ်ရှေ့ထွက်လာခဲ့သည်။

"ကလေးကို ဘယ်လိုပြောလိုက်တာလဲ ကိုဘမောင်၊ တော့်စကား တွေက ရင့်သီးလိုက်တာ"

အမေ၏မကျေမနပ် ပြစ်တင်ပြောဆိုသံသည် ကိုပြေညိမ်းအနောက် မှာ ဝေးကွာကျန်ရစ်သည်။

"အကန်း အကန်းတဲ့လား အဖေရယ်၊ ကျွန်တော်က လူလိုသူလို မစားနိုင်တဲ့အကန်း"

ကိုပြေညိမ်းရင်ထဲမှာ နာကြည်းစကားလုံးများ ပြင်းထန်စွာမြည်ဟည်းနေသည်။ ကြေကွဲခြင်း၊ ဒေါသဖြစ်ခြင်းတို့ စုစည်းပြည့်သိပ်ပေါက်ကွဲလျက် အိမ်တိုင်ကို လက်သီးနှင့် တစ်ချက်အားကုန်ပစ်ထိုးလိုက်သည်။

သည်လောက်နှင့် အားမရ။ တိုင်နှင့် ခေါင်း တစ်ချက်ဝင်ဆောင့်လိုက်ပြီးမှ ခုတင်ပေါ်ဝင်ထိုင်လျက် ဝမ်းပမ်းတနည်း ရှိုက်ကြီးတငင်အသံထွက်ငိုကြွေးမိလေသည်။

ငိုရင်းနှင့် လက်ဖမိုးဖြင့် မျက်လုံးများကို တမင်ပွတ်တိုက်ပစ်သည်။

အကန်း အကန်း၊ အဖေပြောသလို အကန်းဘဝကိုပဲ မြန်မြန်ရောက်ပါစေတော့။ ဒေါသစိတ်နှင့် နာနာကျင်ကျင်ရေရွတ်ရင်း မျက်ရည်ပူများကစီးကျလို့မဆုံးနိုင်။

အမေနှင့် အစ်မတို့၏ချော့မော့ဖျောင်းဖျစကားများက ကိုပြေညိမ်းရင်ထဲမှ အပူကို လျော့ပါးစေနိုင်စွမ်း မရှိ။

ကိုပြေညိမ်းဘဝမှာ တွယ်ရာမဲ့ ခိုကိုးရာမဲ့ သိမ်ငယ်အနိမ့်ကျဆုံးအောက်ဆုံးတစ်နေရာ၊ သူ့ထက်နိမ့်စရာမရှိတော့သည့် အနက်ရှိုင်းဆုံးနေရာသို့ ရောက်ရှိသွားလိုခံစားရရင်း ကြီးစွာစိတ်ဆင်းရဲမိသည်။

ထိုညက တစ်ညလုံး ကိုပြေညိမ်း အိပ်မပျော်။ နာကြည်းကြေကွဲဖွယ်အတွေးများ၊ ဒေါသနှင့် တစ်စုံတစ်ရာကို ဖောက်ခွဲဖျက်ဆီးပစ်ပြီး မိမိဘဝကိုပါ အဆုံးသတ်ပစ်လိုက်ချင်သောဆန္ဒများ ရုန်းရင်းဆန်ခတ်ဖြစ်ရင်းအားငယ်စိတ်ဖိစီးလျက် မျက်ရည်တို့ကလည်း အကြိမ်ကြိမ်စီးကျနေခဲ့သည်။

ဘဝရှေ့ခရီးကို ဘယ်လိုဆက်ရပါ့မလဲ။ ဖခင်အရင်းခေါက်ခေါက်တစ်ယောက်လုံးကပင် ကိုပြေညိမ်းကို လူရာသူရာမဝင်သည့်အကန်းဟုမြင်ရက်လျှင် တခြားသူတွေကကော ဘယ်လိုမြင်ကြမလဲ။

လူကဲ့ရဲ့ဖွယ်၊ လူအထင်အမြင်သေးဖွယ် ဘဝဆိုးမှာ ဆက်လက်ရှင်သန်နေထိုင်ခြင်းဖြင့် ပျော်ရွှင်မှုဆိုတာ ရနိုင်ပါဦးမလား။ ပျော်ရွှင်မှုမရှိနိုင်သောဘဝမှာ ကျင်လည်နေရမည့်အစား ဘဝကို အဆုံးသတ်လိုက်တာက အကောင်းဆုံးဖြစ်မည်။

အတွေးပေါင်းမြောက်မြားစွာတို့က ကိုပြေညီမ်းကို ချုပ်ကိုင်လွှမ်းမိုးရင်း တစ်ညတာကုန်ဆုံးစေသည်။

နေအတော်မြင့်မှ ကိုပြေညီမ်းအိပ်ရာမှ ထ၍ မျက်နှာသစ်နေစဉ် ညီမလေးက အစ်ကို့ခေါင်းအုံးပေါ်မှာ သွေးတွေတွေ့တယ်ဟု လာပြောသည်။

သွေးတွေ ဘယ်ကသွေးတွေလဲ၊ မျက်လုံးကထွက်ကျတဲ့ သွေးတွေလား။ ညက တိုင်နှင့် ခေါင်းဆောင့်ခဲ့တာ၊ မျက်လုံးများကို လက်ဖမိုးနှင့် တအားပွတ်တိုက်ပစ်မိတာတွေကို သတိရသည်။

နာကျင်နေသော မျက်လုံးများကို အသေအချာဖွင့်ကြည့်တော့ အရောင်တွေကိုပင် သဲကွဲစွာမမြင်ရတော့။ အမြင်သည် ပို၍မှုန်မှိုင်းဝေဝါးနေသည်။

သွားပြီ။ ကိုပြေညီမ်းမျက်စိများ အခြေအနေပိုဆိုးလျက် လုံးဝ အလင်းမရသည့်အကန်းဘဝသို့ ရောက်ရှိပေတော့မည်။

ကိုပြေညီမ်း ဝမ်းနည်းကြေကွဲစွာတွေးရင်း အမေကျွေးသည့်ထမင်းကြော်ကိုပင် မစားနိုင်။ စိတ်ဆင်းရဲပူလောင်လျက် အိမ်မှ ထွက်ခဲ့ကာ သူငယ်ချင်းတစ်ယောက်ဆီသွားပြီး ရင်ဖွင့်မိသည်။

ညကအဖြစ်ကို ပြန်ပြောရင်း ဒေါသနှင့် နာကြည်းစိတ်က အုံကြွလာပြန်သည်။ နေ့ခင်းပိုင်းမှာ သူငယ်ချင်းထံမှ ငွေချေး၍ အရက်တစ်လုံးဝယ်သောက်သည်။

ညနေဘက် ကိုပြေညိမ်းအိမ်အပြန်မှာ အရက်ဆိုင်မှ အရက်တစ်လုံး အကြွေးဝယ်လာခဲ့ပြန်ကာ အိမ်ခန်းထဲမှာ တစ်ခွက်ပြီး တစ်ခွက် ငုံ့သောက်မိသည်။

ဝမ်းထဲသို့ရောက်ရှိသွားသော အရက်နှစ်ပုလင်းကလည်း ကိုပြေညိမ်း၏စိတ်ဝေဒနာများကို ကင်းပျောက်စေနိုင်စွမ်းမရှိ။ စိတ်လိုက်မာန်ပါ ပြုမူနိုင်ဖို့ အားပေးအားမြှောက်ပင် ပြုနေလေသည်။

ထိုနေ့ညက ကိုပြေညိမ်း အရက်မူးမူးနှင့် တိုင်ကို လက်သီးနှင့်ထိုး၊ အော်ကြီးဟစ်ကျယ်ငိုကြွေးတာတွေ၊ အိပ်ရာထဲ အရက်တွေအန်ရင်း နောက်တော့ သွေးတွေပါလာတွေကို ကောင်းစွာမမှတ်မိချင်။ နောက်နေ့မနက် အမေနှင့် အစ်မတို့ပြောပြကြမှ ရေးရေးသတိရသည်။

တစ်နေ့လုံး ကိုပြေညိမ်း အိပ်ရာပေါ်က မထမိ။ အရက်နာကျရင်း ကိုယ်ရောစိတ်ပါ ချုံးချုံးကျနေသည်။ နှစ်ရက်လုံး ထမင်းမစားပဲ စိတ်ဝေဒနာအကြီးအကျယ်ခံစားနေရတော့ ကိုပြေညိမ်း အားပြတ်ကာ အဖျားဝင်လာပြန်သည်။

သတိလစ်မတတ်အပြင်းဖျားသဖြင့် ရွှေဘိုဆေးရုံတက်၍ ကုသရသည်။ ခုနစ်ရက်လုံးလုံး ဆေးရုံမှာနေရပြီး အိမ်ပြန်ဆင်းလာတော့ မျက်စိက အရောင်ကိုပင် မမြင်ရတော့။

ဆုံးပြီ။ ကိုပြေညိမ်းဘဝတစ်ခုလုံး အမှောင်ကျလျက် တစ်သက်တာအတွက် လူဖြစ်ရှုံးပြီ။ ယူကြုံးမရအတွေးများမှာ မွန်းနစ်ရင်း ကြေကွဲခံစားခဲ့ရသော ကာလများ။

ယခင်က အရောင်ကို ကောင်းစွာမြင်ရသေးသဖြင့် ရပ်ရွာထဲ တစ်ယောက်တည်းသွားလာနိုင်ခဲ့သေးသည်။ ယခုတော့ အကူအညီအဖော်မပါပဲ အပြင်ထွက်သွားလာနိုင်ခြင်းမရှိတော့။ တကယ့်ဒုက္ခိတဘဝသို့ ရောက်ချေပြီ။

သည်လိုအဖြစ်နှင့် လူ့ဘဝမှာ ဆက်နေလို့ကော ဘာအကျိုးထူးမှာလဲ။ တစ်သက်လုံး သူတစ်ပါးကို မှီခိုအားထားနေရမည့်ဘဝ၊ သူတစ်ပါးအကူအညီနှင့် ရှင်သန်ရမည့်ဘဝသည် အဓိပ္ပာယ်မရှိ။

ကံကြမ္မာသည် ကိုပြေညီမ်းကို ငြိုးရက်နိုင်လွန်းပေ၏။ သည်ဘဝမှာတော့ ကိုပြေညီမ်းသည် သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ် ကျလောက်သောအကုသိုလ်အလုပ်မျိုး တစ်စုံတစ်ရာမလုပ်ခဲ့ဖူးပါ။ မည်သည့်ဘဝက အကုသိုလ်များ လိုက်လံဖိစီးနေသည်မသိ ကို ပြေညီမ်းဘဝတစ်လျှောက်မှာ မပြေမချော၊ စိတ်ရောကိုယ်ပါ ဆင်းရဲခြင်းများစွာရင်ဆိုင်ရလျက် နောက်ဆုံး နာလန်မထူနိုင်လောက်အောင် ကံဆိုးမိုးမှောင်ကျခဲ့ရချေပြီ။ ဒုက္ခိတဘဝနှင့် ဆက်လက်ရှင်သန်နေခြင်းဖြင့် မည်မျှ ဒုက္ခအဖုံဖုံ ကြုံဆုံရပေဦးမည် မသိ။ သည်ဘဝကို အမြန်ဆုံး အဆုံးသတ်ချုပ်ငြိမ်းစေခြင်းဖြင့်သာ ကြမ္မာဆိုးကို တော်လှန်တုံ့ပြန်ရာ ရောက်ပေမည်။

ကိုပြေညီမ်း အပြန်ပြန်အလှန်လှန် စဉ်းစားပြီးနောက် တွယ်တာဖွယ်လုံးဝမရှိသောဘဝကို စွန့်လွှတ်ဖို့ ကြိုးစားမိခဲ့သည်။

ထိုနေ့နေ့လည်က တစ်အိမ်လုံး လူသံများတိတ်ဆိတ်နေသည်။ အဖေက ယာခင်းသို့သွားသည်။ အစ်မနှင့် ညီမလေးက ဈေးဝယ်ဖို့ မြို့တက်သွား၏။ ညီလေးက ကျောင်းမှ ပြန်မလာသေး။ အမေ့အသံကိုလည်း မကြားရ။ ကိုပြေညီမ်းက 'အမေ'ဟု အသံကျယ်ကျယ်ခေါ်ကြည့်သည့်တိုင် ပြန်ထူးသံ ပေါ်မလာ။ ထုံးစံအတိုင်း အိမ်နီးနားချင်းတွေဆီ အလည်ထွက်သွားဟန်တူသည်။

အိမ်မှာ ဘယ်သူမှ မရှိဟူသောအသိနှင့် ကိုပြေညီမ်းဆုံးဖြတ်ချက်ကို ကောင်အထည်ဖော်ဖို့ ကြိုးစားသည်။ အိမ်ရှေ့မှ အဝတ်လှမ်းသည့် နိုင်လွန်ကြိုးတန်းကို တစ်ဖက်တစ်ချက် ဓားနှင့်ဖြတ်ဖြတ်လိုက်ပြီး အိမ်ထဲ

ယူလာခဲ့သည်။ ခွေးချေတစ်ခုပေါ်တက်၍ အိမ်အလယ်ခေါင်က ထုပ်တန်းပေါ်မှာ အစတစ်ဖက်ကို တင်းခိုင်စွာချည်နှောင်လိုက်သည်။

မိမိလည်ပင်း စွပ်၍ရလောက်သည့်နေရာမှန်း၍ ကြိုးကွင်းလုပ်ပြီး လျှင်မူ ချက်ချင်း လည်ပင်းမှာ မစွပ်ဖြစ်သေး။ မိမိဘဝကို တွယ်တာခြင်း မရှိတော့ဆိုပေမယ့် တကယ်တမ်း ဘဝကို အပြီးအပိုင်စွန့်လွှတ်ရတော့မည် ဆိုတော့ ကြေကွဲဆို့နင့် တွန့်ဆုတ်နေပြန်သည်။

မသေခင်မှာ ဘုရားဝတ်ပြု ဆုတောင်းဦးမည်ဟု စိတ်ကူးလျက် ခေါင်းရင်းခန်းက ဘုရားစင်ရှေ့သို့သွား၍ ဝတ်ပြုသည်။ ဘုရားကန်တော့ ရင်း ကိုပြေညီမ်း မျက်ရည်တွေတွေကျနေမိပြန်သည်။

ဘဝဆက်တိုင်းမှာ ခုလို ကံကြမ္မာဆိုးနှင့် မလှမပဇာတ်သိမ်းရသော အဖြစ်မျိုး မကြုံပါရစေနှင့်ဟု ကြေကွဲစွာဆုတောင်းမိသည်။

အတန်ကြာ ဘုရားရှိခိုး ဆုတောင်းအပြီး အိမ်လယ်သို့ ခပ်ဖြည်းဖြည်းလျှောက်လာခဲ့သည်။ စိတ်တုန်လှုပ်ချောက်ချားစွာ ရင်တဒိတ်ဒိတ် ခုန်လျက်မှပင် ထုပ်တန်းအောက် ကြိုးချည်ထားသောနေရာသို့ မှန်း၍ ကပ်လာဆဲ ခွေးခြေကိုဝင်တိုက်မိကာ ခွေးခြေလဲကျသွားသည်။

တုန်ရီသောလက်များနှင့် ကိုပြေညီမ်း ခွေးခြေကို ငုံ့ထူနေစဉ် အိမ်ရှေ့ပေါက်မှ ခြေသံကြားလိုက်ရပြီး–

"ဟဲ့ သား ဒါ ဘာလုပ်တာလဲဟင်၊ အမလေး ကိုယ်ကျိုးနည်းရ ချည့် သားရယ်၊ မကြံကောင်း မစည်ရာ ဘာလို့ ဒီလိုလုပ်ရတာလဲ"

ထိတ်ထိတ်ပျာပျာ အော်ပြောသံနှင့်အတူ အမေ ကိုပြေညီမ်းအနီးသို့ ရောက်လာသည်။

မမြင်မျက်လုံးများနှင့် တွေတွေကြီးရပ်ကြည့်နေသော ကိုပြေညီမ်း၏ ညာလက်မောင်းကို အမေ တင်းကြပ်စွာဆုပ်ကိုင်လျက်–

"မိုက်လိုက်လေ သားရယ်၊ အဖန်ငါးရာ ငါးကမ္ဘာခံရမှာ သား မကြောက်ဘူးလား၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံရတယ်လို့ သားရယ်"

အက်ကွဲတုန်ရီသော အမေ့စကားကိုကြားရလျှင်တော့ ကိုပြေညိမ်း ဝမ်းနည်းလှိုက်လှဲလာကာ အမေ့ပခုံးပေါ် မျက်နှာအပ်လျက် ရှိုင်ငင်ငိုကြွေး မိတော့သည်။

အမေသည် ကြင်နာယုယစွာကိုပြေညိမ်းခေါင်းကို ပွေ့ဖက်ထားရင်း နှစ်သိမ့်စကားများ ဆိုသည်။

ကိုပြေညိမ်း မျက်စိဝေဒနာရလျက် အလုပ်လက်မဲ့ဘဝနှင့် ရွာပြန် ရောက်လာကတည်းက ကိုပြေညိမ်းအပေါ်မှာ အမေ အထူးဂရုစိုက် ကြင်နာ ခဲ့ရှာသည်။ ခေါ်တာကိုပင် အရင်ကလို ပြေညိမ်းဟု သိပ်မခေါ်တော့မူ၍ သားဟုသာ ယုယုယယအခေါ်များခဲ့သည်။ သူ့အပေါ်မှာ အမေက အငယ် သားသမီးတွေလောက် မချစ်ခင်ဘူးဟု အရင်က ထင်မှတ်မှားခဲ့တာကို နောင်တရမိသည်။

"ဘာဖြစ်လို့ ဒီလောက်စိတ်အားငယ်နေရတာလဲ သားရယ်၊ သား မှာ အမေတစ်ယောက်လုံး ရှိသေးတယ်၊ အဖေဆိုတာလဲ အပြောအဆို အပေါက်ဆိုးပေမယ့် သား ခုလိုဖြစ်သွားတာမြင်ရတော့ တစ်နေ့မှ စိတ် မချမ်းသာဘူး၊ သားမျက်လုံးကို ကုသပေးနိုင်မယ့် ဆရာကောင်း သမား ကောင်း တွေ့နိုင်ဖို့ အမြဲနားစွင့်ရှာဖွေနေတာ၊ သားမျက်လုံး ပျောက်ကင်း အောင် ကုပေးနိုင်မယ်ဆိုရင် အမေတို့ရှိသမျှ အကုန်ထိုးပေးဖို့ အမေရော အဖေရော ဆန္ဒရှိကြပါတယ်ကွယ်၊ တစ်နေ့ ဆရာကောင်း သမားကောင်း တွေ့ပြီး သားမျက်လုံးတွေ ပြန်မြင်ရမှာပါ"

အမေက အားပေးနှစ်သိမ့်စကားဆိုပေမယ့် ကိုပြေညိမ်း ဘယ်လိုမှ အားတက်မလာ။ မိမိဝေဒနာကို မိမိအသိဆုံး။

နာကြည်းဒေါသစိတ်နှင့် သတိကင်းလွတ်စွာ မျက်လုံးကို လက်ဖမိုးနှင့် တအားပွတ်တိုက်၊ ဦးခေါင်းကို တိုင်နှင့်ဆောင့်၊ အရက် အလွန်အကျွံ သောက်စသည့် ကြမ်းတမ်းဆိုးရွားသောအပြုအမူများ၏ အကျိုးဆက် အဖြစ် ကိုပြေညိမ်းမျက်စိများ လုံးဝအမြင်ကွယ်ခဲ့ပြီကို အတတ်သိခဲ့ပေပြီ။

"ကျွန်တော် သေချင်တယ် အမေ၊ ကျွန်တော့်ဘဝက အသက်ရှင်နေလို့ကော ဘာအကျိုးထူးမှာလဲ၊ မြန်မြန်သေမှ အားလုံးအတွက် ကောင်းမှာ"

ကိုပြေညိမ်း မျက်ရည်တွေတွေကျရင်း ဝမ်းပန်းတနည်းပြောမိသည်။

"မဟုတ်တာ သားရယ်၊ လူ့ဘဝဆိုတာ ရခဲပါဘိခြင်း၊ အသက်ရှင်နေသမျှ အကျိုးရှိအောင် လုပ်နိုင်တယ်၊ လောကီအကျိုးအတွက် မစွမ်းဆောင်နိုင်ရင်တောင်မှ လောကုတ္တရာအကျိုးရှိအောင် အားထုတ်နိုင်တယ်"

အမေ တတ်သမျှ မှတ်သမျှနှင့် နှစ်သိမ့်စကားဆိုရှာသည်။

ထိုနေ့က သေကြောင်းကြံမှုအကြံအစည် အထမမြောက်လိုက်သည့်နောက်ပိုင်းမှာတော့ ကိုပြေညိမ်း ကိုယ့်ကိုယ်ကိုယ် လုပ်ကြံဖို့ စိတ်မကူးမိတော့။

စင်စစ် မိမိကိုယ်ကို သတ်သေဖို့ဆိုတာ အပေါက်ခဲယဉ်းသည့်ကိစ္စ၊ ပူလောင်ပြင်းပြသော အစွန်းရောက်စိတ်ဆန္ဒရိုင်းမျိုး ရင်ထဲမှာ မပေါက်ဖွားပဲ လုပ်ဝံ့သောအရာ မဟုတ်ပေ။

မည်မျှပင် မိမိဘဝကို မနှစ်မြို့နိုင်။ ဆင်းရဲအဖန်ဖန် ကြုံကြိုက်နေရသည်ဆိုစေ အပြီးတိုင်စွန့်လွှတ်ဖို့တော့ မဝံ့မရဲ နောက်တွန့်စမြဲ ။

သည်လိုနှင့် ကိုပြေညိမ်းမှာ စိတ်လက်မချမ်းမြေ့စွာနှင့်ပင် ဘဝခရီးကို ဆက်နှင်ခဲ့ရပြန်သည်။

အိမ်မှာ အလုပ်အကိုင်မရှိ တမှိုင်မှိုင်တတွေတွေ နေတတ်သော

ကိုပြေညိမ်းကို စိတ်ပြေလက်ပျောက်လည်းဖြစ်၊ အေးချမ်းစွာ ဘုရားတရားကိုလည်း အာရုံပြုနိုင်အောင်ဟုဆိုကာ ရွာဦးဘုန်းကြီးကျောင်းမှာ သွားရောက်နေထိုင်ဖို့ အမေက စီစဉ်ပေးခဲ့သည်။

ဘုန်းကြီးကျောင်းသွားနေရင်း ကိုပြေညိမ်း တရားထိုင်၊ ပုတီးစိပ်၊ ဘုန်းကြီးဟောပြောသမျှ တရားနာယူမှတ်သားရင်း စိတ်နှလုံး အေးချမ်းအောင် ကြိုးစားခဲ့ရသည်။

ဘုရားဟောတရားတော်များကို ထိတွေ့နှလုံးသွင်းမိချိန်မှာ စိတ်သည် အတော်အတန်အေးဆေးတည်ငြိမ်သွား၏။ ကံ ကံ၏အကြောင်းတရားကို သက်ဝင်ယုံကြည်လာသည်။ ဘဝအဆက်ဆက်က ပြုလုပ်ခဲ့သမျှကောင်းမှု မကောင်းမှုအကျိုးဆက်အတိုင်း သတ္တဝါတို့သည် ခံစား စံစားနေကြရသည်။ ကံအကျိုးပေးခြင်းကို အဘယ်လူသားမျှ ဖယ်ရှားတွန်းလှန်နိုင်စွမ်းမရှိတာ သိမြင်လက်ခံပြီးနောက်မှာတော့ ကိုပြေညိမ်းသည် ဘဝမှာဖြစ်လာသမျှ မတွန့်မဆုတ်ရင်ဆိုင်သွားဖို့ စိတ်ဆုံးဖြတ်မိလေသည်။

အတိတ်ဘဝမှ အကုသိုလ်ကံကြမ္မာအကျိုးပေးကြောင့် ယခုဘဝမှာ မျက်မမြင်ဘဝ ရောက်ခဲ့ရပြီ။ သည်ဆိုးကျိုးကြမ္မာကို ရှန်းဖယ်နိုင်စွမ်းမရှိသည့်အတူတူ ဘဝဝဋ်ကြွေးကို သည်ဘဝနှင့်ပြီးပြေအောင် ဆပ်သွားမည်။ ကြွေးဟောင်းဆပ်ရင်း တတ်နိုင်သမျှ အပြုလုပ်ငန်းများ ကြိုးပမ်းရှာဖွေလုပ်ဆောင်သွားဖို့ ရည်ရွယ်သည်။

ရွာဦးဘုန်းကြီးကျောင်းမှာ နေထိုင်စဉ် လယ်ယာကုန်းကျေးရွာမှာ ဝိဇ္ဇာဘုန်းကြီးတစ်ပါး ရောက်နေသည်။ မျက်စိကို မန်းမှုတ်ရုံနှင့် ပျောက်ကင်းအောင်ကုသနိုင်သည်ဟူသောသတင်းကို အဖေက ယူလာသည်။

မန်းမှုတ်ရုံနှင့် ပျောက်ကင်းနိုင်မည်လို့ ကိုပြေညိမ်း အယုံအကြည်မရှိလှပေမယ့် သွားရောက်ကုသဖို့ အမေက စိတ်အားထက်သန်နေသဖြင့်

သွားဖြစ်ခဲ့သည်။ တစ်ရက်တစ်ကြိမ် ငါးရက်တိတိ မန်းမှုတ်ကုသခြင်း ခံယူပြီးသည့်တိုင် မျက်စိက တစ်စုံတစ်ရာထူးခြားကောင်းမွန်လာခြင်း မရှိသဖြင့် တပ်ခေါက်ပြန်ခဲ့ကြရသည်။

ဘုန်းကြီးကျောင်းမှာ နေထိုင်ရင်း တစ်နှစ်နီးပါးကြာလာတော့ ကိုပြေညိမ်း ငြီးငွေ့လာသည်။ ရှေ့ခရီးဆက်ဖို့အရေး အလေးအနက်စဉ်းစားတွေးတောမိသည်။

တစ်သက်လုံး သည်လိုပဲ မိဘလုပ်စာ စားလိုက်၊ ဘုန်းကြီးများထံ မှီခိုကပ်ရပ်နေလိုက်နှင့် စခန်းသွားရတော့မှာလား။ သူများနှာခေါင်းနှင့် အသက်ရှူနေရသည့်ဘဝက စက်ဆုပ်စရာကောင်းလှသည်။ ကိုပြေညိမ်းမှာ မျက်စိနှစ်လုံးမှ တစ်ပါး ကျန်ကိုယ်လက်အင်္ဂါများ အကောင်းပကတိရှိနေသေးတာပဲ။ ကိုယ့်ဝမ်းကိုယ်ကျောင်းနိုင်သည့် အလုပ်တစ်ခုခုတော့ လုပ်ကိုင်တတ်ရမည်ဟု မျှော်တွေးသည်။ ထိုသို့ရှိဆဲ ကျားအလယ်ရွာမှ ဦးပဥ္စင်း ဦးညေယျမှာ ပခုက္ကူမျက်မမြင်ကျောင်းထွက်တစ်ဦးဖြစ်ကြောင်း သတင်းကြားသိရသဖြင့် အပြေးအလွှားသွားရောက် စုံစမ်းရသည်။

ပခုက္ကူမျက်မမြင်ကျောင်းမှာ မျက်မမြင်ဆရာတော် ဦးပညာဝံသ တည်ထောင်ခဲ့သည့်ကျောင်းဖြစ်၍ ထိုကျောင်းမှာ စာပေပညာ၊ လက်မှုပညာ၊ ဗေဒင်ပညာ၊ ဂီတပညာစသည်တို့ သင်ကြားပေးလျက်ရှိကြောင်း၊ မျက်မမြင်များအနေနှင့် အခမဲ့ကျောင်းတက်ခွင့်ရရှိလျက် မိမိနှစ်သက်ရာ ပညာများကို သင်ယူနိုင်ကြောင်းများသိရှိရတော့ ကိုပြေညိမ်း ဝမ်းမြောက်အားတက်ရသည်။

မှောင်ပိန်းနေသော လမ်းခရီးမှာ အလင်းရောင်တစ်စ မြင်တွေ့လိုက်ရသလိုပါပဲ။ ဘဝမှာ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ဖို့ လမ်းစ တွေ့ရှိ

ပြီ။ အမြန်ဆုံးသွားရောက်၍ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခု ကျွမ်းကျင်တတ်မြောက်အောင် သင်ယူမည်ဟု သံန္နိဋ္ဌာန်ချလိုက်သည်။

မျက်မမြင်ကျောင်းသို့ ယူဆောင်သွားရန် အသုံးအဆောင်ပစ္စည်းများနှင့် ငွေကြေးစုဆောင်းနေဆဲကာလမှာလည်း ကိုပြေညိမ်း အလကားမနေ။ ဆရာတော်ဦးညေယျထံမှာ မျက်မမြင်စာသင်ယူနေမိသည်။ ဆရာတော်၏ ခုနှစ်မျဉ်းဘောင်လေးနှင့် ခြောက်ပေါက်ရေးနည်း၊ အတိုကောက်ရေးနည်း၊ အရှည်ကောက်ရေးနည်းများ သင်ယူခဲ့သည်။

နောက်နှစ်လခန့်အကြာမှာ ဆရာတော်ဦးညေယျကိုယ်တိုင် ကိုပြေညိမ်းကို ပခုက္ကူမြို့ မျက်မမြင်ကျောင်းသို့ လိုက်ပို့ပေးခဲ့လေသည်။

ကျောင်းရောက်တော့ ကိုပြေညိမ်း ဘဝသစ်တစ်ခုသို့ ရောက်ရှိလာသလို ခံစားရသည်။ မျှော်လင့်ချက်ရောင်ခြည်တို့ဖြင့် ဘဝသည် ပြန်လည်ရှင်သန်လာပြန်သည်။

ကျောင်းမှာ အားလုံးက ကိုယ်လိုဘဝတူတွေမို့ ခဏချင်းမှာပင် ကျွမ်းဝင်ရင်းနှီးသွားကြကာ သိမ်ငယ်ခံစားချက်တို့လည်း ပြေပျောက်စပြုသည်။

ကျောင်းမှာ ရောက်နှင့်ပြီးသော မျက်မမြင်ကျောင်းသားအများမှာ လုံးဝမျက်စိအလင်းကွယ်နေသူ၊ အရောင်ခွဲခြားမြင်နိုင်သူ စသဖြင့် ဝေဒနာအနုအရင့် အနည်းငယ်ကွာခြားကြပေမယ့် အားလုံးပင် ရောထွေးနေကြကာ သွေးသားရင်းချာတွေလို ပြောမနာဆိုမနာ ပေါင်းသင်းဆက်ဆံကြသည်။

သူတို့သည် ဘဝကို အရှုံးပေး မှိုင်တွေချနေသူများ မဟုတ်။ ဖြစ်ရာဘဝမှာ ကျသလိုနေထိုင်ရင်း ရတတ်သမျှပညာများ ဆည်းပူးလျက် ခပ်ပျော်ပျော်နေကြသည်။

ကျောင်းတည်ထောင်ခဲ့သောဆရာတော်က ၁၉၇၂ ခုနှစ်ကတည်းက

ပျံလွန်တော်မူခဲ့ပြီ။ ဆရာတော်လက်ထက်ကို မီခဲ့သူများက ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ဖြစ်ရပ်များ တသသပြောဆိုတတ်ကြသည်။ သည်ကျောင်းမှာ နေရင်း ဖူးစာရှင်တွေ့ပြီး အိမ်ထောင်ပြုသွားကြသူတွေ အပုံ။ လက်ရှိ ကျောင်းသားတွေထဲမှာလည်း ရည်းစားရှိသူတွေ၊ အိမ်ထောင်ထူဖို့ စီမံကိန်း ချနေသူတွေ မရှား။

မျက်မမြင်အသိုင်းအဝိုင်းမှာလည်း အပြင်လောကနှင့် မခြား၊ နှလုံး သားခံစားချက်ကိုယ်စီနှင့် သက်ဝင်လှုပ်ရှားနေကြသည်။ ချစ်ခင်ကြင်နာ ခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ မစာမနာ မတရား ပြုခြင်းစသည့် လောကီလူသား အများသူငါ တွေ့ကြုံနေကျ ဖြစ်ပျက်စဉ် များအားလုံးသည် ကျောင်းမှာလည်းတွေ့ရသည်။

အခုတော့ အရာရာကို အလေးအနက်ခံစားတတ်ခြင်းမရှိအောင် ကိုပြေညီမ်း ထိန်းချုပ်သည်။

နောက်ဆုံးတော့ ဘဝဆိုသည်မှာ ဘာမှမဟုတ်။ အားလုံးသည် အချိန်၏ဝါးမျိုခြင်းခံရကာ ပြီးပျောက်သွားကြမှာ မလွဲဟု အကြိမ်ကြိမ် နှလုံးသွင်းလျက် အားလုံးကို အသေးအဖွဲလုပ်ပစ်နိုင်အောင် ကြိုးပမ်းသည်။

သို့တိုင် အခါခပ်သိမ်း ကိုပြေညီမ်းရည်မှန်းသလို ဖြစ်မလာ။ ဆတ်ဆတ်ထိမခံတတ်သောစိတ်သည် ထစ်ခနဲရှိ ခေါင်းပြူလာတတ်သလို ထိခိုက်ခံစားလွယ်တတ်သော နှလုံးသားကလည်း အကဲဆတ်နေမြဲ။

ကိုပြေညီမ်း၏စိတ်တစ်ပိုင်းက တရားတော်နှင့်အညီ အေးချမ်း အပြစ်ကင်းစင်စွာနေလိုပါလျက် မတရားမှုဟု မှတ်ယူသောအဖြစ်များ ကြုံတွေ့လာလျှင် ပင်ကိုဒေါသစိတ်က ဖျတ်ခနဲ ဦးဆောင်ကာ ခက်ထန် မာကျောစွာ တုံ့ပြန်မိတတ်သည်။

တစ်ခါတစ်ရံတော့ မတတ်နိုင်ဘူးလေ၊ အထုံပါရမီအရ မွေးကတည်း

က ပါရှိလာတဲ့ဗီဇစိတ်ဆိုတာ လုံးဝဥသုံကင်းပျောက်သွားအောင် ဖျက်ဆီးလို့ရစကောင်းတာမှ မဟုတ်ပဲဟု တွေး၍ ဖြေသိမ့်သည်။

"ဒင် ဒင် ဒင် ဒင်"

နာရီသံချောင်းခေါက်သံများက အတိတ်စာမျက်နှာများသို့ အာရုံစူးနစ်နေမိသော ကိုပြေညိမ်းကို လှန့်နိုးလိုက်သည်။

ခဏနေတော့ ကြေးစည်သံတနောင်နောင် ပေါ်ထွက်လာသည်။

မနက်စာ ထမင်းမစားခင် ဘုရားဝတ်ပြုရဦးမည်။

ကိုပြေညိမ်း လေးတွဲ့စွာ ထိုင်ရာမှ ထလိုက်၏။

* * *

သီချင်းဆိုဖို့ အောင်စိုးထွန်း မယ်ဒလင်အသံစမ်းနေစဉ်

"ကိုအောင်စိုးထွန်း"

မောင်ကျော်ဝင်းခုတင်ဘက်မှ အသံထွက်လာသည်။ အောင်စိုးထွန်း ပြန်မထူးပဲနေလိုက်တော့ 'ကိုအောင်စိုးထွန်း'ဟု ထပ်ခေါ်ပြန်သည်။

"ဘာလဲကွ ဖိုးကျော်ဝင်း"

"ဟိုသီချင်းလေး လုပ်စမ်းပါဗျာ"

"ဘယ်သီချင်းလဲ"

"ကျောင်းသူမလေးသီချင်းလေ"

"အောင်မာ မင်းက ဘယ်ကျောင်းသူမလေး လွမ်းစရာရှိလို့ ဒီသီချင်း နားထောင်ချင်ရတာလဲ"

"မဟုတ်ပါဘူးဗျာ၊ အဲဒီသီချင်းလေး ခင်ဗျားဆိုရင် နားထောင်ကောင်းလို့ပါ"

အောင်စိုးထွန်း သဘောကျစွာ တစ်ချက်ပြုံးမိသည်။

ဖိုးကျော်ဝင်းမှာ အသက်ဆယ့်သုံးလေးနှစ်ကျော် လူပျိုပေါက်အရွယ်သာရှိသေးပေမယ့် နှလုံးသားခံစားချက်တွေကို ဖမ်းယူမွေးမြူစ ပြုနေပေပြီ။

သူကိုယ်တိုင်က အဆိုအတီးမရတော့ သူ့ထက်ငယ်သည့် မောင်တင်လှိုင်တို့ မောင်ဦးတို့လို သီချင်းတကြော်ကြော်အော်ဆိုတတ်သည့် ကလေးတွေကို သူကြိုက်သည့်သီချင်းများ ဆိုခိုင်းတတ်သလို အဆိုအတီးဝါသနာပါသည့် အောင်စိုးထွန်းတို့ကိုလည်း မကြာခဏ ပွဲတောင်းတတ်သည်။

အောင်စိုးထွန်းကိုယ်တိုင်က 'ကျောင်းသူမလေး' သီချင်းဆိုလျက် ရင်ခုန်ခံစားခဲ့ဖူးသည်မို့ စာနာအတွေးနှင့် ပြုံးမိခြင်းပင်တည်း။

အောင်စွန်းထွန်းက မောင်ကျော်ဝင်းခုတင်ဘက်လှည့်ကာ တမင် နောက်လိုက်သည်။

"အလကားတော့ ဘယ်ရမလဲကွ၊ မုန့်တစ်ခုခုကျွေးမှ ဆိုပြနိုင်မယ်"

"ဘာမုန့်ကျွေးရမလဲ"

"မနက်က မင်းအိမ်က မုန့်တွေ လာပို့သွားတယ်မဟုတ်လား"

"အင်း ငှက်ပျောသီးကျွေးမယ်ဗျာ"

"ဟ ဒီလောက်နဲ့ ဘယ်ရမလဲ"

"မုန့်သြဇာလဲ ကျွေးမယ်"

"အေး ဒါဆို ရတယ်"

"အောင်စိုးထွန်းကတော့ ဝေ်ပါ့ကွာ"ဟု ကပ်ရက်ခုတင်မှ ဝင်းရွှေ က ထောပနာပြုတော့ ဒုံမင်းသမားမောင်ဝင်းစိန်ကပါ

"ဟုတ်ပါ့ဗျာ ကလေးဆိကတောင် မညာဘူး"ဟု ရယ်သံဟာဟာနှင့် ဝင်နောက်သည်။

"အောင်မာ သူတို့ကတော့ မငတ်တာကျလို့၊ စားစရာရှိရင် ရှေ့ ဆုံးက ဝင်နှိပ်တဲ့သူတွေကများ"

သည်ကျောင်းမှာက တစ်ယောက်ယောက်ထံ စားစရာကလေးများ ပိုပိုလျှံလျှံ အိမ်ကလာပို့သွားပြီဆိုလျှင် တစ်ယောက်တည်း ကျိတ်၍ စား

သောက်တတ်သည့်အလေ့ မရှိ။ နီးစပ်ရာ ဝိုင်း၍စားကြစမြဲ။ ပိုင်ရှင်က မတွန့်တိုတတ်သလို ဝိုင်းဝန်းအားပေးကြသည့်သူတွေကလည်း အားနာရိုးထုံးစမရှိ။ သည်တော့ မိမိတို့နှင့် နီးစပ်ရာအပေါင်းအသင်းများထံ အိမ်မှ အစားအစာများ လှမ်းပို့လိုက်ပြီဆိုလျှင် ကာယကံရှင်သာမက အပေါင်းအသင်းတွေကပါ ဝမ်းသာကြရစမြဲ။

မောင်ကျော်ဝင်း၏မိဘများက ပခုက္ကူမြို့ထဲမှ ကြေးရတတ်များဖြစ်၍ အပတ်စဉ်လာတွေ့ကြသည်။ လာသည့်အခါတိုင်းမှာလည်း ချိုင့်ကြီးချိုင့်ငယ်နှင့် ထမင်းဟင်းများ ပိုပိုလျှံလျှံထည့်လာတတ်သလို၊ မုန့်ပဲသားရေစာအမျိုးမျိုးလည်း ပါလာတတ်မြဲ။ တစ်ခါတရံ စနေ တနင်္ဂနွေတွေမှာ မောင်ကျော်ဝင်းကို အိမ်ပြန်ခေါ်သွားတတ်သည်။ မောင်ကျော်ဝင်းကတော့ ဘဝတူများနှင့် ကျင်လည်ရာသည်ကျောင်းမှာပဲ ပျော်နေသည်။ အိမ်ကိုတမ်းတစိတ် သိပ်မရှိတတ်။

"ဝင်းရွှေ မင်း စည်းကိုင်နော်"

အောင်စိုးထွန်း လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး သီချင်း စဆိုသည်။

"နေ့စဉ် နံနက်တိုင်းမှာ ကျောင်းသွားမပျက်တဲ့ညီမလေးရယ် x x x မူဟန်ကျော့ကျော့ရှင်း x x x လမင်းပမာနယ် x x x အသားတော်မဖြူမညိုနဲ့ရယ် x x x စိတ်ထားကောင်းတဲ့ ကျောင်းသူကလေးရယ်ကွယ် x x x "

အောင်စိုးထွန်း စိတ်ပါလက်ပါ ဆိုတီးတီးသည်။ သည်သီချင်းက ဟိုအရင် အမှတ် (၂) အ–ထ–ကနှင့် ကပ်ရက်နေရာမှာ မျက်မမြင်ကျောင်းတည်ရှိစဉ်ကာလကတည်းက မျက်မမြင်ကျောင်းသားတို့နှုတ်ဖျားမှာ အဆိုများခဲ့သည့် သီချင်း။

ကျောင်းသွားကျောင်းသူကလေးများကို မမြင်မျက်လုံးများနှင့် လှမ်းငေးရင်း ကျောင်းသားတစ်ဦး ရေးစပ်ခဲ့သည့်သီချင်းဟု ဆိုသည်။ ကျောင်းသားဟောင်းမောင်သိန်းဝင်း စပ်ခဲ့သလိုလို၊ ကိုအောင်မြင့်ရေးသလိုလို၊ အသေအချာမသိရ။ ဘယ်သူစပ်စပ် သည်သီချင်းကို ကိုအောင်စိုးထွန်း ခံတွင်းတွေ့ခဲ့တာတော့ အမှန်ပင်။

"ကျောင်းလုံချည် ထဘီစိမ်းကလေးနဲ့ လွယ်အိတ်ကလေးကိုလွယ် x x x ရှုမြင်သူ တကယ်ငေးလောက်အောင် ယဉ်ကျေးလှပလှပါပေတယ် x x x ပညာတွေ တကယ်ကြိုးစားလို့ သင်ကြားနေသူရယ် x x x ဒီအစ်ကို ဆုတောင်းတယ် x x x ဒီမောင် ဆုတောင်းတယ် x x x ရည်ရွယ်ချက်အပြည့်နဲ့ရယ် x x x စာမေးပွဲအောင်ပါစေကွယ် x x x"

"ငါ့လူတွေကတော့ အဟုတ်ပဲကွာ၊ မျက်စိမမြင်လို့ တော်တော့တယ်၊ ထဘီစိမ်းတာတို့၊ ယဉ်ကျေးလှပတာတို့ကို ဘယ်က နတ်မျက်စိ ငှားကြည့်ပြီး မြင်ရသလဲမသိ"

ဘယ်အချိန်က အနားရောက်လာမှန်းမသိသော ကိုတင်အောင်က အောင်စိုးထွန်း သီချင်းတစ်ကျော့ဆိုအပြီး အတီးပိုဒ်လိုက်နေစဉ် ဝင်၍ ထောပနာပြုသည်။

"ခံစားချက်လေ အစ်ကိုရဲ့၊ ခံစားချက် မျက်မမြင်မှာလဲ အသည်းနှလုံးနဲ့ ချစ်တတ်တဲ့စိတ်နဲ့ ချစ်သူကို စိတ်ထဲမြင်ယောင်ကြည့်တော့ ယဉ်ကျေးလှပတာတွေ မြင်လာတာပေါ့"

အောင်စိုးထွန်းက အတီးပိုဒ်အဆုံးမှာ စာနာစိတ်အပြည့်နှင့် ပြန်ပြောမိသည်။

"အေးပေါ့လေ မင်း ပြောင်းဖူးပြုတ်သည်ကောင်မလေးကိုလဲ

စိတ်ထဲမြင်ယောင်ကြည့်တော့ အသားဖြူဖြူသွယ်သွယ် နွဲ့နွဲ့လေးနဲ့ ယဉ်ကျေးလှပသူလေးလို့ပဲ မြင်နေတယ်မဟုတ်လား"

"ဒါပေါ့ဗျ" အောင်စိုးထွန်း အလွယ်တကူ ဝန်ခံလိုက်သည်။

နေ့ခင်းပိုင်းတွေမှာ မျက်မမြင်ကျောင်းသို့ ပြောင်းဖူးပြုတ်လာရောင်းလေ့ရှိသော ကောင်မလေးကို အောင်စိုးထွန်း စိတ်ဝင်စားချဉ်းကပ်နေတာ၊ ကောင်မလေးကလည်း အောင်စိုးထွန်းကို ကရုဏာသက်လျက် တစ်ခါတစ်ရံ ပြောင်းဖူးပြုတ် အလကားကျွေးသွားတတ်တာတွေကို အားလုံးက သိနေကြသည်။

"စိတ်ကူးယဉ်မနေနဲ့ မောင်၊ မင်းကောင်မလေး ရုပ်ရည် ဘယ်လိုရှိတယ်ဆိုတာ တစ်နေ့က မဦးလာတာနဲ့ ကြုံတုန်း ငါကြည့်ခိုင်းပြီးပြီ၊ အသားမဲမဲ ပိန်ပိန်ခြောက်ခြောက်ပဲ၊ မျက်ပေါက်ကျဉ်းကျဉ်းနဲ့ သွားကလဲခေါသေးဆိုပဲ"

တကယ်ပဲလား၊ နောက်ပြောနေတာလား မသိ။ မဦးဆိုတာက ကိုတင်မောင်၏ ရည်းစား။ ရှေ့နှစ်ထဲ ယူကြဖို့ ရည်ရွယ်ပြီးသား။ တစ်နေ့က ပြောင်းဖူးပြုတ်သည်ကောင်မလေး ရောက်နေချိန်မှာ မဦးရှိတာ အမှတ်ရသည်။

အောင်စိုးထွန်းရင်ထဲ နည်းနည်းမခံချင် ဖြစ်သွားလျက်က အညံ့မခံ ပြန်ပြောမိသည်။

"အသားဖြူတာ မဲတာက အရေးမကြီးပါဘူးဗျ၊ ပြုတ်စားလို့ရတာမှ မဟုတ်ပဲ၊ အဓိကအရေးကြီးတာက"

"အဓိကအရေးကြီးတာက မိန်းမဖြစ်ဖို့ပဲ မဟုတ်လား"

ဝင်းရွှေက ဝင်နောက်ပြန်သည်။

"နောက်မနေနဲ့ ဟောကောင်၊ အရေးကြီးတာက စိတ်သဘောထား ကောင်းဖို့နဲ့ စီးပွားရှာတတ်ဖို့ပဲ"

"မှန်တယ် မှန်တယ်၊ အောင်စိုးထွန်းအတွက်ဆိုရင် မိန်းမက စီးပွားရှာတတ်ဖို့ အရေးအကြီးဆုံးပဲ၊ ကိုယ်တိုင်က ဘာမှ ဟုတ်တိပတ်တိ မလုပ်တတ်တော့ မိန်းမလုပ်စာ မှီခိုစားရမယ့်အကောင်"

ကိုတင်အောင်က အပြတ်ထောက်ခဲ့သည်။

"အောင်မယ် ကျွန်တော့်သူငယ်ချင်းကို အဲဒီလို အထင်မသေးပါနဲ့ဗျ၊ ဒီလောက်အဆိုကောင်း အသံကောင်းနဲ့ မယ်ဒလင်အတီးကောင်းနေတာ တခြားဟာ ဘာမှမလုပ်ပဲ သီချင်းဆိုပြီး တောင်းစားရင်ကို မိန်းမနှစ်ယောက်လောက် တင်ကျွေးထားနိုင်တယ်"

"မင်းကလဲ သီချင်းဆိုပြီး တောင်းစားတာမဟုတ်ပါဘူးကွ၊ အလှူခံတာပါ၊ ကိုယ့်အချင်းချင်း အဲဒီလို မှိုချိုးမှျစ်ချိုး မပြောပါနဲ့"

"တောင်းရမ်းတာပဲဖြစ်ဖြစ်၊ အလှူခံတာပဲဖြစ်ဖြစ် သူများပေးမှ ကမ်းမှ စားရတဲ့ဘဝပါကွာ သိပ်မထူးပါဘူး"

"ဟုတ်ပါပြီလေ ငါကလဲ သီချင်းဆိုပြီး အလှူခံထွက်တဲ့အလုပ်ကို သဘောမကျပါဘူး၊ ဒါကြောင့် တခြားအသက်မွေးဝမ်းကျောင်းအလုပ်ကလေးသင်ယူဖို့ စောင့်စားနေရတာ၊ ဂဏန်းသင်္ချာမပိုင်တော့ ဗေဒင်ပညာကလဲ သင်ယူဖို့မလွယ်၊ ကြိမ်လုပ်ငန်းကလဲ ငါတို့သင်ချင်ပါတယ်ဆိုမှ အလုပ်မဖြစ်တာ နှစ်ချီနေပြီ"

အောင်စိုးထွန်းက ရင်ထဲကဆန္ဒအတိုင်း အားမလိုအားမရပြောမိသည်။ ဘဝခရီးအတွက် လက်တွဲဖော်ရည်ရွယ်သူ ရှိလာပြီဆိုတော့ တက်ကြွစွာ လှုပ်ရှားချင်လာတာ အမှန်။ ကိုယ့်ဘဝ ကိုယ့်ခြေထောက်ပေါ်မှာ ရပ်

တည်နိုင်ဖို့ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခု တတ်ကျွမ်းလိုစိတ် ပြင်းပြစွာ ပေါ်ပေါက်နေသည်။

သို့ပေမယ့် ဖြစ်ရသည့်ဘဝက မိမိ၏ဆန္ဒရှိတိုင်း မစွမ်းဆောင်နိုင်တော့ စိတ်ပျက်အားငယ်မိသည်။

"စိတ်ကူးမလွဲနဲ့ အောင်စိုးထွန်း၊ ကြိမ်ထိုးပညာတွေ ဘာတွေ သင်မနေနဲ့၊ ဂီတအနုပညာနဲ့ အသက်မွေးတာ အသက်သာဆုံးပဲ၊ ဒီကျောင်းက ထွက်သွားတဲ့ မောင်သိန်းဝင်းဆိုရင် ပခုက္ကူမောင်သိန်းဝင်းဆိုပြီး နာမည်တောင် ရနေပြီ။ သူက ကိုယ်တိုင်သီချင်းရေး၊ ကိုယ်တိုင်သီချင်းဆိုရုံတင် မကဘူး၊ ပြဇာတ်တောင် ရေးသတဲ့၊ အခုဆို အိမ်ထောင်နဲ့ ဘာနဲ့ အခြေတကျဖြစ်နေပြီ၊ မင်းလဲ ဂီတဘက်ကျွမ်းကျင်အောင်လုပ်ရင် ပိုကောင်းမယ်"

ကိုတင်မောင်က အကြံပေးသည်။

"အင်း ဟိုတုန်းကတော့ အတီးအမှုတ်သင်ချင်တဲ့ ကျောင်းသားတွေကို စိန်ဘစောတို့၊ ဦးဘညိုတို့ဆိုတဲ့ ဂီတပညာသည်ကြီးတွေကို အပြင်က လခပေးငှားပြီး သင်ပေးခဲ့ဖူးတယ်"

ဦးကျော်တင့်က သူ့ခုတင်ပေါ်မှနေ၍ လှမ်းပြောသည်။

အောင်စိုးထွန်းကို မယ်ဒလင်အတီးသင်ပေးခဲ့သောဆရာမှာ ဦးကျော်တင့်ပင်ဖြစ်သည်။

သည်ကျောင်း၏အစဉ်အလာတစ်ခုက ဆရာတစ်ဆူအဖြစ် လစာချီးမြှင့်၍တာဝန်ပေးအပ်ခြင်းမရှိပေမယ့် မိမိတို့တတ်သည့်ပညာကို ဘဝတူမျက်မမြင်ကျောင်းသားများသို့ လက်ဆင့်ကမ်းသင်ကြားပေးဖို့ ဘယ်သူမှ ဝန်မလေးကြခြင်းပင်။

အောင်စိုးထွန်း ကျောင်းရောက်စက မျက်မမြင်စာသင်ကြားရာတွင်

အသုံးပြုရသော စာရေးစက္ကူအထူစား ပြတ်လပ်ခိုက်နှင့် ကြုံသဖြင့် ဂီတပညာက စသင်ခဲ့ရသည်။

ယခုတော့ မယ်ဒလင်သာမက ဂစ်တာအတီးပါ တတ်မြောက်နေပြီ။ နှဲမှ လွဲ၍ ဂီတတူရိယာအားလုံး တီးတတ်ပြီး တတ်သမျှပညာကို လိုချင်သူတို့အား ပို့ချပေးသဖြင့် စိန်ကျော်တင့်ဟူသော နာမည်တစ်လုံးနှင့် ဂီတဆရာအဖြစ် ကျောင်းသားတို့၏ ရိုသေလေးစားမှုကို ခံယူရရှိသော ဦးကျော်တင့်မှာ ပန်းနာရင်ကျပ်ဝေဒနာ [illegible]နေသည်မှာ ကြာပြီ။

အများအားဖြင့် သူ့ခုတင်လေးပေါ်မှာ လှဲလျောင်း၍ နှုတ်ဆိတ်ငြိမ်သက်နေတတ်သော ဦးကျော်တင့်ကို အောင်စိုးထွန်း ကရုဏာသက်လျက် ကျေးဇူးတုံ့ပြန် ပြုစုကျွေးမွေးချင်လှပေမယ့် မိမိကိုယ်တိုင်က အခါမလပ် ငွေပြတ်နေတတ်သူမို့ စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့။

နောက်ဆုံးတော့ ဝင်ငွေကလေးရအောင် လုပ်ကိုင်ရှာဖွေနိုင်စွမ်း မရှိသမျှ ဆန္ဒနှင့်ဘဝ အမြဲကွာဟနေမှာပဲဟု တွေးမိလျက် အသက်မွေးဝမ်းကျောင်းပညာတစ်ခုခု သင်ယူလိုစိတ် မကြာခဏ ပြင်းပြစွာ ဖြစ်ပေါ်နေလေသည်။

* * *

သီရိဆွေစာအုပ်တိုက်

"ဒါကြောင့် အစကတည်းက ငါပြောခဲ့သားပဲ မောင်မောင်၊ မိန်းမတွေကို အထင်မကြီးဖို့နဲ့ နောက်ဆုံးတစ်နေ့ လွမ်းခန်းနဲ့ ဇာတ်သိမ်းရလိမ့်မယ်လို့ ကြိုတွက်ထားပါလို့"

ကိုပြေညိမ်းက တစ်ခါက သူပြောခဲ့ဖူးတာကို အမှတ်ရလျက် ခပ်အေးအေးပြောမိသည်။

မောင်မောင့်ထံမှ စကားပြန်မလာ။ ငြိမ်သက်တိတ်ဆိတ်နေသည်။

ရည်းစားဟောင်း လက်ထပ်တော့မည့်သတင်း ကြားသိရချိန်တွင် ကျန်ရစ်သူ၏ရင်မှာ နာကြည်းခံစားမှု သို့မဟုတ် ကြေကွဲဆွေးမြည့်မှု ဝေဒနာတစ်ခုခု ခံစားနေရပေလိမ့်မည်။

မောင်မောင်နှင့် ဌေးဌေးဝင်းတို့ သမီးရည်းစား အဆက်အသွယ်ပြတ်နေခဲ့သည်မှာ သုံးလခန့်ပင်ရှိပေပြီ။ တစ်ချိန်က ချစ်ကြင်ခဲ့ဖူးတာကို အမှတ်ထင်ထင် စွဲမြဲယုံကြည်နေဆဲဖြစ်သော မောင်မောင်က ဌေးဌေးဝင်း အစ်မ မမြမေ၏ပယောဂကြောင့် ထိုသို့ဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဌေးဌေးဝင်းကတော့ သူ့ကို သစ္စာမဲ့လိမ့်မည်မဟုတ်ဟု မျှော်လင့်ကာ အဆက်အသွယ်ပြန်ရဖို့ ကြိုးစားနေခဲ့သေးသည်။

---

သည်နေ့မနက်ပိုင်းက လာမည့်တနင်္ဂနွေနေ့မှာ ဌေးဌေးဝင်း လက်ထပ်တော့မည်ဆိုသည့်သတင်း အသေအချာကြားသိရတော့မှ ချစ်သူ၏ သစ္စာပျက်ယွင်းမှုကို မောင်မောင် လုံးဝဥဿုံ ယုံကြည်လက်ခံလိုက်ရလေသည်။

မောင်မောင် စိတ်လှုပ်ရှားခံစားနေရမှန်းသိသဖြင့် ကိုပြေညီမ်း သူစိတ်သက်သာအောင် ဖြေသိမ့်စကားများ ပြောနေရသည်။

"တကယ်တော့ မိန်းမတစ်ယောက် မဲ့တာ အဆန်းမဟုတ်ပါဘူး မောင်မောင်ရာ၊ ဒါဟာ လောကမှာ ဖြစ်ပျက်နေကျ ဖြစ်ရိုးဖြစ်စဉ်တစ်ခုပဲလို့ သဘောထားဖြီး မေ့မေ့ပျောက်ပျောက်ထားလိုက်စမ်းပါ"

ကိုပြေညီမ်းက တစ်ချိန်က ကိုယ်တိုင်ခံစားခဲ့ရဖူးတာတွေကို အမှတ်ရလျှက်နှင့် တမင်ခပ်ပေါ့ပေါ့လေး ပြောလိုက်သည်။

"ငါကတော့ သူ့ကို တကယ်ချစ်ခဲ့မိတာဆိုတော့ ခံစားရတယ်ကွာ၊ ပြီးတော့ သူဟာ ငါ့အတွက် အချစ်ဦးမဟုတ်လား"

"အချစ်ဦးပဲဖြစ်ဖြစ် အချစ်နှောင်းပဲဖြစ်ဖြစ် သူ့ဘက်က သစ္စာမတည် မေတ္တာသွေဖည်ပြီဆိုမှတော့ သူကြင်မှ ကိုယ်ကြင် ဂျင်းစိမ်းနဲ့ မိဿလင်စိတ်မျိုး မွေးရမှာပဲ၊ မဟုတ်ဘူးလား မောင်မောင်ခင်"

"အင်း"

မောင်မောင်ခင့်ထံမှ ခပ်လေးလေးအသံထွက်လာသည်။

မနက်စာထမင်းစားပြီးကတည်းက အဆောင်ရှေ့ခုံတန်းလျားရှည်မှာ သုံးယောက်သားထိုင်၍ စကားပြောနေမိကြသည်။

"အချစ်ဆိုတာ လူတစ်ယောက်ရဲ့စိတ်နှလုံးကို တော်တော်ဒုက္ခပေးနိုင်တာပဲနော်၊ ချစ်သူနဲ့ ကွေကွင်းရတဲ့အချိန်မှာ ဘယ်လောက်ခံစားရတယ်ဆိုတာ ချစ်သူမရှိဖူးတဲ့ မောင်မောင်ခင်ကတော့ သိမှာမဟုတ်ဘူး"

"ချစ်သူမရှိဖူးပေမယ့် မိန်းကလေးတစ်ယောက်ကို စချစ်မိရုံနဲ့ကို အတော်လေးခံရပါတယ် မောင်မောင်ရာ၊ အချစ်ဟာ ဘယ်လောက်အထိ စိတ်ချမ်းသာမှုပေးနိုင်မယ်မှန်း မသိသေးပေမယ့် စိတ်ဒုက္ခ အတော်ပေးနိုင်မယ့်အရာဆိုတာတော့ ရိပ်စားမိပါတယ်"

မောင်မောင်ခင့်စကားကြားရတော့ ကိုပြေညိမ်း တစ်ချက်ပြုံးမိသည်။

"အချစ်ဆိုတာ မီးနဲ့တူတယ်လို့ အဆိုရှိတယ်မဟုတ်လား၊ မီးဟာ လူသားတွေအတွက် မရှိမဖြစ်လိုအပ်သလို မီးကြောင့် ဘေးဒုက္ခအကြီးအကျယ် ကြုံရတာလဲ ရှိတာပဲ၊ ဒါပေမဲ့ မီးဘေးအန္တရာယ်ကြုံနိုင်တယ်ဆိုပြီး မီးကို မတို့မထိ ရှောင်ကွင်းနေလို့လဲ မရ၊ အဲဒီတော့ မီးကို ကိုင်တွယ်မိလို့ အလောင်ခံရရင် အပူဒဏ်ကို ခံနိုင်ရည်ရှိဖို့ ကြိုးစားရမှာပဲ"

ကိုပြေညိမ်းက သူတို့ထက်ပို၍ အချစ်ရေးမှာ အတွေ့အကြုံရှိခဲ့သူပီပီ လူတတ်ကြီးလုပ်၍ ဩဝါဒပေးနေမိသည်။

"နောက်ပြီးတော့ မီးဆိုတာ ဘယ်နှစ်ကြိမ်ပဲလောင်လောင် အလောင်ခံရတိုင်း ပူတာပဲကွ၊ တစ်ကြိမ်အလောင်ခံရဖူးလို့ နောက်တစ်ကြိမ်ကျရင် အပူသက်သာလိမ့်မယ် မထင်နဲ့"

"အင်း ငါတို့အတွက်တော့ အချစ်မီးကို မမြင်မစမ်းနဲ့ ကိုင်တွယ်ရတာဆိုတော့ ပိုပြီးအလောင်ခံရမယ်ထင်ပါရဲ့ကွာ"

မောင်မောင်က စိတ်ပျက်အားလျှော့သံနှင့် ခပ်ညည်းညည်းပြောသည်။

"သိပ်မှန်တာပေါ့ကွာ၊ ငါတို့က လူ့အဖြစ်မှာ တစ်ပန်းရှုံးနေတဲ့သူတွေ၊ တို့ဘဝထဲ တိုးဝင်လာပြီး တစ်သက်လုံး လက်တွဲသွားနိုင်လောက်အောင် သစ္စာရှိတဲ့ မိန်းကလေးမျိုး တွေ့ဖို့ အတော်ခဲယဉ်းမှာပဲ"

အာရုံငါးပါး ဖွံ့ဖြိုးသော လူကောင်းပကတိဘဝမှာပင် အချစ်ရေးတွင် နှစ်ကြိမ်တိတိ အရှုံးနှင့် ရင်ဆိုင်ခဲ့ရဖူးသော ကိုပြေညီမ်းမှာ ယခုလို အမြင်ကွယ်လျက် ဘဝခရီးကို စမ်းတဝါးဝါးလျှောက်နေရချိန်မှာ မေတ္တာသစ္စာကြီးမားစွာ ထာဝရလက်တွဲသွားနိုင်မည့် ဘဝအဖော် တွေ့ရှိနိုင်ပါဦးမည်လားဟု တွေးနေမိသည်။

အချစ်ကြောင့် မွန်းနစ်ကြေကွဲ ခံစားခဲ့ရတာတွေကို မမေ့နိုင်သေးပါလျက်နှင့် ထပ်မံ၍ အချစ်ပင်ပျိုးလိုသည့်ဆန္ဒ ပေါက်ဖွားလာသည်ကလည်း ကိုပြေညီမ်းအတွက် အံ့ဩစရာပင် ကောင်းသေးတော့သည်။

"ဒါနဲ့ မောင်မောင်ခင် မင်းအခြေအနေကကော ဘယ်လိုလဲ၊ ထွေးငယ်ဆီက အဖြေမရသေးဘူးလား"

ကိုပြေညီမ်း ထွေးငယ်ကို သတိရလျက် မေးလိုက်မိသည်။

"အဖြေကတော့ ထူးမခြားနားပါပဲကွာ၊ မသန်းဝင်းပြောတော့ ထွေးငယ်က အိမ်ထောင်ပြုဖို့ စိတ်မဝင်စားပဲ အပျိုကြီးလုပ်မှာလို့ ပြောနေသတဲ့၊ ဒါပေမဲ့ သူ့လုပ်စာနဲ့ သားအဖနှစ်ယောက် ချို့ချို့တဲ့တဲ့နေကြရတော့ အားကိုးအားထားလောက်တဲ့ယောကျ်ားမျိုး တွေ့ရင် တစ်နေ့ အိမ်ထောင်ပြုရမှာပဲတဲ့၊ ဒီတော့ ငါ့အနေနဲ့ စိတ်ရှည်ရှည်စောင့်ဖို့၊ ငါ့မိဘတွေမှာ ဆေးလိပ်ခုံလုပ်ငန်း အခိုင်အမာရှိတာ၊ ချမ်းသာတာတွေပြောပြပြီး သူ စည်းရုံးနေသတဲ့၊ တစ်နေ့နေ့တော့ လက်ခံလာလိမ့်မယ်လို့ ပြောသွားတာပဲ"

"မသန်းဝင်းပြောနဲ့ချည်း အေးဆေးမနေနဲ့လေ၊ မင်းကိုယ်တိုင် ထွေးငယ်နဲ့တွေ့ဆုံပြီး ပြတ်ပြတ်သားသားအဖြေရအောင် မေးကြည့်ပါလား"

ကိုပြေညီမ်းက ကြားထဲက စိတ်မရှည်နိုင်စွာ အကြံပေးတိုက်တွန်းလိုက်မိသည်။

"ငါစဉ်းစားမိတာတစ်ခုလဲ ရှိတယ်၊ အိမ်ထောင်တစ်ခုဟာ အချစ်မပါပဲ တည်ဆောက်လို့ အနှစ်သာရ မရှိနိုင်ဘူး၊ ငါ့မိဘတွေက ချမ်းသာလို့ ထွေးငယ် ငါ့ကို လက်ထပ်မှာမျိုးလဲ မလိုချင်ဘူး၊ သူ ကိုယ်တိုင် ငါ့ကို ချစ်လို့ မေတ္တာနဲ့ လက်ထပ်တာမျိုးပဲ ဖြစ်စေချင်တယ်"

"မင်းကလဲ စိတ်ကူးယဉ်လိုက်တာကွာ၊ မုန့်ဆီကြော်ဖြင့် ဘယ်နားနေမှန်း မသိ၊ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားဆိုတာမျိုး ဖြစ်နေပြီ၊ ထွေးငယ်က မင်းကို လက်ထပ်တဲ့အဆင့်အထိပဲ ရောက်ပါစေဦး၊ အိမ်ထောင်ကျပြီးရင် တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးပြီး အချစ်ဆိုတာ အလိုလိုဖြစ်လာနိုင်တာပဲ"

"မောင်မောင်ပြောသလို တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးရာက အချစ်ပေါက်ဖွားလာနိုင်တယ်ဆိုတာမျိုးက ပုံသေကားကျတော့ တွက်လို့မရဘူးကွ၊ နဂိုကချစ်လို့ ယူကြတဲ့ အိမ်ထောင်တွေတောင် အတူပေါင်းသင်းနေထိုင်ကြတော့မှ စရိုက်ချင်းမတူတာတွေ တွေ့ကြုံရပြီး လမ်းခွဲကြရတာတွေရှိတာပဲ မဟုတ်လား၊ ငါကတော့ မောင်မောင်ခင့်အယူအဆကို လက်ခံတယ်၊ အိမ်တောင်တစ်ခုဟာ အချစ်နဲ့ အခြေခံတည်ဆောက်မှ ရေရှည်နိုင်မြဲနိုင်မယ်လို့ ယုံကြည်တယ်"

ကိုပြေညီမ်းက မောင်မောင်ခင့်အဆိုကို အပြတ်ထောက်ခံလိုက်သည်။

"တစ်နေ့ကတော့ ငါ မသန်းဝင်းကို ပြောလိုက်တယ်၊ ထွေးငယ်နဲ့ တစ်ခါလောက်တွေ့ဆုံပြီး အေးအေးဆေးဆေး စကားပြောချင်သေးတဲ့အကြောင်း"

"ဒါတော့ မသန်းဝင်းက ဘာပြောသလဲ"

ကိုပြေညိမ်းက စိတ်ဝင်စားစွာမေးမိသည်။

"အခြေအနေပေးတဲ့တစ်နေ့ တွေ့နိုင်အောင် သူပြောပေးမယ် ပြောသွားတာပဲ၊ ဒီတစ်ခါ မသန်းဝင်းတို့အိမ်မှာ ထွေးငယ်နဲ့ တွေ့ရမယ် ဆိုရင် မင်းပါလိုက်ခဲ့စမ်းကွာ ပြေညိမ်း၊ မင်းက အချစ်ကိစ္စ အတွေ့အကြုံ ရှိတဲ့ကောင်ဆိုတော့ ထွေးငယ်အပြောအဆိုနားထောင်ပြီး ငါ့အပေါ်မှာ သူ သံယောဇဉ်ရှိရဲ့လား၊ တစ်နေ့ ချစ်လာနိုင်မလားဆိုတာ အကဲခတ်ကြည့် စမ်းပါ"

မောင်မောင်ခင်က ယုံကြည်အားကိုးစွာ အကူအညီတောင်းတော့ ကိုပြေညိမ်း မသိမသာ သက်ပြင်းတစ်ချက်ရှိုက်လိုက်မိသည်။

မောင်မောင်ခင်နှင့် ထွေးငယ်တို့ ချစ်သူဘဝ ရောက်သွားကြမှာကို တိတ်တခိုး စိုးရိမ်ပူပန်နေမိသော ကိုပြေညိမ်း၏နှလုံးသားဆန္ဒကိုသာ မောင်မောင်ခင် သိမြင်နိုင်စွမ်းရှိမည်ဆိုလျှင် ယခုလို အကူအညီတောင်းခံ ခြင်းအမှု ပြုလိမ့်မည်မဟုတ်ပေ။

* * *

သီရိဆွေစာအုပ်တိုက်

"ကိုမောင်မောင်ခင် အအယ် အောက်မြစ်သအယ် လှဆတယ်"

အဆောင်ရှေ့မှ လှမ်းအော်ပြောလိုက်သော မောင်ဝင်းရွှေအသံကြောင့် မောင်မောင်ခင့်ခုတင်ပေါ်မှာထိုင်၍ စကားကောင်းနေရာမှ ကိုပြေညိမ်း တံခါးပေါက်ဘက် ခေါင်းလှည့်ကြည့်မိသည်။

အကြည့်၏နောက်မှာ အမြင်အာရုံထင်ဟပ်ခြင်း မရှိမှန်းသိပေမယ့် တစ်ယောက်ယောက်ထံ ညွှသည်လာသည်ဟု လျှို့ဝှက်စကားနှင့် လှမ်းအော်ပြောသံကြားရလျှင် သည်လိုပဲ သိလိုစိတ်နောက် အကြည့်ကလိုက်ပါသွားမိစမြဲ။

"ဟေ ဘယ်သူလဲဟ ဒီကို ခေါ်ခဲ့လေ"

မောင်မောင်ခင်က လှမ်းအော်ပြောလိုက်သည်။

ခဏနေတော့ အဆောင်ထဲမှာ လျှောက်လာသောခြေသံများ ကြားရပြီး မောင်မောင်ခင့်ခုတင်နားမှာ ရပ်သွားသည်။

"ကိုမောင်မောင်ခင် နေကောင်းလား"

"ဟာ မသန်းဝင်း"

မောင်မောင်ခင်၏ ပျာပျာသလဲပြောသံကြောင့် လှုပ်ရှားသွားဟန်ကို မမြင်ပဲနှင့် သိလိုက်သည်။

မသန်းဝင်းလာလျှင် ထွေးငယ်အကြောင်း ပြောဆိုကြားသိရတော့မှာမို့ မောင်မောင်ခင် သည်လိုပဲ တက်ကြွလှုပ်ရှားလာစမြဲ။

“ကိုပြေညိမ်းလဲ မတွေ့ရတာကြာပြီ၊ ခုတလော ကျွန်မတို့ဘက်အနိုပ်ကလေး ဘာလေး မလာရဘူးလား”

“တမြန်နေ့ကတောင် ခြောက်လမ်းက အိမ်တစ်အိမ် ရောက်သေးတယ်ဗျ”

ကိုပြေညိမ်းက ပြောရင်း ခုတင်အနားမှာ ရပ်နေတာ မသန်းဝင်း တစ်ယောက်တည်းမဟုတ်သိလို ခံစားမိလျက် သင်းပျံ့ပျံ့သနပ်ခါးနံ့ကိုလည်း ရှူရှိုက်ရမိသည်။

“ခြောက်လမ်းရောက်မှတော့ ကျွန်မတို့အိမ် ဝင်ခဲ့ရောပေါ့၊ ဒါနဲ့ ကိုမောင်မောင်ခင် ထွေးငယ်ပါလာတယ်”

“ဗျာ ထွေးငယ်”

မောင်မောင်ခင်၏ တအံ့တသြ အာမေဋိတ်သံနှင့် အတူ ကိုပြေညိမ်းမှာလည်း ထိုင်နေရာမှ ချက်ချင်းထရပ်ရတော့မလို ဣန္ဒြေပျက် လှုပ်ရှားလိုက်မိသည်။ ပြီးမှ ထွေးငယ်ရှိမည်ဟု ခန့်မှန်းရသောနေရာကို စူးစိုက်ကြည့်မိကာ ဖြည်းညင်းစွာ ထရပ်လိုက်သည်။

“ကိုမောင်မောင်ခင့်ကို ထွေးငယ်က အေးအေးဆေးဆေး စကားပြောချင်လို့တဲ့ သောင်ပင်အောက် သွားကြရအောင်လေ”

“သွားလေ ရပါတယ်”

သူတို့ခုတင်နားမှ ထွက်ခွာသွားကြသံ ပျောက်ကွယ်သွားသည်အထိ ကိုပြေညိမ်း ငြိမ်သက်စွာ ရပ်နေမိသည်။

ထွေးငယ်အသံကို လုံးဝမကြားလိုက်ရ။

သူတို့နောက် လိုက်ပါသွားချင်သည့်စိတ်ကို ချုံးနှိမ်မျိုသိပ်လျက် ကိုပြေညိမ်း ခုတင်ရှိရာသို့ ခပ်ဖြည်းဖြည်းလျှောက်လာခဲ့သည်။

လူက အိပ်ရာပေါ်မှာ ငြိမ်သက်စွာလှဲလျောင်းနေမိပေမယ့် ကိုပြေညိမ်းစိတ်မှာ ထွေပြားလှုပ်ရှားလှစွာ အတွေးတို့ဖြင့် ယောက်ယက်ခတ်နေသည်။

ထွေးငယ် ဘာကြောင့် ကိုယ်တိုင်လိုက်လာတာလဲ၊ နောက်ဆုံးကြားသိခဲ့ရသည့်အခြေအနေအရတော့ မောင်မောင်ခင့်ကို ထွေးငယ် လက်ခံခြင်းမရှိသေး။ ကိုယ်က လက်မခံနိုင်ပါပဲလျက် ကိုယ့်ကို ချစ်ရေးဆိုလက်ထပ်ခွင့်တောင်းထားသူထံ မည်သည့်ကိစ္စနှင့် လာရသလဲ။ ထွေးငယ်စိတ်ပြောင်းသွားပြီး အခုမှ သဘောတူလက်ခံကြောင်း အသိပေးဖို့ ရောက်လာတာလား။ ဒါမှမဟုတ် တစ်ခုခုများ ပြောဆို ညှိနှိုင်းချင်လို့လား။

အဖြေမသဲကွဲသော မေးခွန်းများ ကိုပြေညိမ်းရင်ထဲမှာ ဝဲလည်လှည့်ရင်း ထွေးငယ်တို့စကားဝိုင်းနား သွားရောက်နားထောင်လိုစိတ် အုံကြွဖြစ်ပေါ်နေသည်။ ရှားရှားပါးပါး ထွေးငယ်နှင့် လူကိုယ်တိုင် တွေ့ဆုံရခိုက်ကလေးမှာ ထွေးငယ်နှင့် စကားပြောချင်သောဆန္ဒကလည်း ချုံးနှိမ်မရအောင် ဖြိုးကြွနေသည်။

အေးအေးဆေးဆေး စကားပြောချင်လို့ဟုဆိုတာ တမင် လူသူဝေးရာ သွားရောက်စကားပြောနေကြသူများအနီးသို့ ကိုပြေညိမ်း လိုက်သွားဖို့တော့ မလျော်ကန်ဟု တွေးမိသည်။

ကိုပြေညိမ်းသည် အိပ်ရာပေါ်မှာ ထထိုင်လိုက်ကာ အဆောင်ရှေ့ညောင်ပင်ရိပ် စကားဝိုင်းမှ စကားသံများ အဆောင်ထဲအထိ ရောက်မလာနိုင်မှန်း သိလျက်နှင့် နားစွင့်ထောင်နေမိပြန်သည်။

ကြာ ရှည်လွန်းနေသည်ဟု ထင်ရသောအချိန်ကို စိတ်မရှည်စွာ စောင့်ဆိုင်းရင်း ကြဲရာမရဖြစ်လာလျက် ရုတ်ခြည်းထကာ ခေါင်းရင်း သေတ္တာပေါ်မှ ရေခွက်ကို လှမ်းယူ၍ ထွက်လာခဲ့သည်။

လှေကားထစ်ပေါ်မှ ဖြည်းညင်းစွာဆင်းသက်ရင်း ညောင်ပင်ကြီး ဘက်သို့ တစ်ချက် လှမ်းငေးမိလိုက်သေးသည်။ ပြီးမှ ရေချိုးကန်ရှိရာသို့ ခပ်ဖြည်းဖြည်းလျှောက်လာခဲ့သည်။

သွားနေကျနေရာတွေမို့ တစ်နေရာနှင့် တစ်နေရာ ခြေလှမ်းအကွာ အဝေးများ အလွတ်သိမှတ်မိနေကာ သွားလိုရာသို့ အကူအညီမပါပဲ သွား ရောက်နိုင်စမြဲ။

ကိုပြေညီမ်း ရေချိုးကန်မှာ စိမ်ပြေနပြေမျက်နှာသစ်နေစဉ် မသန်းဝင်း အသံ တစ်ခါတစ်ခါကြားရပြီး တိုးတိတ်သောအသံတစ်ခုကိုတော့ မသဲ မကွဲကြားရသည်။

မျက်နှာသစ်ပြီးချိန်မှာတော့ ကိုပြေညီမ်း ဆန္ဒကို မတားဆီးနိုင် တော့။ ခြေလှမ်းတို့သည် အဆောင်ရှိရာ ဦးမတည်၊ ညောင်ပင်ဘက် ဦး လှည့်လိုက်မိသည်။

ခပ်ဖြည်းဖြည်းလှမ်းလာသော ကိုပြေညီမ်း၏ခြေလှမ်းများသည် ကြိမ်စိမ်ရေကန်ရှေ့နားလောက် အရောက်မှာ တုံ့ခနဲ ရပ်သွားသည်။

"ကိုမောင်မောင်ခင် အသေအချာစဉ်းစားပြီး ကျွန်မပြောသလို လုပ်စေချင်တယ်၊ ခုန ကျွန်မပြောခဲ့တာတွေအားလုံးဟာလဲ တကယ့် စိတ်ရင်းမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပဲ စေတနာနဲ့ ပြောခဲ့တယ်ဆိုတာ ယုံနော်"

ကိုပြေညီမ်း ရှေ့ဆက်သွားရကောင်းနိုး၊ အဆောင်ဘက် လှည့်ပြန်ရ ကောင်းနိုးနှင့် ငြိမ်သက်တွေဝေရပ်နေမိဆဲ မသန်းဝင်းအသံ ကြားရပြန်သည်။

သိရိုဆွေစာအုပ်တိုက်

"ကဲ ကျွန်မတို့သွားမယ် ကိုမောင်မောင်ခင်၊ စဥ်းစားဆုံးဖြတ်ပြီး ရင် ကျွန်မတို့လဲ အသိပေးဦးနော်၊ အိမ်ဘက်လဲ လာခဲ့ပါဦး"

"ဟုတ်ကဲ့"

မောင်မောင်ခင်၏ တုံးတိတိစကားသံအဆုံးမှာ သူတို့ လျှောက် လာကြသည့်ခြေသံများ ကြားရသည်။

"ကိုပြေညိမ်းရေ ကျွန်မတို့ ပြန်လိုက်ဦးမယ်နော်"

"ကောင်းပါပြီဗျာ ဦးလေးညိုကော နေကောင်းလား၊ မတွေ့ရတာ တောင် အတော်ကြာပြီ"

"ကောင်းပါတယ် ကိုပြေညိမ်းလဲ ကျွန်မတို့အိမ် လာခဲ့ဦးလေ၊ အဖေကတောင် ကိုပြေညိမ်း မေးနေသေးတယ် အနိုပ်ခံချင်လို့တဲ့"

"လာခဲ့မယ်လေ မနက်ဖြန်သန်ဘက်လောက် လူကြုံရှိရင် လိုက် လာခဲ့မယ်"

မသန်းဝင်းတို့ စားဖိုဆောင်ဘက်လျှောက်သွားကြပြီး ကိုအောင်မြင့် တို့နှင့် နှုတ်ဆက်စကားပြောနေကြသံကို နားစွင့်မနေမိတော့။ ညောင်ပင် ကြီးဘက် ကိုပြေညိမ်းလျှောက်လာရင်း အသံပြုလိုက်သည်။

"မောင်မောင်ခင်"

"လာကွာ ဒီကို"

မောင်မောင်ခင်ရှိရာသို့ လျှောက်လာခဲ့ပြီး ကိုပြေညိမ်း ထိုင်ခုံကို စမ်း၍ ဝင်ထိုက်လိုက်စဥ် မောင်မောင်ခင်၏လေးလေးပင်ပင် သက်ပြင်း ရှည်တစ်ချက် ရှိုက်ချသံ ကြားလိုက်ရသည်။

"ဘယ်လိုလဲကွ ထွေးငယ် ဘာလာပြောတာလဲ"

"မပြောချင်တော့ပါဘူးကွာ ငါတော့"

"မပြောချင်တော့ဘူးဆိုတာ သိပ်ကိုပြောချင်နေလို့ ဖြစ်ရမယ်"

ကိုပြေညိမ်း ခပ်နောက်နောက်ပြောလိုက်ပြီး ခဏကြာသည်အထိ မောင်မောင်ခင့်အသံ တိတ်နေသည်။

“ပြောပါဦး ထွေးငယ်တို့ ဘာကိစ္စနဲ့ လာကြတာလဲ”

“ငါ့မိဘတွေက မဝင်းနဲ့ ငါ့ကို အိမ်ထောင်ချပေးဖို့ စီစဉ်ချင်ကြပြီး ငါက လက်မခံနိုင်အောင်ဖြစ်နေတဲ့အကြောင်း ထွေးငယ်က သူသိသတဲ့”

“အင်း”

“အဲဒီလို လက်မခံရတဲ့အကြောင်းကလဲ ထွေးငယ်ကို မျှော်လင့်နေလို့ တစ်နေ့နေ့ ထွေးငယ်ပြန်ချစ်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ကြီး ရှိနေလို့ပဲ ဖြစ်ရမယ်လို့ သူကပြောတယ်”

“တယ်မှန်ပါလား”

“အချုပ်ပြောရရင်တော့ ထွေးငယ်က သူ့ကို မမျှော်လင့်ဖို့၊ သူ့အနေနဲ့ ဘယ်တော့မှ ငါ့ကို မချစ်နိုင် မယူနိုင်ဘူးဆိုတာ လာပြောတာပါပဲ၊ မောင်နှမတွေလို ခင်မင်လို့ အကောင်းဆုံး ဖြစ်သင့်တာကို လာအကြံပေးတာတဲ့၊ ငါ့အနေနဲ့ ရေစကြိုပြန်သွားပြီး မဝင်းနဲ့လက်ထပ်လိုက်တာ အသင့်လျော် အမှန်ကန်ဆုံးပဲတဲ့လေ”

သူ့အတွက် စိတ်မကောင်းဖြစ်ရပေမယ့် တစ်ဖက်ကလည်း ကိုပြေညိမ်း ဝမ်းသာသွားသည်။ ထွေးငယ်ကို မဆုံးရှုံးရသေး၊ ချစ်မြတ်နိုးမိသူကို ကိုပြေညိမ်း မျှော်လင့်ကြိုးပမ်းနိုင်ခွင့် ရှိနေသေးသည်။

“ထွေးငယ်ပြောတာလဲ ဟုတ်တာပဲ၊ ထွေးငယ်နဲ့ မဖြစ်နိုင်တော့ဘူးဆိုရင် မင်း ဒီမှာဆက်နေလို့ ဘာထူးမှာလဲ၊ ရေစကြိုပြန်သွားပြီး မဝင်းနဲ့ လက်ထပ်၊ ကိုယ့်အိုးကိုယ့်အိမ်နဲ့ အတည်တကျနေတာ အကောင်းဆုံးပဲပေါ့၊ မိဘတွေလဲ မင်းအတွက် စိတ်အေးရတာပေါ့”

သီရိဆွေစာအုပ်တိုက်

မောင်မောင်ခင့်ထံမှ စကားပြန်မလာ။ အလွန်တောင့်တခဲ့သော မျှော်လင့်ချက်ကြီးတစ်ခု လုံးဝပျက်စီးသွားမှန်း သိရချိန်မှာ သူ ခံစားရရှာပေလိမ့်မည်။

"ဘဝဆိုတာ ဒီလိုပဲပေါ့ကွာ၊ ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားကို အသာတကြည်လက်ခံလိုက်တာ အကောင်းဆုံးပါပဲ၊ ဘာပဲဖြစ်ဖြစ် မင်းက ငါတို့နဲ့စာရင် အများကြီးကံကောင်းပါတယ်၊ မိဘကလဲ ပြည့်ပြည့်စုံစုံနဲ့ ကိုယ့်ကို သံယောဇဉ်ရှိတဲ့ သူငယ်ချင်းဟောင်းကလဲ ဘဝတစ်လျှောက် ကူညီလက်တွဲဖို့ အဆင်သင့်ရှိနေတယ်ဆိုတော့ အများကြီး ဖြေသာပါတယ်"

ကိုပြေညိမ်း၏ နှစ်သိမ့်အားပေးစကားအဆုံးမှာ မောင်မောင်ခင့်ထံမှ လေးပင်သော သက်ပြင်းရှိုက်သံတစ်ချက် ကြားလိုက်ရပြီး–

"ဒီလိုပဲ ဖြေရတော့မှာပေါ့ကွာ"

မောင်မောင်ခင် စိတ်လျော့အားငယ်ခံစားနေရချိန်တွင် ကိုပြေညိမ်း ရင်ထဲမှာတော့ မျှော်လင့်တက်ကြွစိတ်ကလေး တလူလူ ထွက်ပြူနေလေ၏။

* * *

စားပြီးနောက် သက်သာစားသောက်ဆိုင်မှ အပြန် ကျောင်းဝင်းထဲ ရောက်ချိန်မှာ အဆောင်တွင်းမှ လွင့်ပျံ့ထွက်လာသည့်အသံတွေကြောင့် အောင်စိုးထွန်း ခြေလှမ်းများ မြန်ဆန်လာသည်။

အဆောင်ထဲ ခပ်သွက်သွက်ဝင်လာခဲ့စဉ် ကြည်လင်ပြတ်သားသော အသံကို သဲသဲကွဲကွဲ စတင်ကြားရသည်။

"ကျွန်တော်နာမည် မြေဇာပါ"

"ဘယ်လို... ဘယ်လို မြေဇာ ဟုတ်လား"

"ဟုတ်ပါတယ် မစန္ဒာ၊ နန်းလဲ မထိုက် တော်လဲ မဝင် ပန်းစာရင်းတင်ရင် ပန်းရင်ပြင်မှာ နာမည်ထင်ပြီး ပါမလာတဲ့မြေဇာ၊ မရေမရာဘဝနဲ့ မြေကမ္ဘာလာအလှကို အနီကပ်တန်ဆာဆင်ရရင် လူတကာ ခြေနင်းဖို့ ဝပ်စင်းပေးနေရတဲ့ မြေဇာ၊ နေသာသာမှာ အသေအချာကြည့်ရင် ဝေရာမဏီပါလို့ ဘယ်ကလေး ဘယ်ချွေးကမှ မလေးစားပဲ ထွေးသွားတဲ့တံတွေးခွက်ထဲမှာ မျောနေရတဲ့မြေဇာ၊ အလှကို ဖွေရှာရင် ဗေဒါပင်ကမှ လက်မထောင် ခေါင်းမော့နိုင်သေးတယ်၊ ကျွန်တော့်ဘဝက မိုးပေါ်က ဒေဝါဆင်းပြီး ဂါထာနင်းရွတ်ပေးနေရင်တောင် အရောင်လက်မလာနိုင်တဲ့ဘဝပါ၊ ဒါကြောင့် ကျွန်တော့်နာမည်ကို ကျွန်တော်ဟာ ကျွန်တော် စိတ်ကြိုက်ပေးထားတာက မြေဇာ"

"အို... ဒါဖြင့် ဒီနာမည်က ရှင့်မိဘတွေပေးသွားတဲ့ ငယ်နာမည် မဟုတ်ဘူးပေါ့နော်"

"မိဘတွေပေးသွားတဲ့နာမည်က နက္ခတ်တာရာ ရက်ရာဇာနဲ့ တစ်သက်တာအေးချမ်းသာယာပါစေတော့ရယ်လို့ ကျုပ်နာမည်ကို ချမ်းအေးတဲ့၊ ဝမ်းရေးထက် လွမ်းရေးကို အသားပေးပြီး မျက်ရည်မကျဖို့ အားမွေးနေရတဲ့ ဘဝဟောင်းက ရက်လေးတွေထဲမှာ အဲဒီချမ်းအေးက ပင်စင်ယူသွားပြီလေ၊ ဒီနေ့ ပင်စင်မယူ ဘဝမကူးပဲ အလံထူနေတာက မချမ်းအေးတဲ့ လမ်းဘေးက မြဇာ"

အောင်စိုးထွန်း အသံထွက်ပေါ်နေရာ ရုံးခန်းနံဘေးမှ အခန်းလေးဆီသို့လျှောက်လာခဲ့ပြီး ခဏငြိမ်သက်စွာ နားထောင်နေမိသည်။

ကက်ဆက်အနီးမှာ ထုံးစံအတိုင်း ကျောင်းသားများ စုပြုံဝိုင်းထိုင်နေကြဟန်တူသည်။ အောင်စိုးထွန်း ရေနားအနည်းငယ်တိုး၍ သမံတလင်းပေါ် အသာထိုင်လိုက်စဉ် တစ်စုံတစ်ယောက်နှင့် တိုးထိမိသည်။

ဇာတ်လမ်းက အောင်စိုးထွန်း တစ်ခါမျှ နားမထောင်ဖူးသေးသည့် ဇာတ်လမ်းအသစ်ကလေး။

"ဇာတ်လမ်းစတာ ကြာပြီလားဟင်"

"သိပ်မကြာသေးဘူး ခုနမှ စတာ"

ကိုတင်ဝင်း၏အသံ။

"ဒါဖြင့် အစက ပြန်ဖွင့်ပေးပါလားဗျ၊ ကြားဖြတ်နားထောင်ရတာ ဇာတ်လမ်းက အဆက်အစပ်မသိ"

"ဟော့ကောင် အောင်စိုးထွန်း စကားမများနဲ့ကွာ၊ ဒီမှာ နားထောင်ရတာ ဖိမ်ပျက်တယ်"

အောင်စိုးထွန်း စကားမှမဆုံးခင် ဝင်းရွှေ၏ဟန့်တားပိတ်ပင်သံ ထွက်ပေါ်လာသည်။

"နောက်မှ တစ်ခေါက်ထပ်ဖွင့်ပေးမယ်ကွာ၊ ကက်ဆက်က ညကျမှ လာယူမှာ၊ စောစောက မင်းကိုတောင် ခဏစောင့်ခဲ့သေးတယ်၊ ဘယ်သွားမှန်း မသိတာနဲ့"

ကိုတင်ဝင်းက အေးဆေးစွာပြောသည်။

"စားပြီးစာသွားတာ ကက်ဆက်ပါလာမယ်မှန်းသိရင် ကျွန်တော် ဘယ်သွားပါ့မလဲ"

ကက်ဆက်ဓာတ်လမ်း နားထောင်ရမည် ဆိုလျှင် ထမင်းမေ့ဟင်းမေ့ တမေ့တမျော စိတ်ဝင်တစားနားထောင်လေ့ရှိကြသော အဖွဲ့တွင် အောင်စိုးထွန်းက ထိပ်ဆုံးမှပါဝင်သူ။

"ဓာတ်လမ်းနာမည်က ဘာတဲ့လဲ"

"ငါလိုယောက်ျား ပြဿဒါးမရှိတဲ့"

အနားက မောင်ဦးက ဝင်ဖြေသည်။

"ပန်းချီလေးဝင်း ဟုတ်လား"

"ဟေ့ကောင် နောက်မှရောက်လာပြီး လျှောက်မေးမနေနဲ့ကွာ၊ တိတ်တိတ်နားထောင်စမ်း"

ဝင်းရွှေက ဒုတိယအကြိမ် ခပ်ဟောက်ဟောက် ပြောပြန်တော့ အောင်စိုးထွန်း စိတ်တိုချင်သွားသည်။

ဝါသနာကြီးကြတာချင်းအတူတူ သူက တဆိတ်ပိုလွန်းသည်။ ကက်ဆက်ဓာတ်လမ်းမို့ နားထောင်ကြပြီဆိုလျှင် အနီးတစ်ဝိုက်မှာ တိတ်ဆိတ်ငြိမ်သက်နေပါမှ။ ဓာတ်လမ်းနားထောင်ရင်း အချင်းချင်း စကားအာချောင်မိလျှင် မည်သူကမှ တာဝန်ပေးမထားပါပဲနှင့် ဝင်းရွှေက ဒိုင်ခံ သဟောက်သဟဲဟန့်တား ပြောဆိုနေတတ်သည်။

"ဘဝဆိုတာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလကြီးသုံးပါးပေါ်မှာ အခြေတည်ပြီး အကွက်ချထားတာပါ မစန္ဒာ၊ ပစ္စက္ခအခြေအနေကို ကြည့်ပြီး ဝေဖန်ရင် လေထန်တဲ့အချိန် ကြွေသွားတဲ့ပန်းကို မမြင်မစမ်းနဲ့ ဘယ်သူလာနင်းသလဲဟေ့–လို့ ဒေါပွနေတဲ့ ဥယျာဉ်မှူးရဲ့ အတွေးအခေါ်မျိုး ဖြစ်သွားမယ်"

"တော်ပြီ ဘာတွေမှန်း မသိ"ဟု အောင်စိုးထွန်းစိတ်ထဲမှ ရေရွတ်မိပြီး ထိုင်နေရာမှ ထလိုက်သည်။ ဘာကစလို့ ဘာဖြစ်နေမှန်းမသိတဲ့ ဇာတ်လမ်းကို ဆက်လက်နားထောင်နေလို့လည်း အရသာရှိတော့မည် မဟုတ်။ နောက်တစ်ကျော့ ပြန်ဖွင့်မှ အစအဆုံးနားထောင်တော့မည်ဟု ဆုံးဖြတ်၍ အိပ်ဆောင်ဘက် ကူးလာခဲ့သည်။

အဆောင်အလယ်လမ်းမှ လျှောက်လာစဉ် ဦးကျော်တင့်ခုတင်ဘက်မှ ချောင်းတဟွတ်ဟွတ်ဆိုးသံ၊ သလိပ်ခတ်သံ ကြားရသည်။

"ဆရာကျော် ဇာတ်လမ်းသွားနားထောင်ဘူးလား"

ဦးကျော်တင့်ခုတင်နားအရောက် အောင်စိုးထွန်း လှမ်းမေးလိုက်သည်။

"နားမထောင်ပါဘူးကွာ ဇက်ကြောတွေ တက် တစ်ကိုယ်လုံး ညောင်းကိုက်ပြီး ဖျားချင်သလိုလိုဖြစ်နေတယ်"

ဦးကျော်တင့် အင်အားဖျော့တော့သံနှင့် ခပ်ညည်းညည်းပြောသည်။

"ကျွန်တော် နှိပ်ပေးရမလား"

"တော်ပါပြီ စောစောကပဲ မောင်ဦးကို တက်နင်းခိုင်းပြီးပြီ၊ မောင်တင်လှိုင် တစ်လှည့်နင်းပေးမလို့ လုပ်နေတုန်း ဇာတ်လမ်းဖွင့်မယ်ဆိုပြီး ဟိုဘက်ခန်း ရောက်သွားကြရော"

"ကျွန်တော်တော့ ဇာတ်လမ်းအစ မမီလိုက်လို့ ဆက်နားမထောင်တော့ဘူး၊ ကိုတင်ဝင်းက နောက်တစ်ခေါက် ထပ်ဖွင့်ပေးမယ်ပြောတယ်"

ဦးကျော်တင့်ခုတင်နှင့် ဘေးချင်းယှဉ်လျက်ရှိသော သူ့ခုတင်ပေါ်တွင် ဝင်ထိုင်ပြီး–

"ဒါနဲ့ ဇာတ်လမ်းခွေ ဘယ်နှစ်ခွေပါလာသလဲ မသိ၊ ဆရာကျော်သိလား"

"နှစ်ခွေပါလာတယ်ကွ"

ကိုတင်ဝင်းအသံကြားရပြီး ခဏနေတော့ အောင်စိုးထွန်းခုတင်ပေါ်မှာ လာထိုင်သည်။

"ဘာခွေတွေလဲဗျ"

"ငါလိုယောကျ်ား ပြဿဒါးမရှိနဲ့၊ ဇော်ဇော့်မေတ္တာ ကမ္ဘာက သိပါတယ်၊ နှစ်ခွေလုံး ပန်းချီလေးဝင်းချည့်ပဲ"

ပန်းချီလေးဝင်းဆိုလျှင် အောင်စိုးထွန်းတို့အကြိုက်။ ကက်ဆက်ခဏငှားမည့်သူရှိသည့်အခါတိုင်း နားထောင်လိုသူများ အချိုးကျငွေစုထည့်ကြ၍ ပန်းချီလေးဝင်းသရုပ်ဆောင် ဇာတ်လမ်းခွေများအငှားဆိုင်သွားငှား၊ ကက်ဆက်ပြန်ယူမသွားမချင်း တစ်ခွေပြီး တစ်ခွေဖွင့်လျက်ဝိုင်းစုနားထောင်နေကျ။

မနေ့ညနေက ကိုတင်ဝင်း အပြင်မှပြန်လာပြီး ပန်းချီလေးဝင်းသရုပ်ဆောင် 'ငါလိုယောကျ်ား ပြဿဒါးမရှိ' ဇာတ်လမ်း နားထောင်ခဲ့ရကြောင်း အလွန်ကောင်းကြောင်း ပြောပြခဲ့သည်။

မနက်က ကိုတင်ဝင်း သူ့ဦးလေးအိမ်သွားဦးမည်ဆိုတော့ ကက်ဆက်ငှားလာဖို့ ဝိုင်းမှာလိုက်ကြသည်။ ကိုတင်ဝင်းဦးလေး မိသားစုက

စိတ်ကောင်းနှလုံးကောင်းရှိ၍ စေတနာထားရက်ရောတတ်ကြသည်။ ကိုတင်ဝင်းနှင့် အောင်စိုးထွန်းတို့အဖွဲ့ တေးဂီတဝါသနာကြီးလျက် ဇာတ်လမ်းနားထောင်ဖို့ အလွန်အာသီသရှိကြကြောင်း သိသဖြင့် ကျောင်းသို့ သူတို့လာရောက်လည်ပတ်သည့်အခါတွေမှာ ကက်ဆက်နှင့် အခွေများယူလာပြီး ကျောင်းသားတွေနားထောင်ဖို့ စီစဉ်ပေးတတ်သည်။ တစ်ခါတစ်ရံ ကိုတင်ဝင်း သူ့ဦးလေးအိမ်အလည်သွားသည့်အခါတွေမှာ ကက်ဆက်ငှားခဲ့ပါဦးဟု မှာလိုက်ကြလျှင်လည်း သူတို့အားလပ်သည့်နေ့တွင် ကက်ဆက်နှင့် အတူရောက်လာတတ်သည်။

"ဒီတစ်ခါတော့ ကက်ဆက်ပါလာတာ မြန်သားပဲဗျ"

"အေး ငါ့ညီက စစ်တပ်ဘက်သွားစရာရှိတာနဲ့ ကြုံလို့ ငါ့လဲ ပြန်ပို့ရင်း ကက်ဆက်ပါ တစ်ခါတည်းယူလာခဲ့တာ၊ ညကျမှ သူ ပြန်လာယူမယ် ပြောတယ်"

ကိုတင်ဝင်းဦးလေးအိမ်က စွန်သိုက်ရပ်ကွက်ထဲမှာ ရှိသဖြင့် တကူးတကန့်လာရပေလိမ့်မည်။

"အင်း လိုအပ်သူတွေကို စေတနာထား ကူညီပေးတတ်တဲ့ စိတ်နှလုံး မြင့်မြတ်သူတွေလဲ ရှိသေးလို့ လောကကြီး နေပျော်သေးတာပဲ၊ ကျွန်တော်တို့ဘဝကလဲ ဘယ်တော့များမှ ငွေလေးကြေးလေး ရှာဖွေ စုဆောင်းနိုင်ပြီး လူလိုသူလိုနေရမလဲ မသိဘူးနော်၊ တခြားပစ္စည်းတွေ မရှိချင် နေပါစေဗျာ၊ ရေဒီယိုကက်ဆက်ကလေးတစ်လုံးလောက်တော့ ကိုယ်ပိုင်ရှိချင်တယ်"

အောင်စိုးထွန်းက ရင်ထဲမှာ မကြာခဏတောင့်တနေမိသည့် ဆန္ဒကို ဖွင့်ဟလိုက်မိသည်။

သီရိဆွေစာအုပ်တိုက်

"အလိုဗျာ ရေဒီယိုကက်ဆက်တဲ့၊ တီဗွီလေးကော မလိုချင်ဘူးလား"

ကိုတင်ဝင်းက မတန်မရာမှန်းသည်ဆိုသောသဘောနှင့် ခပ်လှောင်လှောင်မေးသည်။

"မလိုချင်ပါဘူး အသံနားထောင်ချင်ရင် ဗွီဒီယိုရုံသွား နှစ်ကျပ်ပေးနားထောင်လဲ ရတာပဲ"

အောင်စိုးထွန်းက တစ်ခါတစ်ရံ အလွန်ပျင်းရိငြီးငွေ့နေသည့်အခါ လက်ထဲမှာလည်း အိမ်ကပို့လိုက်သည့် ငွေစကလေးရှိနေသည့်အခါ ဝင်းရွှေနှင့် နှစ်ယောက်သား ဆယ့်ခုနစ်လမ်းက ဗွီဒီယိုရုံသွားနားထောင်တတ်တာ ပြေးသတိရလျက် ပြောလိုက်သည်။

"အမှောင်ကမ္ဘာထဲမှာ နေရတဲ့ ကျွန်တော်တို့လိုလူတွေအတွက် ရေဒီယိုကက်ဆက်ကလေးတစ်လုံးတော့ ရှိသင့်တယ်ဗျ၊ ဒါ ဇိမ်ခံပစ္စည်းမဟုတ်ဘူး၊ ရေဒီယိုကနေ ကမ္ဘာ့သတင်း မြန်မာ့သတင်းအစုံကြားသိနိုင်သလို သီချင်းကလေး ဇာတ်လမ်းကလေးလဲ အပျင်းပြေနားထောင်နိုင်တယ်၊ ရေဒီယိုဆိုတာ လောကကြီးနဲ့ ကျွန်တော်တို့ကို ဆက်သွယ်ပေးတဲ့ ကိရိယာကလေးပဲ မဟုတ်ဘူးလား ကိုတင်ဝင်း"

"ဟုတ်ပါ့ဗျာ သိပ်မှန်တာပေါ့၊ နေဦး ငါ ထီတစ်စောင်ထိုးထားတယ်၊ သိန်းဆုကြီးပေါက်ရင် မင်းကို ငါ ရေဒီယိုကက်ဆက်တစ်လုံးဝယ်ပြီး လက်ဆောင်ပေးမယ် မကောင်းဘူးလား ဟေး ဟေး"

ကိုတင်ဝင်းက ပြောပြီး တဟေးဟေးနှင့် ရယ်မောနေသည်။ သူက ပျော်ပျော်နေတတ်၍ သတ္တိလည်းကောင်းသည်။ အမြင်ကွယ်နေကြတာချင်းအတူတူ ကိုတင်ဝင်းက သွားရဲလာရဲရှိသဖြင့် မြို့ထဲသို့ အကူအညီမပါတစ်ယောက်တည်း သွားလာနိုင်သည်။ ဟိုတလောကတော့ မြို့ထဲသို့

တစ်ယောက်တည်းထွက်သွားရင်း ပျော်မှုတွေ ဖြစ်ခဲ့ရသည်။

ထိုနေ့က ကိုတင်ဝင်းသည် ထုံးစံအတိုင်း တုတ်(တောင်ဝှေး)ကလေး တထောက်ထောက်နှင့် လမ်းဘေးကိုစမ်းရင်း ပေါက်လမ်းမကြီးနံဘေးမှ တစ်ယောက်တည်းလျှောက်အသွား လမ်းဘေးမှာရပ်ထားသော ကားတစ်စင်းကို ဝင်တိုးမိသည်။ အနီးအနားက မြင်သူတစ်ချို့က ဝိုင်းဟားကြတာ ကြားလိုက်ရတော့ ကိုတင်ဝင်း စိတ်ပေါက်ပေါက်နှင့် လက်ထဲမှတုတ်ဖြင့် တစ်ချက်လွှဲရိုက်ပစ်လိုက်ရာ ကားနောက်မီးလုံး ကွဲသွားခဲ့သည်။

ကားဒရိုင်ဘာမှာ စိတ်ဆိုးဒေါသဖြစ်လျက် ကျောင်းအထိ လိုက်ပါလာသည်။ မီးလုံးအတွက် အလျော်တောင်းသဖြင့် ကိုတင်ဝင်းမှာ စုဗူးလေးဖောက်ပြီး ရှိစုမဲ့စုငွေငါးဆယ် ပေးလိုက်ရလေသည်။

သို့ပေမယ့် ကိုတင်ဝင်းက အမှတ်မထား။ အားအားရှိ မြို့ထဲ တုတ်တစ်ချောင်းနှင့် တတောက်တောက်စမ်းရင်း တစ်ယောက်တည်းထွက်သွားတတ်စမြဲ ။

ကိုတင်ဝင်းမှာ ဆယ်နှစ်သားတွင် မျက်စိရောဂါဖြစ်၍ အမြင်ကွယ်ခဲ့ပြီး ဆယ့်ရှစ်နှစ်အရွယ်ကျမှ မျက်မမြင်ကျောင်းရောက်လာခဲ့သူ။ ကျောင်းသက်ဆယ်နှစ်ခန့်ရှိလာသည့်တိုင် ကျောင်းမှာ နေပျော်ဆဲ။

အဆိုအတီးရော အနှိပ်ပညာပါ အကုန်ရသည်။ တစ်ခါတစ်ရံ ဓာတ်လမ်းတွေကို ဓာတ်သံပါပါနှင့် ဓာတ်ပြောဖျော်ဖြေခန်းလို့ ပြောတတ်သေးသည်။ ပြီးတော့ 'မြန်မာပြည်မှာ စွယ်စုံပန်းချီလေးဝင်းရှိတယ်၊ ကျုပ်က ပန်းချီငါးဝင်းဗျ' ဟု နောက်ပြောင်ပြောဆိုတတ်သည်။

သူ့လက်ထဲမှာ ငွေလေးရှိနေပြီဆိုလျှင် ရက်ပိုင်းအတွင်း စားသောက်သုံးစွဲပစ်တတ်သလို ငွေရှာဖို့လည်း ဝန်လေးမနေ။

အနိုပ်ခေါ်တတ်သည့်အိမ်များသို့ မဖိတ်မခေါ်ပဲ သွားရောက်အနိုပ်စပ်တတ်သလို အိမ်ပြန်ဦးမည်ဟုအကြောင်းပြ၍ ကျောင်းမှ ခွင့်ယူသွားလျက်သူ့နည်းသူ့ဟန်နှင့်လည်း ငွေရှာတတ်သည်။

"ဒါနဲ့ ကိုတင်ဝင်း ဒီတစ်ခါ ခင်ဗျားရွာပြန်ရင် ကျွန်တော့်လဲခေါ်ဦးနော်၊ ဝက်ခန်းနေပြီဗျာ၊ လက်ဖက်ရည်ဆိုင်သွားပြီး အချိုရည်မှာမသောက်နိုင်ပဲ ရေနွေးကြမ်းသောက်ပြန်ရတဲ့ဘဝ ရောက်နေပြီ"

အောင်စိုးထွန်းက ခပ်ညည်းညည်းပြောဆိုလိုက်မိသည်။

မျက်မမြင်ကျောင်း ရံပုံငွေရရှိရေးအတွက် ဖွင့်လှစ်ထားသည့် စားမြိန်စာ သက်သာစားသောက်ဆိုင်မှာ ဘိုင်ပြတ်နေသော မျက်မမြင်ကျောင်းသားများ လက်ဖက်ရည်အချို မှာမသောက်ပဲ ရေနွေးကြမ်းတစ်အိုးပြီးတစ်အိုးထိုင်သောက်လေ့ရှိသည်ကို မပြုမစုလက်ခံတတ်လေတော့ အောင်စိုးထွန်းတို့ မကြာခဏသွားရောက်နေကျဖောက်သည်ဆိုင် ဖြစ်နေတော့သည်။

"ဟိုတလောက ငါအိမ်ပြန်တုန်းက လိုက်ခဲ့ပါဆိုတော့ဖြင့် မလိုက်ပဲနဲ့၊ ကြောက်ချီးပါနေတဲ့အကောင် အခုမှ လိုက်ချင်တယ်လား"

ကိုတင်ဝင်းက မကျေမချမ်းဟန် ခနဲ့တဲ့တဲ့ပြောသည်။

"အဲဒီတုန်းကတော့ တကယ်စိုးရိမ်ခဲ့တာဗျ၊ ဖြစ်မှဖြစ်ပါ့မလားလို့ စိတ်ပူနေခဲ့တာ၊ ခင်ဗျားတို့ပြန်ရောက်လာကြတော့မှပဲ စိတ်အေးရတော့တယ်"

"မရှိလို့ လုပ်စား နည်းနည်းတော့စွန့်စားရမှာပေါ့ အောင်စိုးထွန်းရာ၊ မင်းလိုသာ ဘေးမသီရန်မခ အန္တရာယ်ကင်းကင်းနဲ့ စိတ်အေးလက်အေးနေချင်ရင် ရေသောက်ဗိုက်မှောက် အိပ်နေရုံပဲရှိမယ်"

"တစ်ခေါက်မှ မသွားဖူးတဲ့ခရီးကို မမြင်သူတွေချည်း ညအိပ်ခရီး

ရှည် ခြေလျင်သွားကြမယ်ဆိုတော့ တွေးပြီးလန့်တာပေါ့ဗျာ၊ အဲဒီတုန်းက အမြင်တစ်ယောက်လောက်ပါရင် လိုက်ရဲပါတယ်"

"ဟကောင်ရ ပါးစပ်ပါ ရွာရောက်သတဲ့၊ မြန်မာပြည်တစ်ခွင် ဘယ်မြို့သွားချင်သလဲ၊ ခရီးစရိတ်ပိုက်ဆံကလေးသာ လုံလောက်အောင် ထည့်ခဲ့၊ ငါ လိုက်ပို့စမ်းမယ်"

ကိုတင်ဝင်းက အားနှင့်မာန်နှင့် ခပ်တင်းတင်းပြောသည်။

သူ တင်းမည်ဆိုလျှင်လည်း တင်းနိုင်ပေမည်။ အောင်စိုးထွန်းတို့ မလိုက်ရဲသဖြင့် ချန်နေခဲ့သောခရီးစဉ်မှာ ဘေးအန္တရာယ်တစ်စုံတစ်ရာ မတွေ့။ သတ်မှတ်ထားသောရက်အတိုင်း ငွေစကလေးများပိုက်၍ ပြန်လာနိုင်ခဲ့ကြသည်ဆိုတော့ ပြောအားရှိပေမည်။

ကိုတင်ဝင်းက ပေါက်မြို့နယ် ဖိုးဖြူလုံးကန်ရွာဇာတိ။ လွန်ခဲ့သော တစ်လကျော်ခန့်က အဆိုအတီးရသော ကျောင်းသားသုံးလေးယောက်စု၍ ပေါက်အထိ ခြေလျင်သွားကြမည်။ လမ်းမှာ တစ်ညအိပ်ရမည်။ ခရီးစဉ် တစ်လျှောက်က မြို့ရွာတွေမှာ အဆိုအတီးနှင့် အလှူခံသွားကြမည်ဟု ဆို၍ အောင်စိုးထွန်းကို လိုက်ခဲ့ဖို့ခေါ်သေးသည်။ အောင်စိုးထွန်းက တွေ့ကြုံနိုင်သည့် ဒုက္ခ အန္တရာယ်တွေကို ကြိုတွေးစိုးရွံ့လျက် လိုက်ပါမသွားခဲ့။

ကိုတင်ဝင်းဦးဆောင်သည့် မျက်မမြင်သုံးယောက် မယ်ဒလင်၊ စည်းဗျောက်များ ယူဆောင်လျက် ခရီးထွက်သွားကြတော့ အောင်စိုးထွန်း စိတ်တထင့်ထင့်နှင့် ကျန်ရစ်ခဲ့တာ အမှန်။

သူတို့ပြန်လာမည်ဆိုသည့်ရက်မှာ ချောချောမောမော ကျန်းကျန်း မာမာပြန်ရောက်လာကြတော့မှ အံ့သြချီးမွမ်းရသည်။

လမ်းခရီးမှာ တစ်ရွာပြီး တစ်ရွာ အဆိုအတီးနှင့် အလှူခံသွားကြ ပုံတွေ၊ ညဘက်ရောက်တော့ ဂျီးပျံထမင်းဆိုင်မှာ အကျိုးအကြောင်းပြောပြ

အကူအညီကောင်းခံ၍ အိပ်ခဲ့ကြပုံတွေကို ကိုတင်ဝင်းက ဇာတ်လမ်းတစ်ပုဒ်လို စိတ်ဝင်စားစရာကောင်းအောင် ပြောပြသည်။

"ကိုတင်ဝင်းတို့ကတော့ မျက်စိမမြင်လို့သာ မြင်များမြင်ရင် မြန်မာပြည် ခါးစောင်းတင်နိုင်မယ့်လူစားမျိုးပဲ" ဟု ကိုမောင်မောင်က ပြောတော့–

"ဒါပေါ့ကွာ ကြောက်ရင် လွှဲ၊ ရဲရင် မင်းဖြစ်သတဲ့၊ ငါတို့ကတော့ တစ်ဝမ်း.တစ်ခါးဖူလုံ လောကင‌ရေးအတွက် ကိုယ့်လုပ်အားနဲ့ ကိုယ် ရိုးရိုးသားသား ငွေရှာတာ ရှက်စရာကြောက်စရာလို့ မမြင်ဘူး" ဟု ကိုတင်ဝင်းက ခပ်တည်တည် ပြန်ပြောခဲ့သည်။

ပြီးတော့ သူ မကြာခင် ကျောင်းမှ ထွက်တော့မည့်အကြောင်းလည်း ပြောခဲ့သေးသည်။ သို့ပေမယ့် ယခုအချိန်အထိတော့ မထွက်ဖြစ်သေး။

ဘဝတူတွေနှင့် လူတန်းစားမခွဲမခြား တစ်သားတည်းနေထိုင်ရာ ကျောင်းမှ ထွက်၍ လောကထဲ တိုးဝင်ကျင်လည်ဖို့ အများအားဖြင့် နောက်တွန့် ဝန်လေးနေတတ်စမြဲ။

အောင်စိုးထွန်းကိုယ်တိုင်ပင်လျှင် သည်ကျောင်းမှ ထွက်၍ ရွာပြန်ကာ သားချင်းများနှင့် အတူနေထိုင်ဖို့အရေး တွေးမိတိုင်း စိတ်လက်မပါ။ အပေါင်းအသင်းရောင်းရင်းများနှင့် ခင်မင်ရင်းနှီးစွာ မရှိအတူ ရှိအတူ မျှဝေခံစားနေထိုင်ကြရသော သည်ကျောင်းတော်ကို သံယောဇဉ်ကြီးစွာ တွယ်ငြိမိနေသည ပဟုတ်လား။

တကယ်တော့ သဘာဝနှင့် ဆန္ဒညီညွတ်သူများ ပေါင်းစည်းမှုကသာလျှင် ဘဝအတွက် နွေးထွေးရှင်သန်မှုကို ဖြစ်ထွန်းစေနိုင်ဟန် တူပေသည်။

* * *

သိဒ္ဓိဆွေစာအုပ်တိုက်

မသန်းဝင်းတို့အိမ်မှ အပြန် ကိုပြေညိမ်း၏ခြေလှမ်းများမှာ သွက်လက်ပေါ့ပါးလို့နေသည်။ ကိုပြေညိမ်းကို လိုက်ပို့ပေးသော မောင်ဝင်းရွှေ၏ ပခုံးကို လက်တစ်ဖက်နှင့် ဆုပ်ကိုင်လျှောက်လာစဉ် မသန်းဝင်းတို့အိမ်မှာ ထွေးငယ်နှင့် စကားပြောခွင့်ရခဲ့တာ၊ ထွေးငယ်ကလည်း ကိုပြေညိမ်းကို ဂရုတစိုက် အလေးထားဟန်ရှိခဲ့တာတွေကို သတိရနေလျက် ကိုပြေညိမ်း၏ စိတ်သည် လန်းဆန်းတက်ကြွနေသည်။

မနှစ်က ဆောင်းနှောင်းရာသီမှာ ကိုပြေညိမ်း မန္တလေးသို့သွား၍ ကျောက်တော်ကြီးဘုရားစောင်းတန်းမှာ ဗေဒင်ဆရာလုပ်ခဲ့ရာ ရက်နှစ်ပတ်ခန့်အတွင်း ဝင်ငွေသုံးရာကျော်ရရှိခဲ့တာတွေကို မသန်းဝင်းအဖေ ဦးလေးညိုအား နိုပ်ပေးနေရင်းမှ တမင်ပြောဖြစ်ခဲ့သည်။ မကြာခင် တစ်နေ့မှာ ထွေးငယ်ကိုပြောမည်ဟု ရည်စူးထားသောစကားအတွက် အထောက်အပံ့ဖြစ်စေရန်အလို့ငှာ ကိုပြေညိမ်းစွမ်းဆောင်နိုင်သမျှ အစွမ်းစတွေကို ခုကတည်းက လှစ်ဟပြထားရပေမည်။

ချစ်ခြင်းမှ လွဲ၍ တခြားပေးဆပ်နိုင်စွမ်းမရှိသော ယောကျ်ားတို့ကို မိန်းမများသည် ယုံကြည်ကိုးစားခြင်း မရှိတတ်။

သီရိဆွေစာအုပ်တိုက်

မိန်းမသားတစ်ယောက်အနေနှင့် တစ်သက်တာအဖော်ပြုရမည့်သူထံမှ အားထားလောက်သောစွမ်းပကားတွေကို မျှော်ကိုးတတ်တာ အထူးအဆန်းသည်တော့ မဟုတ်ပါ။

တကယ်တော့ ကိုပြေညိမ်းသည် မိမိချစ်မြတ်နိုးသူ မိန်းကလေးကအထင်ကြီးအားကိုးလောက်အောင် တတ်နိုင်သမျှ ကြိုးစားစွမ်းအားတွေပြချင်လှပါသည်။

အငှားချည်ချ၊ ရက်ကန်းရက်အလုပ်ကလေးနှင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုနေရှာသော ထွေးငယ်ကို တတ်နိုင်လျှင် အလုပ်မှထွက်စေ၍ ကိုပြေညိမ်းလုပ်အားနှင့် ကျွေးမွေးပြုစုချင်တာ အမှန်။ ချစ်ခြင်းနှင့်အတူ ထွေးငယ်ကို ပေးဆပ်ချင်တာတွေ အများကြီးပါ။ ကိုယ့်ဝမ်းကိုယ်ကျောင်းနိုင်လောက်အောင်ပင် လောလောဆယ် စွမ်းဆောင်နိုင်ခြင်းမရှိသေးပေမယ့် ကိုပြေညိမ်း စိတ်မလျှော့။ ယောကျ်ားတို့ဇွဲ သေခါမှလျှော့ရမတဲ့။ ကြိုးစားရင် ဘုရားတောင်ဖြစ်နိုင်သတဲ့။

မျက်စိအလင်းကွယ်ခဲ့တာမှ လွဲ၍ ကိုပြေညိမ်းမှာ ကိုယ်ရောစိတ်ပါချို့ယွင်းပျက်စီးနေတာ မရှိသေး။ ကိုပြေညိမ်းတတ်ကျွမ်းထားသော အနှိပ်ပညာနှင့် ဗေဒင်ပညာတို့ဖြင့် မိသားစုဘဝတစ်ခု ထူထောင်နိုင်ရမည်ဟုအားမာန်တင်း ယုံကြည်ထားလိုက်သည်။

ကိုပြေညိမ်းတို့ အဆောင်ပြန်ရောက်တော့ စီစီညံညံရယ်မောပြောဆိုသံများက ဆီးကြိုနေ၏။

အဆောင်အရှေ့ပေါက်မှ ဝင်လာကြစဉ် လက်ဖက်သုတ်နံ့ ရသဖြင့်ကိုပြေညိမ်း အသက်ပြင်းပြင်းရှူရှိုက်အနံ့ခံဆဲ ။

"လက်ဖက်သုတ်နံ့ ရတယ်ဗျို့" ဟူသော မောင်ဝင်းရွှေအသံထွက်လာသည်။

သီရိဆွေစာအုပ်တိုက်

"ဟော့ကောင် ဝင်းရွှေ မင်းတော့ တပူနာတာပဲကွ"

ဝမ်းသာအားရလေသံနှင့် လှမ်းပြောလိုက်သော အောင်စိုးထွန်းအသံ။

"ဘာဖြစ်လို့"

"နေ့လည်က ဖျာပုံက ဘုရားဖူးအဖွဲ့လာသွားတယ်လေ၊ ငါတို့ အဆိုအတီးနဲ့ ဖျော်ဖြေဧည့်ခံတဲ့အဖွဲ့ကို တစ်ယောက် တစ်ဆယ်စီ ဆုချသွားတယ်"

အောင်စိုးထွန်းပြောပြသံ ကြားရတော့ ကိုပြေညီမ်းပါ မောင်ဝင်းရွှေအတွက် စိတ်မကောင်းဖြစ်လိုက်မိသည်။ ကိုပြေညီမ်းနှင့် အဖော်လိုက်မပေးရပဲ မောင်ဝင်းရွှေသာ အဆောင်မှာရှိနေလျှင် သည်ကောင် ဆိုတီးအဖွဲ့မှာ ထိပ်ဆုံးက ပါဝင်မှာမို့ သူလည်း ဆုငွေရရှိပေလိမ့်မည်။

နယ်လှည့်ဘုရားဖူးအဖွဲ့များ မျက်မမြင်ကျောင်းသို့ လေ့လာရေးလာရောက်လေ့ရှိတိုင်း မျက်မမြင်ကျောင်းသားများ မိမိတို့တတ်ကျွမ်းသော ပညာရပ်တို့ကို ပြသရလေ့ရှိသည်။ မျက်မမြင်စာရေးသားပြသမှုကို လေ့လာသူတို့ စိတ်ဝင်တစားရှိတတ်သလို အဆိုအတီးတို့ဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြသော ဂီတအဖွဲ့ကိုလည်း သဘောကျနှစ်ခြိုက်တတ်သည်။ လေ့လာရေးအဖွဲ့များသည် မျက်မမြင်ကျောင်းရံပုံငွေအတွက် အလှူငွေများထည့်ဝင်သွားတတ်ကြလျက် တစ်ချို့အဖွဲ့များကတော့ သီဆိုတီးမှုတ်သူတစ်ဦးချင်းကိုလည်း ဆုငွေချီးမြှင့်သွားတတ်သည်။

ဘုရားဖူးအဖွဲ့တွေလာတိုင်း မျက်မမြင်စာရေးသားပြသသူ ဆရာများနှင့် အဆိုကောင်းသော အောင်စိုးထွန်း၊ မောင်ဝင်းရွှေတို့သာမက ကလေးအဆိုတော် မောင်ဦးတို့ပါ မကြာခဏ ဆုငွေများရတတ်သည်။

သည်လိုအချိန်အခါမျိုးမှာ မိမိတို့တတ်ကျွမ်းသည့်ပညာ ပြသခွင့်မကြုံ၊ ဆုငွေလည်း မရကြသူတွေကတော့ ကိုပြေညီမ်းတို့လို အနှိပ်နှင့်

သီရိဆွေစာအုပ်တိုက်

ဗေဒင်သမားများပင်။ ပညာဆိုသည်ကလည်း နေရာတကာအသုံးချပြ၍ ရသည်မဟုတ်။ သူ့နေရာနှင့်သူ အံဝင်ခွင်ကျမှ အကျိုးသက်ရောက်မှု ရှိနိုင်သည်ပဲ။

"ဒီနေ့တော့ စားကြောပဲကွ၊ ငါတို့ဆုရတဲ့သူတွေက တစ်ယောက် နှစ်ကျပ်စီထည့်ပြီး တစ်ဆောင်လုံးစားဖို့ ပြောင်းဖူးပြုတ်ဝယ်နေကြတုန်း ဆရာသန်းနဲ့ ဦးလေးဦးကြင်မောင်တို့ကလဲ လက်ဖက်သုပ်သုံးထုပ်နဲ့ ရောက်လာကြရော"

"ဟုတ်လား အခု ငါတို့ဖို့ ဘာကျန်သေးလဲ"

"မင်းနဲ့ ကိုပြေညိမ်းအတွက် ပြောင်းဖူးပြုတ်ချန်ထားတယ်၊ ဟောဒီမှာ ရော့"

ကိုပြေညိမ်း အောင်စိုးထွန်းတို့အဖွဲ့နား ဝင်ထိုင်လိုက်သည်။ လက်ထဲလာထည့်ပေးသော ပြောင်းဖူးပြုတ်ကို ဆုပ်ကိုင်ထားလိုက်ပြီး မေးရသည်။

"ဆရာသန်းတို့ ဦးလေးဦးကြင်မောင်တို့ ရောက်နေတာ ကြာပြီလားဗျ"

"အင်း အတော်လေးကြာပြီ"

"လက်ဖက်သုပ်ဝယ်လာတယ်ဆိုတော့ ဆရာတို့ အလုပ်ဖြစ်နေကြတယ်ပေါ့လေ ဟုတ်လား"

"ငါကတော့ သိပ်မဟုတ်လှပါဘူးကွာ၊ ကိုကြင်မောင်ကတော့ တလောက ကြိမ်ဆက်တီကုလားထိုင်သုံးစုံ အော်ဒါရလိုက်တယ်၊ သူကတော့ သားကြီးက ကူဖော်ရနေပြီဆိုတော့ လုပ်အားတောင့်တယ်လေ"

"ဆရာသန်းက ဦးလေးဦးကြင်မောင်တို့လို အကူအညီပေးမယ့် သားသမီးတွေရအောင် အိမ်ထောင်မှ မပြုပဲကိုးဗျ၊ လူပျိုကြီး တစ်ကိုယ်

တည်းသမားဆိုတော့ လုပ်အားနည်းနေမှာပေါ့၊ ဆရာသန်း အခု အသက် ဘယ်လောက်ရှိပြီလဲ"

"လေးဆယ့်နှစ်နှစ်"

"ဟာ ဒါဆို အချိန်မနှောင်းသေးဘူးဗျ၊ လူ့ဘဝဆိုတာ အသက် လေးဆယ်မှ စသတဲ့၊ ဆေးပေးမီးယူလေးတစ်ယောက်လောက် ရှာယူပါ ဦးလား"

"အေးအေးနေပါရစေ မောင်ပြေညိမ်းရာ၊ ဒီအရွယ်ကျမှ မိန်းမ ရှာယူပြီး ကံမကောင်းလို့ လင်ကို ခိုင်းနွားလို သဘောထားတတ်တဲ့မိန်းမ မျိုးရနေရင် အိုကြီးအိုမကျမှ ကျောကော့အောင်ခံနေရဦးမယ်"

ဆရာသန်းစကားအဆုံးမှာ ဝါးခနဲ ရယ်မောသံထွက်လာသည်။

စကားဝိုင်းသည် ဆက်လက်အရှိန်ကောင်းနေ၏။

ဆရာသန်းတို့ မျက်မမြင်ကျောင်းမှ ထွက်သွားခဲ့သည်မှာ နှစ်ကာလ ရှည်ကြာလှပေပြီ။ ကိုပြေညိမ်းတို့နှင့် ကျောင်းမှာ မဆုံဖြစ်လိုက်ပေမယ့် မိခင်ကျောင်းတော်ကြီးကို သံယောဇဉ်ကြီးစွာ မကြာခဏလာရောက်လည် ပတ်၍ ဘဝတူတွေနှင့် တရင်းတနှီးပြောဆိုဆက်ဆံ၊ သူတို့မှာ ငွေကြေး ချောင်လည်နေလျှင် ကျောင်းသားများစားဖို့ မုန့်ပဲသွားရည်စာကလေးများ ယူဆောင်လာတတ်သူတွေမို့ အားလုံးနှင့် ခင်မင်ရင်းနှီးနေကြသည်။

ဆရာသန်းနှင့် ဦးကြင်မောင်တို့ရောက်လာကြပြီဆိုလျှင် သူတို့နှင့် ကျောင်းနေဖက်သူငယ်ချင်းဟောင်း လူကြီးဝိုင်းသာမက ကိုပြေညိမ်းတို့လို နောက်ပေါက်များပါ စုဝေးဝိုင်းဖွဲ့၍ ရယ်စရာ မောစရာများ၊ ရှေးဟောင်း နှောင်းဖြစ်များ ပြောဆိုကြစမြဲ။

"ငါက သိပ်ကံကောင်းတတ်တဲ့သူ မဟုတ်ဘူးကွ၊ ငယ်တုန်းက ငါတို့ရွာမှာ ကျောက်ရောဂါအကြီးအကျယ်ဖြစ်တော့ ကလေးသူငယ်တွေ

အများဆုံးခံရတယ်၊ မျက်လုံးထဲ ကျောက်ပေါက်ပြီး မျက်စိရောဂါပါ ခံစားကြရတော့ ငါ့သူငယ်ချင်းဖိုးနီက ရွှေဖရုံညှာသွေးပြီး မျက်စဉ်းခတ်တာနဲ့ ပျောက်သွားခဲ့တယ်၊ ငါ့လှည့်ကျတော့ ရွှေဖရုံညှာမျက်စဉ်း ဘယ်မျက်လုံးက စခတ်တာ ရက်ပိုင်းအတွင်း မျက်လုံးသိမ်သွားတာပဲ အဖတ်တင်တယ်၊ နောက်တော့ နှစ်ဖက်လုံးကွယ်ခဲ့တာပါပဲ"

ဆရာသန်းကား မျက်စိအလင်းမရပေမယ့် ဖွဲလုံ့လအရာမှာတော့ ခေသူမဟုတ်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ ချီးမြှင့်သည့် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သူ။

ငယ်စဉ် မျက်မမြင်ကျောင်းသားဘဝက အကြောင်းတွေကို မကြာခဏပြောပြတတ်သဖြင့် ဆရာသန်း၏အတိတ်ဇာတ်လမ်းကို ကိုပြေညီမ်းကောင်းစွာသိပြီးဖြစ်သည်။

ဆရာသန်း ရှစ်နှစ်သားအရွယ်မှာ ကျောက်ရောဂါရ၍ မျက်စိကွယ်ခဲ့ပေမယ့် ကျောင်းနေမပျက်ခဲ့။ ရွာမူလတန်းကျောင်းမှာ ဆရာတို့က နှုတ်တိုက်ချပေးသည့် အမြင်စာကို အာဂုံဆောင်အလွတ်ကျက်မှတ်သင်ယူခဲ့သည်။ လေးတန်းအောင်ပြီးနောက်မှာ ကိုရင်ဝတ်နှင့် ဘုန်းကြီးကျောင်းတွင်နေ၍ ပရိတ်ကြီးနမက္ကာယအထိ သင်ယူခဲ့ပြီးမှ မျက်မမြင်ကျောင်း ရောက်လာခဲ့သည်။

မျက်မမြင်ကျောင်းရောက်တော့လည်း ဆရာသန်းက ပျင်းရိလေးတွဲ အသက်သာခိုနေတတ်သူ မဟုတ်။ မျက်မမြင်စာကိုသာမက ကြိမ်ထိုးပညာတွေကိုလည်း အပတ်တကုပ်သင်ယူခဲ့သည်။ ကြိုးစားအားထုတ်သည့်အတိုင်းလည်း ဆရာသန်း အချိန်တိုတိုနှင့် တတ်ကျွမ်းအောင်မြင်ခဲ့သည်ချည်း။

မျက်မမြင်ကျောင်းရောက်ပြီး ငါးနှစ်ခန့်အကြာမှာ ကျောင်းဆရာဟောင်းများ အလုပ်ထွက်သွားကြတော့ စေတနာ့ဝန်ထမ်းဆရာအဖြစ်

ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုသို့ တစ်ဖက်မှ မျက်မမြင်စာသင် ဆရာလုပ်ရင်း အားလပ်ချိန်တွေမှာ အဘိဓမ္မစာပေတတ်ကျွမ်းသော ဘုန်းတော်ကြီးဦးတေဇောဘာသထံ ဆည်းကပ်၍ အဘိဓမ္မာတ္ထသင်္ဂဟကျမ်းကို သင်ယူခဲ့သည်။

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ကြီးမှူးကျင်းပသော ၁၉၆၀ ခုနှစ် နဝမအကြိမ် အဘိဓမ္မာစာမေးပွဲ (အဘိဓမ္မတ္ထသင်္ဂဟကျမ်း) တတိယဆင့်ကို ပခုက္ကူစာဖြေဌာနမှ ဝင်ရောက်ဖြေဆို၍ ပထမရသဖြင့် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့မှ ချီးမြှင့်သည့် ရွှေတံဆိပ်ဆုရခဲ့သည်။ ပခုက္ကူခရိုင် သာသနာရေးအဖွဲ့ကလည်း ငွေမောင်းတံဆိပ်နှင့် ဆုလက်မှတ်ချီးမြှင့်ပေးကမ်းခဲ့သည်။

ပရိတ်ကြီးဆယ့်တစ်သုတ် အာဂုံပြန်ဆိုသည့်ပြိုင်ပွဲမှာလည်း ဆရာသန်း ငွေတံဆိပ်ဆု ရရှိခဲ့သေးသည်။

ဆရာသန်းသည် မျက်မမြင်ကျောင်းမှာ ကျောင်းသားဘဝနှင့် ငါးနှစ်၊ ဆရာအဖြစ်နှင့် ဆယ်နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီးမှ ကျောင်းမှ ထွက်ခွာခဲ့သူဆိုတော့ ကျောင်းကို သံယောဇဉ်မပြတ်သော ကျောင်းသားဟောင်းတွေထဲမှာ ထိပ်ဆုံးက ပါဝင်နေခဲ့သည်။

ဦးကြင်မောင်ကတော့ မျက်မမြင်ကျောင်းသားဘဝကတည်းက ဆရာသန်းနှင့် ခင်မင်ရင်းနှီးခဲ့သူ။ ဟိုတစ်ခေတ်က မျက်မမြင်ကျောင်းမှ လာရောက်ပို့ချပေးခဲ့သော ကြက်ခြေနီ (ရှေးဦးသူနာပြု) သင်တန်းတက်၍ စာမေးပွဲမှာ တတိယရသဖြင့် ကြက်ခြေနီအဖွဲ့မှ ချီးမြှင့်သည့် မျက်မမြင်လက်ပတ်နာရီဆု ရရှိခဲ့ဖူးသူပင်ဖြစ်သည်။ ဦးကြင်မောင်မှာ ဆရာသန်းလောက် ကျောင်းသက်မရှည်။ မျက်မမြင်ကျောင်းသို့ ဈေးရောင်းလာလေ့ရှိ

သော ပဲပင်ပေါက်သည်နှင့် ရေစက်ဆုံအကြောင်းပါ၍ ကျောင်းမှ ထွက်သွားခဲ့သည်။

ယခုတော့ ဦးကြင်မောင်သည် ဆယ့်ခြောက်လမ်းထဲမှာ အိမ်နှင့်ဝိုင်းနှင့် အခြေတကျနေထိုင်ကာ ကြိမ်လုပ်ငန်းဖြင့် မိသားစုတာဝန် ထမ်းဆောင်နေသည်။

"ဒါနဲ့ ဆရာသန်း အလှူခံအဖွဲ့နဲ့ လိုက်ဖြစ်သေးလား"

"ဟိုတလောကတော့ မောင်သိန်းဝင် ိ ့ဖွဲ့နဲ့ တစ်ခေါက်လိုက်သွားခဲ့သေးတယ်"

"တော်တော်ရခဲ့ရဲ့လား"

"အင်း သိပ်မကျန်ပါဘူးကွာ၊ စောင့်ရှောက်ရေးသမားကိုလဲ တစ်ရက်ဆယ့်ငါးကျပ်နှုန်းပေးရ၊ မြင်းလှည်းငှားခပေးရနဲ့ နှစ်ပတ်လောက် ရွာစဉ်လှည့်ခဲ့တာ တစ်ရာ့ငါးဆယ်လောက်ပဲ ကျန်တယ်"

မြင်းလှည်းဖြင့် ရွာစဉ်လှည့်၍ အဆိုအတီးနှင့် အလှူခံသည့် မျက်မမြင်အဖွဲ့ ခရီးထွက်လျှင် မျက်မမြင်များကို ဦးဆောင်လမ်းပြစောင့်ရှောက်ပေးဖို့နှင့် အသံချဲ့စက်အသုံးပြုဖို့ မျက်မြင်တစ်ယောက် အဖော်ခေါ်ရသည်။ ဆိုတီးသူများကတော့ မျက်မမြင် ့ျားဖြစ်၍ အနည်းဆုံး နှစ်ယောက် သုံးယောက်ပါဝင်ကြသည်။

ဆရာသန်းကတော့ အဆိုသမား။ ကြိမ်လုပ်ငန်းပြတ်လပ်ခိုက်နှင့် ပခုက္ကူမောင်သိန်းဝင်းတို့အဖွဲ့ အလှူခံ ခရီးထွက်မည့်အချိန်နှင့် ကြုံကြိုက်လျှင် ဆရာသန်း လိုက်ပါသွားတတ်သည်။

ကိုပြေညိမ်းသည် ကျောင်းမှ ထွက်၍ ကိုယ့်အားကိုယ်ကိုး ဘဝထူထောင်နိုင်သူ မျက်မမြင်ကျောင်းသားဟောင်းများနှင့် တွေ့ဆုံတိုင်း သူတို့ဘဝ ရုန်းကန်လှုပ်ရှားရပုံတွေကို စိတ်ဝင်တစား မေးမြန်းစပ်စုတတ်စမြဲ။

မျက်မမြင်ဘဝရောက်ရှိနေပါလျက် အားမာန်မလျှော့၊ အများသူငါလိုပင် အိမ်ထောင်သည်ဘဝကို ရဲရဲကြီးထူထောင်၍ ဘဝကို စိန်ခေါ်ရင်ဆိုင်နေသူများကိုလည်း အထင်ကြီးလေးစား အားကျမိတာ အမှန်။

ဘဝကို ရုန်းကန်ရတာချင်းအတူတူ တစ်ယောက်တည်း အင်အားထက် နှစ်ယောက်ပေါင်းစည်းခွန်အားက ပို၍ ခိုင်မာတောင့်တင်းမည်ဟုလည်း မှတ်ယူမိလေသည်။

* * *

"ပိယေဟိ ချစ်ခင်စုံမက် မခွဲရက်အောင် ချစ်ရပါသော မနာပေဟိ နှလုံးကို ပွားစေတတ်သော အဆွေအမျိုး အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့နှင့်၊ နာနာဘာဝေါ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွား၍ ဝေးစွာကြဉ်ဖယ် အစဉ်လွဲသဖြင့်"

ကြားရသူတို့စိတ်နှလုံးကို သိမ်းကျုံးယူငင်၍ လှုပ်ရှားအားငယ်စေနိုင်စွမ်းရှိသော ဆွဲဆွဲငင်ငင်အသံ။

"အင်း အသုဘတစ်လောင်းတော့ဖြင့် သွားပြန်ချေပြီ"ဟု တွေးရင်း ဦးအောင်ကြည်သည် ကျောင်းရှေ့တွင် နေစာလှုံနေရာမှ မမြင်မျက်လုံးများဖြင့် ပေါက်လမ်းမကြီးဘက်သို့ ငေးကြည့်နေမိသည်။

အဘိဇ္ဈာသုတ်ရွတ်ဆိုသံသည် လမ်းတစ်လျှောက် တဖြည်းဖြည်းရွေ့မျောနေသည်။ အသုဘပို့ယာဉ်တန်းကြီးတစ်ခု ဆင်ပေါက်လှချောင်းဟိုမှာဘက် ခံတောသင်္ချိုင်းကုန်းရှိရာဆီသို့ တရွေ့ရွေ့ဦးတည်သွားနေမှာကို မြင်ယောင်မိသည်။

"မေ... ရုပ်နာမ်နှစ်ဖြာ ရရှိလာသောငါအား... အနတ္တိတောတိ မလွဲသာ မရှောင်သာ မလွန်ဆန်နိုင်ချေတကားဟူ၍ အဘိဇ္ဈာ နေ့ရောညပါ ချိန်ခါမပြတ် ပစ္စဝေက္ခိတဗ္ဗံ"

သိရိဆွေစာအုပ်တိုက်

ဆွတ်ပျံ့ကြေကွဲဖွယ် ဆွဲဆွဲငင်ငင်တရားသံသည် တဖြည်းဖြည်း ဝေးကွာသွားနေသည်။ မကြာခင် သင်္ချိုင်းကုန်းသို့ ရောက်ရှိ၍ အသုဘကို သဂြိုဟ်ကြပေလိမ့်မည်။

လူသားတစ်ဦး၏နောက်ဆုံးခရီးမှာ ကြားရသူအပေါင်း သံဝေဂ ရဖွယ်သီချင်းကို ဆွေးဆွေးမြည့်မြည့်သီဆိုလျက် သို့မဟုတ် အဘိဓမ္မာသုတ်၊ အနတ္တလက္ခဏာသုတ်စသည်တို့ ရွတ်ဆိုလျက် အသုဘဖြတ်သွားသည်ကို ကြားရတိုင်း ဦးအောင်ကြည်စိတ်နှလုံးမှာ သံဝေဂအတွေးများ ပျံ့နှံ့ထုံမွှမ်း လျက် မမြဲသောသင်္ခါရတရားကို နက်ရှိုင်းစွာ တွေးသိခံစားမိမြဲ။

လူ့ဘဝတစ်သက်တာအချိန်ဆိုသည်မှာ ကြာရှည်သည်ဟု ပြောရ မလား။ တိုတောင်းသည်ဟု ဆိုရမလား။ ဦးအောင်ကြည် မဝေခွဲတတ်။ ရည်မှန်းချက်တစ်ခု အောင်မြင်ပေါက်မြောက်ရေးအတွက် တက်ကြွစွာ လှုပ်ရှားခွင့်ရနေသူတို့အဖို့မှာ အချိန်သည် လျင်မြန်စွာကုန်ဆုံးသွားတတ်၍ လူ့ဘဝသက်တမ်း တိုတောင်းသည်ဟု ထင်မှတ်ရပေလိမ့်မည်။

ရည်ရွယ်ချက်မဲ့ အချည်းနှီး ပျင်းရိလေးတွဲ့စွာ အချိန်ကုန်နေရသူ တွေမှာတော့ အချိန်တို့ကုန်ခဲနေမှာ မလွဲ။

ဦးအောင်ကြည်အဖို့မှာတော့ ရက်လတို့ ရှည်ကြာနေတတ်တာ ကြာလှပေပြီ။ ဘဝကို လေးနက်စွာသုံးသပ်လာမိသည်နှင့်အမျှ ကျေနပ် ပျော်ရွှင်စရာရယ်လို့ ဘာတစ်ခုမှ မမြင်တော့။

ရခဲလှသော လူ့ဘဝကို ပိုင်ဆိုင်လာရပြီးမှ မိမိစားဝတ်နေရေး အတွက်ပင် မတတ်စွမ်းနိုင်။ စိတ်သွားတိုင်း ကိုယ်မပါ။ အရာရာကို သည်းခံခွင့်လွှတ်ခြင်းတရား လက်ကိုင်ထားလျက် ရောင့်ရဲတင်းတိမ်နိုင် အောင် ကြိုးစားနေရသောကာလများ ကြာမြင့်လာသည်နှင့်အမျှ စိတ်အစဉ် မှာ လန်းဆန်းကြည်မွေ့ခြင်း ကင်းလာတော့သည်။

---

သီရိဆွေစာအုပ်တိုက်

နောက်ဆုံးတော့ ကံတရားနှင့်သာ ဖြေရသည်။ အတိတ်ဘဝက အကုသိုလ်ကံကြောင့် အဖြစ်ဆိုးနှင့် ကြုံခဲ့ရခြင်းဟု ဦးအောင်ကြည် ယုံကြည်သည်။ စင်စစ် ဦးအောင်ကြည်သည် အမှောင်မှ လာခဲ့သူပင်တည်း။

သံသရာခရီးမှာ လျှောက်လှမ်းနေရသမျှ သတ္တဝါတို့သည် လင်းချီမှောင်ချီဘဝအလီလီ ပိုင်ဆိုင်ရလျက် ဖြစ်ခြင်း ပျက်ခြင်း သုခ ဒုက္ခအဖုံဖုံတို့ကို ရင်ဆိုင်ကြုံတွေ့ကြရပေလိမ့်မည်။ ဗုဒ္ဓတရားတော်ကို လေးနက်လိုက်လှဲစွာယုံကြည်ကိုးကွယ်သူမို့လည်း ဒုက္ခတို့၏ လွတ်ငြိမ်းရာ နိဗ္ဗာန်မဂ်လမ်းအရောက် ဦးအောင်ကြည် လှမ်းလိုလှပါသည်။

သို့ပေမယ့် နိဗ္ဗာန်မဂ်ဖိုလ်ရရှိနိုင်ဖို့ဆိုတာ အတော်မလွယ်သည့်ကိစ္စ။ ဒါန သီလ ဘာဝနာ အကျင့်မြတ်တရားများပွားများ အားထုတ်နိုင်ဖို့ဆိုသည်ကလည်း အထုံပါရမီရှိ၍ ဘဝအခြေအနေပေးဖို့ လိုအပ်သည်။

ဦးအောင်ကြည်မှာ ဒါနအရာတွင် ဆွံ့ပါးခဲ့တာမှန်ပေမယ့် သီလကိုတော့ စောင့်ထိန်းနိုင်အောင် အတတ်နိုင်ဆုံးကြိုးပမ်းခဲ့ပါသည်။ ဘဝမှာ ရှင်သန်နေရခိုက် အကုသိုလ်အလုပ်များ မလုပ်မိဖို့ အရေးအကြီးဆုံးဟု မှတ်ယူထားသည်။

သံသရာခရီးမှာ အမှောင်ဘဝကို ထပ်မံ၍ မကြုံကြိုက်လိုတော့ပြီ။

ဘဝဝဋ်ကြွေးများ သည်ဘဝ သည်မျှနှင့် ကျေပါစေတော့ဟု အကြိမ်ကြိမ် ဆုတောင်းမိခဲ့သည်။ ယခုဘဝမှာတော့ ဦးအောင်ကြည်အတွက် ပျော်ရွှင်ခြင်းအလင်းရောင် ဆိတ်သုဉ်းခဲ့ပြီဟု ယူဆသည်။

ဦးအောင်ကြည်မှာ မိဘနှစ်ပါးလည်း မရှိတော့။ တတ်စွမ်းသမျှ ဦးအောင်ကြည်ကို ထောက်ပံ့ပေးကမ်းနေခဲ့သည့် တစ်ဦးတည်းသော အစ်မကလည်း သည်နှင် ဆောင်းဦးပေါက်က ကွယ်လွန်ခဲ့ချေပြီ။ အသက်လေးဆယ်ကျော်လာပြီဖြစ်သော ဦးအောင်ကြည်မှာ မိုတွယ်တင်းရစ်စရာ

သံယောဇဉ်ကြိုးကလည်း ကင်းလွတ်နေသည်ဆိုတော့ ဘဝကို မက်မော တွယ်တာစရာရယ်လို့ မမြင်တော့ပြီ။

တစ်ခါက မောင်ပြေညိမ်းရွတ်ပြဖူးသည့် ကဗျာတိုလေးတစ်စကို အမှတ်ရမိသည်။ ကဗျာလေးထဲက "ဆေးလိပ်လည်း တို၊ နေလည်း ညို ပြီ၊ ငါ့ကို ပြန်ပို့ကြပါတော့" ဆိုသည့် စကားလုံးလေးတွေကို ရင်ထဲမှာ မကြာခဏ ရွတ်ဆိုကြည့်မိသည်။

"ငါ့ကို ပြန်ပို့ကြပါတော့"လို့ တစ်စုံတစ်ယောက်ထံ ရွတ်ဆိုပြ၍ ဘဝတစ်ပါးသို့ ကူးပြောင်းခွင့်ရမည်ဆိုလျှင် ထိုသူ့ရှေ့မှောက် အမြန်ဆုံး အရောက်သွားချင်စမ်းလှသည်။

ယခုလို ဆောင်းနှောင်းရာသီ အအေးဓာတ်လွန်ကဲဆဲအချိန်မှာ လုံခြုံနွေးထွေးသော အနွေးထည်လေးတစ်ထည်ပင် မရှိ။ တစ်ထည်တည်း သော ဖလံထည်အနွေးအင်္ကျီလေး အခိုးခံခဲ့ရသဖြင့် စောစောစီးစီးအချိန် များတွင် စားဖိုဆောင်ထဲက မီးဖိုနားမှာ တစ်လှည့်၊ နေရောင်ခြည်ကလေး လင်းလာတော့ နေစာလှုံရင်းတစ်လှည့် အချမ်းဒဏ် ကာကွယ်နေရချိန်၊ ထမင်းစားမကောင်းသဖြင့် ဟာတာတာ ဆာလောင်နေသောဝမ်းကို စား ချင်သောအစာကလေး တစ်ခုတလေဖြင့် ဖြည့်တင်းပေးနိုင်စွမ်းမရှိသော အချိန်တွေမှာ ဦးအောင်ကြည် တကယ်ပဲ လူ့ဘဝကြီးက ကျောခိုင်းထွက် ခွာသွားချင်လောက်အောင် စိတ်နွမ်းနယ် ညှိုးငယ်နေမိတာ အမှန်ပင်။

မနှစ်က သည်လိုအချိန် တပို့တွဲလမှာ မောင်လှအေးဆုံးတော့ ဦးအောင်ကြည် သေခြင်းတရားကို ရင်ဆိုင်ဖို့ ကြောက်ရွံ့နေခဲ့မိသေးသည်။ ညဦးပိုင်းက မောင်လှအေးမှာ တဂွီးဂွီးအသံထွက်လောက်အောင် အကြော တက်ရောဂါ ခံစားနေရသဖြင့် ဝိုင်းဝန်းနှိပ်နယ်ပေးခဲ့ကြသည်။ မနက် စောစော ဒီးပင်ရေလောင်းသောအလုပ်သမားက အဆောင်ထဲလာရင်း

တွေ့မြင်ရတော့မှ မောင်လှအေးသေဆုံးနေမှန်း သိရသည်။ ညက ဘယ်အချိန် တစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် အသက်ပျောက်သွားခဲ့မှန်း မသိ။

ထိုနေ့က နေ့ချင်းပင် အလောင်းကို သင်္ဂြိုဟ်လိုက်ကြသည်။ ဦးအောင်ကြည်မှာ ထိုစဉ်က ဖျားနေသဖြင့် မောင်လှအေး၏နောက်ဆုံးခရီး လိုက်ပါပို့ဆောင်သူ ဘဝတူကျောင်းသားတွေထဲမှာ မပါဝင်နိုင်ခဲ့။

မောင်လှအေး၏အလောင်းကို သယ်ဆောင်၍ ခံတောသင်္ချိုင်းမှာ သင်္ဂြိုဟ်ဖို့ ထွက်ခွာသွားကြစဉ် တိတ်ဆိတ်နေသောကျောင်းဆောင်ကြီးထဲမှာ ဦးအောင်ကြည် ငြိမ်သက်စွာလှဲလျောင်းကျန်ရစ်ရင်း သေခြင်းတရားကို ထိတ်လန့်စွာတွေးတောနေမိခဲ့သည်။ သေခါနီးမှာ အထီးကျန်စွာ လူမသိ သူမသိ တစ်ယောက်တည်းသေဆုံးသွားရမည့်အဖြစ်မျိုး ဦးအောင်ကြည် ရင်မဆိုင်လို။ လူ့ဘဝမှာ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သူတစ်ဦး လူ့လောကမှ အပြီးအပိုင်ထွက်ခွာသွားရမည့်အချိန်တွင် ချစ်ခင်ကြင်နာသူများ၏ သိုင်းဝိုင်းကြင်နာ ကူညီမှုများ ရယူခံစားခွင့်ရသင့်သည်ဟု ယူဆခဲ့မိသည်။

ယခုတော့ ဦးအောင်ကြည်မှာ လူ့ဘဝကြီးကို တစ်နေ့တခြား စိတ်ကုန်ခမ်းလာသည်နှင့် အမျှ အတွေးအမြင်တို့လည်း ပြောင်းလဲခဲ့ပြီ။

သေခြင်းတရားဆိုသည်မှာ ဘဝတစ်ခုနှင့် တစ်ခု ကူးပြောင်းသည့် ကြားမှတ်တိုင်တစ်ခုပေပဲ။ သည်မှတ်တိုင်ကို ကျော်ဖြတ်ရာမှာ လိုက်ပါပို့ဆောင်သူ ပါဖို့ မပါဖို့က အရေးမဟုတ်။ ကူးပြောင်းရောက်ရှိမည့် ဘဝက လက်ရှိဘဝထက် သာလွန်ကောင်းမွန်သည်ဆိုလျှင် ကြားမှတ်တိုင်လေးကို အသာတကြည်ဖြတ်ကျော်နိုင်ရမည်ဟု ခံယူထားသည်။

ဦးအောင်ကြည်အဖို့ကတော့ နောင်တမလွန်ဘဝသည် ယခုဘဝထက် ပိုမိုကောင်းမွန်ရမည်ဟု သေချာပေါက်ယုံကြည်ထားမိသည်။ အမှောင်ခရီးကို ဖြတ်သန်းခဲ့သော အတိတ်ဘဝ ဝဋ်ကြွေးတွေကို သည်ဘဝမှာ အကြိမ်ကြိမ်ပေးဆပ်ခဲ့ရပြီ။ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းများစွာကြုံခဲ့ရပြီးပြီဆိုတော့ ဝဋ်ကြွေးတို့ ကျေလုပြီဟု ထင်သည်။

အခုဘဝမှာတော့ ဦးအောင်ကြည် တတ်စွမ်းသမျှ အပြုလုပ်ငန်းများကိုသာ လုပ်ဆောင်ခဲ့တာ မိမိကိုယ်ကို အသိဆုံး။ ထိုက်သင့်သောလစာငွေမရရှိပေမယ့် ဦးအောင်ကြည် မျက်မမြင်စာပို့ချနေရသည့်အချိန်တိုင်းမှာ တပည့်များအပေါ် စေတနာအပြည့်အဝထား အပင်ပန်းခံ သင်ကြားပေးခဲ့တာ ထိတွေ့ဆက်ဆံရသူမှန်သမျှအပေါ် တတ်အားသမျှ နှုတ်၏စောင်မခြင်းကို ဖြစ်စေလျက် ကောင်းရာကောင်းကြောင်း ပြောဆိုအကြံပေးခဲ့တာတွေဟာ နောင်သံသရာဘဝအတွက် အထောက်အပံ့တွေပဲဟု ယုံကြည်သည်။ ထို့ကြောင့် နောက်တစ်ဘဝကူးပြောင်းရန်အတွက် ခန္ဓာဟောင်းကိုစွန့်ခွာဖို့ ဝန်မလေးသင့်ပြီဟု နှလုံးသွင်းထားသည်။

ဦးအောင်ကြည်သည် အတွေးရိပ်မှာ နစ်မျောရင်း အချိန်မည်မျှကြာမြင့်သွားသည်မသိ။ နေခြည်၏ပူနွေးမှုကို ထိတွေ့ခံစားရမှု မရှိတော့မှန်း သတိပြုမိတော့မှ ထိုင်ရာမှ ထဖြစ်သည်။

ဦးအောင်ကြည် အဆောင်ထဲရောက်တော့ ဦးကျော်တင့် ခုတင်ဘက်မှ ရေဒီယိုဖွင့်သံနှင့်အတူ အောင်စိုးထွန်းတို့လူသိုက်အသံ ကြားရသည်။

ညနေဘက် မြန်မာပိုင်းအစီအစဉ်စကတည်းက ထမင်းစားချိန်မရောက်မချင်း အောင်စိုးထွန်းတို့အဖွဲ့ ရေဒီယိုနားက ခွာကြမည်မဟုတ်။

တေးသံရှင်တို့၏သီချင်းများကို အေးအေးဆေးဆေးနားထောင်ရုံ

သာမက သူ တို့နှစ်သက်ရာတေးသီချင်းများလာလျှင် သံပြိုင်လိုက်၍ ဆိုကြပေလိမ့်ဦးမည်။

သည်ရေဒီယိုလေးက လွန်ခဲ့သောအပတ်ကမှ ဦးကျော်တင့်လက်ထဲရောက်လာသည့် ရေဒီယိုလေး။

မောင်မောင်ခင် ကျောင်းမှထွက်၍ ဇာတိမြေ ရေစကြိုသို့ ပြန်တော့မည်ဆိုတော့ သူပိုင်ဓာတ်ခဲသုံး ရေဒီယိုလေးကို ကျောင်းသို့ လှူထားခဲ့သည်။ မောင်မောင်ခင်က စိတ်သဘောထားကောင်းမွန်၍ အချင်းချင်းအပေါ်မှာ သံယောဇဉ်ထားတတ်သည်။

ငွေကြေးတတ်နိုင်သောမိဘများက မပြတ်ပို့ပေးလေ့ရှိသော စားစရာတွေကို နီးစပ်ရာ မျှဝေကျွေးမွေးတတ်သလို သူ့ရေဒီယိုလေးကိုလည်း အများနားထောင်ဖို့ ဖွင့်ပေးနေကျ။ တစ်ကျောင်းလုံးမှာ တစ်လုံးတည်းရှိသောရေဒီယိုလေးမို့ အားလုံးက အားထားနေရလေတော့ မောင်မောင်ခင်တစ်ခါတစ်ရံ ညအိပ်ညနေ ရေစကြိုပြန်သည့်အခါများမှာပင် သေတ္တာထဲထည့်သိမ်းမထားခဲ့။ ဂိတဆရာ ဦးကျော်တင့်လက်ထဲအပ်၍ သုံးခွင့်ပေးထားခဲ့သည်။

မောင်မောင်ခင် ကျောင်းမှ အပြီးထွက်တော့မည်ဆိုတော့ အောင်စိုးထွန်းက

"ကိုမောင်မောင်ခင် ထွက်သွားရင်တော့ ကျွန်တော်တို့ ရေဒီယိုသီချင်းလေး ဘာ လားတောင် နားထောင်ရတော့မှာ မဟုတ်ပါဘူးဗျာ"ဟု ဝမ်းနည်းစကားဆိုသည်။ အပေါင်းသင်းများ၏ခံစားမှုကို စာနာသော မောင်မောင်ခင်က သူ့မိဘများထံ ခွင့်တောင်း၍ ကျောင်းသားများအတွက် ရေဒီယိုလေး ပေးလှူထားခဲ့လေသည်။

ရေဒီယိုထိန်းသိမ်းရေးတာဝန်ခံ ဦးကျော်တင့်မှာ မြန်မာပိုင်းအစီ

အစဉ် အသံလွှင့်သည့်အချိန်တိုင်း သူ့သေတ္တာလေးထဲမှာ သော့ခတ်သိမ်းဆည်းထားရသော ရေဒီယိုလေးထုတ်ပေးရသော အလုပ်တစ်ခု ပိုနေတော့သည်။ တစ်နေ့ညကလည်း သတင်းနားထောင်ကြမည့်သူများ စုရုံးမိနေချိန်မှာ ဦးကျော်တင့် သေတ္တာသော့က ပျောက်နေသည်။ အချိန်အတော်ကြာ ရှာဖွေနေရသဖြင့် တစ်ယောက်က-

"နောက်ဆိုရင် ဆရာစိန်ကျော်တင့် သော့ကို ဟိုထား သည်ထား လျှောက်မထားနဲ့ဗျာ၊ ရေဒီယိုထုတ်ခါနီး မရှာရအောင် ကြိုးကလေးနဲ့ လည်ပင်းဆွဲထား"ဟု အကြံပေးလေသည်။

သည်အဆောင်မှာ မိမိပိုင်ပစ္စည်းမှန်သမျှ ကိုယ်ပိုင်သေတ္တာတွေထဲမှာ သော့ခတ်၍ ထည့်ထားရစမြဲ။ အဆောင်ထဲမှာပဲဆိုပြီး လက်လွှတ်စပယ်ထားလို့ မရ။

အဆောင်တွင်း ကြိုးတန်းပေါ်လှမ်းထားသော အင်္ကျီ လုံချည်များ ညဘက် မရုတ်သိမ်းမိသဖြင့် ပျောက်ဆုံးခဲ့ရတာတွေ ကြုံဖူးလေတော့ ညအိပ်ရာဝင်ခါနီး ကိုယ့်ပစ္စည်းလေးတွေ ဂရုတစိုက်သိမ်းဆည်း သေတ္တာထဲထည့် သော့ခတ်ဖို့ အလေ့အကျင့်ပြုထားကြရသည်။

သည်ကြားထဲမှ မနှစ်က ကျောင်းသားနှစ်ဦး၏ သေတ္တာနှစ်လုံး ခိုးယူသွားတာ ခံလိုက်ရသေးသည်။

မျက်မမြင်များနေထိုင်ရာအရပ်ဆိုတော့ မြင်နိုင်သောလူများ၏ ဝန်းကျင်ထက် ခိုးယူဖို့ ပို၍လွယ်ကူနေကြသည်လေ။

ဩော် ငရဲကိုမကြောက်၊ အမှောင်ခရီးကို လျှောက်နေကြသူတွေ၊ ဒုက္ခသည်တို့၏ မရှိမဲ့ရှိမဲ့ပစ္စည်းလေးတွေကို သူတို့မို့ ခိုးယူသုံးစွဲရက်ပလေ။

ဦးအောင်ကြည်သည် ဗြဟ္မာစိုရ်တရားခေါင်းပါးသူတို့၏အကြောင်း တွေးမိရင်း ခုတင်ရှိရာသို့ ခပ်ဖြည်းဖြည်းလျှောက်လာခဲ့သည်။

ညနေစာထမင်းစားရဖို့ အချိန်ကလည်း လိုသေးသည်။ လေးလံ ထိုင်းမှိုင်းစွာ ခုတင်ပေါ်မှာ နှုတ်ဆိတ်တွေဝေထိုင်နေမိသည်။ ခဏနေမှ ဖျာအောက်က သော့တံကလေးကို အသာစမ်းယူလိုက်ပြီး ခေါင်းရင်းပိုင်းမှ ထင်းရှူးသေတ္တာကို ဖွင့်လိုက်သည်။

သေတ္တာညာဘက်ထောင့်မှ အသေအချာထည့်ထားသောစာအုပ် ကလေးကိုထုတ်ယူ၍ သော့ပြန်ခတ်ပြီးလျှင်တော့ ဦးအောင်ကြည်သည် ခုတင်ပေါ်မှာ အကျအနတင်ပျဉ်ခွေထိုင်လိုက်သည်။

စာအုပ်ကို ရှေ့မှာချ၍ စာရွက်များ တစ်ရွက်ပြီး တစ်ရွက်လှန်သည်။ စာမျက်နှာနှစ်ဆယ့်ငါးအရောက်မှာတော့ ဦးအောင်ကြည်၏ညာလက်ညှိုး သည် စာမျက်နှာပေါ်မှာ ဖြည်းညင်းစွာအသာအယာစမ်းလျက် ရွေ့ရှားနေ စဉ် နှုတ်မှလည်း အနတ္တလက္ခဏသုတ်ရွတ်ဖတ်သံ ဖြည်းဖြည်းမှန်မှန် ထွက်ပေါ်လာလေသည်။

"ဧဝံ မေ သုတ္တံ၊ ဧကံ သမယံ၊ ဘဂဝါ ဗာရာဏာ သိယံ၊ ဝိဟာ ရတိ၊ ဣသိပတနေ၊ မိဂဒါယေ"

* * *

သိရှိမွေ့စာအုပ်တိုက်

မသန်းဝင်းနှင့် စကားပြောဆိုနေလျက်မှပင် ကိုပြေညိမ်းသည် အိမ်ရှေ့မှ တက်လာမည့်ခြေသံကို နားစွင့်နေမိသည်။

ကိုပြေညိမ်း မသန်းဝင်းတို့အိမ်ရောက်နေသည်မှာ နာရီဝက်ကျော် ကျော်လောက် ရှိပေရော့မည်။

ထွေးငယ်နှင့် တွေ့ဆုံရန် ချိန်းဆိုထားသောအချိန်ထက် နာရီဝက် ခန့်စောရောက်နေတာမှန်ပေမယ့် ရောက်ကတည်းက ကိုပြေညိမ်း စိတ် ဂနာမငြိမ် လည်တဆန့်ဆန့် နားတစွင့်စွင့်ဖြစ်နေမိသည်။

မိန်းကလေးများနှင့် အတွေ့အကြုံရှိဖူးသူဖြစ်ပါလျက် ထွေးငယ်နှင့် ပထမဆုံးအကြိမ် နှစ်ယောက်ချင်းတွေ့ဆုံစကားပြောရမည့်အရေး ရင်ခုန် လှုပ်ရှားနေမိသည်မှာ အံ့သြစရာပင်ကောင်းသေးတော့သည်။

"ထွေးငယ်လာမှာကော သေချာရဲ့လားဟင် မသန်းဝင်း"

ကိုပြေညိမ်း စိတ်မချနိုင်စွာ မေးမိသည်။

"လာမှာပါ ကိုပြေညိမ်းရဲ့၊ သူ ဒီနေ့ နေ့တစ်ဝက်ပဲ အလုပ်ဆင်း ပြီး လာခဲ့မယ်လို့ အသေအချာပြောသွားတာပဲ"

မောင်မောင်ခင် ကျောင်းမှ ထွက်ခွာသွားပြီး နှစ်ပတ်ခန့်အကြာမှာ ကိုပြေညိမ်း ထွေးငယ်ကို ချစ်ရေးဆိုဖို့ ဆုံးဖြတ်မိသည်။

သီရိဆွေစာအုပ်တိုက်

မိမိချစ်မြတ်နိုးနေမိသည့် လွတ်လပ်သောမိန်းမပျိုတစ်ယောက်ကို ရင်ထဲမှ ဆန္ဒတွေ ထုတ်ဖော်တင်ပြခွင့်ရှိသည်ဟု ယုံကြည်နေလျက်ကပင် စတင်ရန် ခက်ပါဘိဖြစ်နေမိသည်။ လူ့အဖြစ်မှာ တပန်းရှုံးနေသူမို့ ချစ်သူကို နှစ်ယောက်ချင်းတွေ့ဆုံ ကိုယ်တိုင်ချစ်ရေးဆိုဖို့ အလိုလိုဆွံ့ပါးသိမ်ငယ်လို့ နေသည်။

နောက်ဆုံးတော့ မသန်းဝင်းထံချဉ်းကပ်၍ အချစ်အကျိုးတော်ဆောင်ပေးဖို့ အကူအညီတောင်းခံခဲ့ရလေသည်။ မသန်းဝင်းကလည်း အားကိုးရသည်။ ကိုပြေညိမ်းပြောစေလိုသမျှစကားတို့ကို ထွေးငယ်ထံ သယ်ဆောင်ပေးရုံမျှမက ကိုပြေညိမ်း၏ လုပ်ရည်ကိုင်ရည်တို့ကိုလည်း သာသာထိုးထိုးကလေး အမွှမ်းတင်၍ ဘေးတီးပေးတတ်သူ။

ကိုပြေညိမ်း ထွေးငယ်ကို ချစ်မြတ်နိုး၍ လက်ထပ်လိုကြောင်း စတင်ပြောဆိုခဲ့ပြီး တစ်လခန့်အချိန်ကြာမြင့်ခဲ့သည့်အတွင်း ထွေးငယ်ထံမှ ပြတ်ပြတ်သားသားအဖြေမရရှိခဲ့သေးပေမယ့် မျှော်လင့်ချက်တော့ရှိနေသည်ဟု ယုံကြည်နေမိသည်။

မသန်းဝင်း၏ ဖခင်နှင့် ခင်ပွန်းသည်တို့အလုပ်သွားချိန် နေ့ခင်းပိုင်းတွင် မသန်းဝင်းတို့အိမ်မှာ ထွေးငယ်နှင့် အေးအေးဆေးဆေး စကားပြောချင်ပါသည်ဆိုသော ကိုပြေညိမ်း၏ တောင်းဆိုချက်ကို ထွေးငယ်လက်ခံလိုက်သည်ဆိုကတည်းက ကိုပြေညိမ်း အားတက်ဝမ်းမြောက်နေမိသည်။

"ဟော ဟိုမှာ ထွေးငယ် လာနေပါပြီတော်"

မသန်းဝင်းအသံကြားလိုက်ရတာနှင့် ကိုပြေညိမ်းရင် ဒိတ်ခနဲခုန်သွားသည်။ နေရာရွှေ့ထိုင်ရတော့မလိုလို၊ ဘာလိုလို လှုပ်ရှားသွားမိပြီးမှ နေကာမျက်မှန်ပြင်တပ်ရင်း အိမ်ရှေ့တံခါးဝဘက် မျက်နှာမူ လှမ်းမျှော်ကြည့်လိုက်မိသည်။

ခဏနေတော့ အိမ်ရှေ့လှေခါးမှ တက်လာသော ခြေသံဖွဖွလေး။

"လာ ထွေးငယ် ဒီက ကိုယ်တော်ကတော့ လုံ့လဝီရိယကောင်းကောင်းနဲ့ရောက်နေတာ တစ်နာရီလောက်ရှိပြီ။

"ဟုတ်လား"

ထွေးငယ်ထံမှ ပျော့ပျောင်းညင်သာ တုံ့ပြန်သံကို ကြားရသည်။

ကိုပြေညိမ်းထိုင်နေသည့်ဖျာ၏ တစ်ဖက်စွန်းလောက်မှာ ထွေးငယ်ဝင်ထိုင်ဟန်ရှိသည်။ စံပယ်ပန်းရနံ့နှင့် သနပ်ခါးနံ့သင်းသင်းရောယှက်သည့် ရနံ့မွှေးမွှေးလေးကို ကိုပြေညိမ်း ရှူရှိုက်မိရသည်။

"ကဲ အေးအေးဆေးဆေး စကားပြောရစ်ကြဦး၊ ငါ ဈေးခဏသွားလိုက်ဦးမယ်နော် ထွေးငယ်"

ထွေးငယ်ထံမှ အသံထွက်ပေါ်မလာ။ ခေါင်းညိတ်ပြလိုက်ဟန် ရှိသည်။

ချစ်သူ့ပုံဟန်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ချင်စမ်းပါဘိ ထွေးငယ်ရယ်။ ကိုယ်ချစ်တဲ့ ထွေးငယ်တစ်ယောက်လုံး အနားမှာရောက်နေပါလျက်နဲ့ မြင်နိုင်စွမ်းမရှိတဲ့ဘဝ၊ ကိုယ့်ဘဝက ဆိုးလိုက်တာကွယ်။ ကိုပြေညိမ်းရင်ထဲတွင် အားငယ်ဝမ်းနည်းစိတ် ရုတ်ခြည်းဖြစ်ထွန်းလျက် သက်ပြင်းငွေ့ငွေ့ရှိုက်မိသည်။

လှေခါးမှဆင်းသွားသည့်ခြေသံကို ကြားရပြီး ခဏနေတော့ ကိုပြေညိမ်း အားယူမာန်တင်းလျက် စတင်အသံပြုလိုက်သည်။

"ထွေးငယ်"

ထွေးငယ်ထံမှ ရုတ်တရက် အသံထွက်မလာ။

နောက်တစ်ကြိမ် 'ထွေးငယ်' ဟု ခေါ်လိုက်တော့မှ

သီရိဆွေစာအုပ်တိုက်

"ပြောပါ ကိုပြေညီမ်း' ဟု တုံ့ပြန်လသည်။

ပြောပါဆိုတော့မှ ဘာဆက်ပြောရမှန်း မသိ။ ထွေးငယ်အသံလာရာဘက် တွေဝေငေးမောလျက် ကိုပြေညီမ်း အတန်ကြာငြိမ်သက်နေမိသည်။

"မသန်းဝင်းက ကိုယ်ပြောခိုင်းတာတွေအကုန်လုံး ထွေးငယ်ကိုပြောပါတယ်နော်"

"ဟုတ်ကဲ့ ပြောပါတယ်"

"ထွေးငယ် ဘယ်လိုသဘောထားသလဲဟင်"

ထွေးငယ်ထံမှ စကားပြန်မလာ။ ရင်ထဲမှ ခံစားမှုအရိပ်အရောင်တွေထင်ဟပ်နေမည့် ထွေးငယ်မျက်နှာလေးကို တွေ့မြင်ချင်စမ်းလှသည်။

"ပြောပါဦး ထွေးငယ်ရယ်၊ ကိုယ့်အပေါ်မှာ ဘယ်လိုသဘောထားသလဲဆိုတာ"

"ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်၊ ကိုပြေညီမ်းကို ကျွန်မစတွေ့ကတည်းက သနားမိခဲ့တယ်၊ သနားတယ်ဆိုတာက ဒီလိုပါ၊ ကိုပြေညီမ်းကို ရုပ်ရည်သန့်သန့်ပြန့်ပြန့်လေးနဲ့ လူငယ်လူရွယ်တစ်ယောက်မျက်မမြင်ဘဝရောက်နေရတာကိုကြည့်ပြီး သနားတာပါ"

ထွေးငယ်စကားကိုကြားရတော့ ကိုပြေညီမ်းရင်ထဲမှာ ရှက်ရွံ့ဝမ်းနည်းသလို ခံစားလိုက်ရသည်။

ချစ်သူ၏အထင်ကြီး ယုံကြည်ကိုးစားမှုကိုသာ ခံယူလိုပါလျက်သနားကရုဏာသက်ခြင်း ခံလိုက်ရသည်ဆိုတော့ မချင့်မရဲနှင့် စိတ်အားငယ်သွားမိတာ အမှန်။ နောက်မှ ဘယ်တတ်နိုင်မလဲလေ၊ ကိုယ့်ဘဝကံအကျိုးပေးမကောင်းလို့ ဒုက္ခိတဘဝရောက်ခဲ့ရမှတော့ သူများ အသနားခံ

ရမှာပေါ့။ အရေးကြီးတာက ကိုယ့်ဘက်က ခွဲမလျှော့ဖို့၊ အစွမ်းအစတွေ ထုတ်ပြနိုင်ဖို့ပဲဟု ဖြေတွေး၍ စိတ်မာန်တင်းလိုက်ပြီး ပြုံးယောင်ပြုလျက် ပြောရသည်။

"မြင်မြင်ချင်း အမြင်ကတ်မခံရတာ တော်သေးတာပေါ့ ထွေးငယ်ရယ်၊ ကိုယ်ကတော့ ထွေးငယ်အကြောင်း စကြားရကတည်းက စိတ်ဝင်စားခဲ့မိတာ၊ 'ထွေးငယ်'ဆိုတဲ့နာမည်လေးကို ရင်ထဲမှာ အကြိမ်ကြိမ်ရွတ်ကြည့်မိပြီး ထွေးငယ်သာ ကိုယ့်ချစ်သူဆိုရင် အမှောင်ကျနေတဲ့ကိုယ့်ဘဝထဲမှာ လမင်းကြီးသာလာသလို စိတ်ချမ်းမြေ့စရာကောင်းမှာပဲလို့ တွေးထင်မျှော်လင့်မိခဲ့တယ်"

အတန်ကြာသည်အထိ ထွေးငယ် တစ်စုံတစ်ရာပြောဆိုခြင်း မပြုသဖြင့် တစ်အိမ်လုံး တိတ်ဆိတ်နေသည်။

"ထွေးငယ်ကို ကိုယ် မြတ်မြတ်နိုးနိုးချစ်နေမိတယ်၊ ထွေးငယ်နဲ့သာ အတူနေရရင် ဘဝကို ဘယ်လိုပဲ ရင်ဆိုင်ရန်းကန်ရပါစေ၊ ကျေနပ်ပျော်ရွှင်နေနိုင်လိမ့်မယ်လို့ ယုံကြည်နေမိလောက်အောင် ထွေးငယ်ကို ကိုယ်ချစ်နေတယ်၊ ထွေးငယ် ကိုယ့်ကို လက်ထပ်နိုင်မလားဟင်"

"ကျွန်မ ဘယ်လိုပြောရမှန်းတောင် မသိဘူး ကိုပြေညိမ်းရယ်၊ ကိုပြေညိမ်း ကျွန်မကိုချစ်တယ်ဆိုတာတော့ ယုံပါတယ်၊ ဒါပေမဲ့ တစ်အိုးတစ်အိမ်ထူထောင်နေကြဖို့ဆိုတာတော့ ကျွန်မ မစဉ်းစားရဲဘူး"

တိုးတိတ်ညင်သာသော ထွေးငယ်အသံကို နားထောင်ရင်း မဝံ့မရဲဟန်မျက်နှာလေးကို ကိုပြေညိမ်းအတွေးအာရုံထဲမှာ မြင်ယောင်မိသည်။

"ကိုယ့်ကို ထွေးငယ် အားကိုးအားထားပြုဖို့ ဝန်လေးနေလိမ့်မယ်ဆိုတာ ကိုယ်တွေးမိပါတယ်၊ ဒါပေမဲ့ ထွေးငယ် ကိုယ်ဟာ မျက်စိမမြင်တာကလွဲရင် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်သူတစ်ယောက်ပါ၊

အမြင်အာရုံချို့တဲ့ရုံနဲ့ ဘဝကို အရှုံးပေးဖို့ ကိုယ်စိတ်မကူးဘူး၊ ကိုယ်တတ်တဲ့ပညာတွေနဲ့ ဘဝထူထောင်ဖို့ ရည်ရွယ်ထားတယ်၊ အခုအခြေအနေမှာတော့ ကိုယ့်ဆန္ဒရှိတိုင်း လုပ်ဆောင်လို့ မရသေးဘူးပေါ့လေ"

ကိုပြေညိမ်း စကားခဏရပ်ထားစဉ် ထွေးငယ်ကလည်း ငြိမ်သက်နေသည်။

"မျက်မမြင်ကျောင်းသားတစ်ယောက်အနေနဲ့ အဖွဲ့အစည်းရဲ့ ဦးဆောင်မှုမပါပဲ ကိုယ့်အစီအစဉ်နဲ့ ကိုယ် အ[illegible]ထွက်တာတို့၊ တစ်ရပ်တစ်ကျေးသွားပြီး ဗေဒင်ဟော ငွေရှာရတာတို့ မလုပ်ရဘူးဆိုတာ ထွေးငယ်သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်"

"မနှစ်က ကိုယ် မန္တလေးက အမျိုးတစ်ယောက်နဲ့ ပါသွားပြီး ကျောက်တော်ကြီးဘုရားမှာ ရက်နှစ်ပတ်လောက် ဗေဒင်ဟောခဲ့တယ်ဆိုတာလဲ တကယ်တော့ ခိုးလုပ်ခဲ့တဲ့အလုပ်ပဲ၊ ကျောင်းကနေ ရွာပြန်ဦးမယ်လို့ ခွင့်ယူသွားပြီး မြေစမ်းခရမ်းပျိုး အခြေအနေစမ်းကြည့်ခဲ့တာ၊ ကျောင်းကထွက်ပြီးရင်တော့ ကိုယ်ကြိုက်တဲ့နေရာသွား လွတ်လွတ်လပ်လပ် အလုပ်လုပ်နိုင်ပြီ၊ ကိုယ်တတ်တဲ့ အနှိပ်ပညာ၊ ဗေဒင်ပညာနဲ့ ဘဝတစ်ခုကို ထူထောင်နိုင်လိမ့်မယ်လို့ ကိုယ်ယုံကြည်တယ် ထွေးငယ်"

"............"

"မန္တလေးမှာ ကိုယ်တို့ကျောင်းထွက်နှစ်ယောက် ဗေဒင်ပညာနဲ့ အသက်မွေးပြီး တစ်အိုးတစ်အိမ်ထူထောင်နေကြတာ တွေ့ခဲ့ရတော့ ကိုယ်အတော်အားတက်ခဲ့တယ်၊ ဒီမှာလဲ ထွေးငယ်တွေ့မှာပါလေ၊ မျက်မမြင်အတော်များများ တတ်တဲ့ပညာလေးတွေနဲ့ မိသားစု အခြေချရပ်တည်နေကြတာတွေ"

"ကျွန်မတော့ သတ္တိမရှိဘူးလို့ပဲ ပြောရမလားမသိဘူး၊ အိမ်ထောင်ပြုဖို့ဆိုတာ တွေးမိတိုင်း ဒုက္ခတွေကိုပဲ တန်းစီမြင်ယောင်ပြီး ကြောက်ရွံ့နေမိတာပဲ၊ ကိုပြေညိမ်းကို ကျွန်မ မယုံကြည်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ လက်ထပ်ဖို့အထိတော့ ကျွန်မ စိတ်ကူးလို့ မရဘူး"

"လက်ထပ်ဖို့အထိတော့ စိတ်ကူးလို့မရဘူးဆိုတော့ ချစ်သူအဖြစ်တော့ လက်ခံနိုင်တယ်ပေါ့ ထွေးငယ် ဟုတ်လား"

"အို အဲဒီလိုလဲ မဟုတ်သေးပါဘူး"

ထွေးငယ်၏ မဝံ့မရဲလေသံလေးက ကိုပြေညိမ်း၏အားမလို အားမရစိတ်ကို တိုးတက်ဖြစ်ထွန်းစေလျက်–

"ထွေးငယ်ရယ် ကိုယ့်ဘဝက မေတ္တာနဲ့ အထောက်အကူပြုပေးမယ့် ဘဝအဖော်လိုပါတယ်၊ စိတ်သွားတိုင်း ကိုယ်ပါ၊ ရည်ရွယ်ချက်ထားသမျှ အားမာန်ရှိရှိ လှုပ်ရှားဆောင်ရွက်နိုင်ဖို့ ကိုယ့်တစ်ယောက်တည်းအင်အားနဲ့ မလုံလောက်ပါဘူး၊ ကိုယ့်ဘဝရဲ့ပါရမီဖြည့်ဖက်အဖြစ် ထွေးငယ်ရပ်တည်ပေးပါလားဟင်"

ထွေးငယ်ထံမှ အဖြေစကားမလာ။

သက်ပြင်းရှိုက်သံသဲ့သဲ့ ကြားလိုက်ရသည်။

ကိုပြေညိမ်း စိတ်လှုပ်ရှားစွာ ထွေးငယ်ဘက် အနည်းငယ်တိုးကပ်လိုက်မိရင်း–

"ထွေးငယ်"

"………"

"ထွေးငယ် ကိုယ့်ကို လူလိုသူလိုဘဝမှာ ရှင်လန်းတက်ကြွ လှုပ်ရှားနိုင်ဖို့ ကိုယ့်ဘဝအဖော်အဖြစ် တစ်သက်လုံး လက်တွဲပေးပါလား ထွေးငယ်ရယ် ဟင်"

ကိုပြေညီမ်း၏ တိုးလျှညင်သာသောအသံမှာ မျှော်လင့်ခြင်းနှင့် တောင်းပန်ခယသံ ရောယှက်နေသည်။

"ကျွန်မ စဉ်းစားပါရစေဦး ကိုပြေညီမ်း၊ အခုတော့ ကျွန်မ မဆုံးဖြတ်တတ်သေးဘူး"

"ဘယ်လောက်ကြာကြာ စဉ်းစားမှာလဲဟင်"

"တစ်ပတ်လောက်ပါ"

"ကောင်းပါပြီလေ ထွေးငယ်အဖြေစကားဟာ ကိုယ့်ဘဝအမှောင်ကမ္ဘာအတွက် မီးတိုင်လေးတွေဖြစ်ပါစေလို့ ကိုယ် ဆုတောင်းနေပါ့မယ်"

ထွေးငယ်ထံမှ တုံ့ပြန်စကားမလာ။ ကိုပြေညီမ်း နှုတ်ဆိတ်နေစဉ် ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်လို့နေပြန်သည်။

ငြိမ်သက်စွာထိုင်နေမိပေမယ့် ကိုပြေညီမ်းရင်ထဲမှာမူ ဆန္ဒများစွာဖြစ်ထွန်းလှုပ်ရှားနေသည်။

ခံစားမှု ချစ်မေတ္တာ စေတသိတ်တို့ကို လှစ်ဟဖော်ဆောင်နေမည့် ချစ်သူ၏ မျက်နှာကို မြင်တွေ့လိုသောဆန္ဒ ထိုမျက်နှာလေးကို ယုယမြတ်နိုးစွာ နမ်းမွှေးလိုသောဆန္ဒများ...။

* * *

ကျောင်းဝင်းရှေ့ရောက်၍ ကိုပြေညိမ်း စက်ဘီးကယ်ရီယာခုံပေါ်မှ ဆင်းပြီးသည်နှင့် ကိုအောင်ဝင်းက နှုတ်ဆက်၍ ပြန်ဖို့ပြင်သည်။

"အဆောင်ထဲဝင် ရေလေးဘာလေးသောက် အမောဖြေသွားပါဦးလား"

"ရေသောက်ရဖို့လေးနဲ့တော့ မဝင်တော့ပါဘူးကွာ၊ မင်းကောင်မလေးနဲ့ အဆင်ပြေရင်သာ ငါ့ကို ကောင်းကောင်းကျွေးမွေးဖို့ မမေ့နဲ့"

ကိုအောင်ဝင်းက ခပ်နောက်နောက်ပြောပြီး ပြန်သွားသည်။

ကိုပြေညိမ်းသည် စက္ကူအိတ်ကလေးကို တယုတယကိုင်လျက် ကျောင်းဝင်းထဲ ဝင်လာခဲ့သည်။ ထွေးငယ်နှင့် တွေ့ရမှာကို တွေးရင်း ကိုပြေညိမ်း စိတ်ရွှင်လန်းတက်ကြွနေသည်။ ညနေဘက် ထွေးငယ်လာမည်ဆိုတော့ မကြာခင် ထွေးငယ်နှင့် တွေ့ရပေတော့မည်။

မသန်းဝင်းတို့အိမ်မှာ ထွေးငယ်နှင့် နှစ်ယောက်ချင်း စကားပြောဆိုပြီး တစ်ပတ်တိတိကြာသည့်မနေ့က ညနေပိုင်းမှာ ကိုပြေညိမ်း မသန်းဝင်းထံ သွား၍ အပူကပ်ရပြန်သည်။

ထွေးငယ်အိမ်က မသန်းဝင်းတို့အိမ်၏ တစ်လမ်းကျော်မှာ ရှိပေမယ့် ကိုပြေညိမ်းကိုယ်တိုင် မသွားနိုင်။ နှစ်ယောက်ချင်းတွေ့ဆုံရသည့်

နေ့က 'တစ်ပတ်ပြည့်တဲ့နေ့မှာ ထွေးငယ်ဆီ ကိုယ်လာခဲ့ရမလား' ဟု မေးတော့ 'ကျွန်မပဲ လာခဲ့ပါ့မယ်'ဟု ပြန်ပြောခဲ့သည်။

မနေ့က ကိုပြေညိမ်း မသန်းဝင်းအိမ်ရောက်သွားပြီး အတော်ကြာသည်အထိ ထွေးငယ်က ပေါ်မလာ။

ထွေးငယ် ကိုပြေညိမ်းအချစ်ကို လက်မခံနိုင်လို့ မလာတော့တာများလားဟု စိတ်တထင့်ထင့်ပူပန်ရင်း မသန်းဝင်းကို ထွေးငယ်အိမ်သွားပေးဖို့ အကူအညီတောင်းရသည်။

မသန်းဝင်းပြန်အလာမှာလည်း ကိုပြေညိမ်း မျှော်လင့်သလို ထွေးငယ်ပါမလာ။ 'မနက်ဖြန်ညနေ ကျောင်းကိုလာခဲ့မယ်' ဟူသော အမှာစကားကိုသာ ပါးလိုက်သည်။

"ထွေးငယ်က ဘယ်လိုလဲ မသန်းဝင်းရာ၊ ဟန်မှ ဟန်ပါ့မလား၊ ကျွန်တော့်ကို လက်မခံနိုင်လို့ လိုက်မလာတာများလားဟင်၊ မျှော်လင့်ချက်ရှိရဲ့လား"ဟု ကိုပြေညိမ်းက စိတ်ပူပန်စွာမေးမိတော့-

"ကိုပြေညိမ်းကလဲ တယ်ခက်တာကိုး၊ မိန်းကလေးတစ်ယောက်က ကိုယ်တိုင်လာခဲ့ပါမယ်လို့ ပြောလိုက်ပါတယ်ဆိုမှ မျှော်လင့်ချက် ရှိလို့ပေါ့၊ လက်မခံနိုင်ရင် တစ်ခါတည်း အပြတ်ပြောလိုက်မှာပေါ့"ဟု မသန်းဝင်းက ဆိုလေသည်။

ကိုပြေညိမ်း အသေအချာတွေးကြည့်တော့ မသန်းဝင်းပြောသလိုပဲ ယူဆနိုင်သည်ဟု တွက်မိပြီး ကိုယ့်တွက်ကိန်းနှင့်ကိုယ် စိတ်အားတက်ကြွနေမိသည်။

သည်နေ့မနက် ကိုပြေညိမ်း အိပ်ရာမှနိုးလာတော့ ညနေ ထွေးငယ်နှင့် တွေ့ရမှာကို အရင်ဆုံးသတိရသည်။

သိမ်ဖိုးဆွေစာအုပ်တိုက်

တစ်မနက်လုံး ထွေးငယ်အကြောင်းတွေးရင်း ချစ်သူကို လက်ဆောင်ပစ္စည်းတစ်ခုခု ပေးချင်နေမိသည်။ ခုတလော ကိုပြေညိမ်း အနှိပ်လိုက်ရတာလေးတွေ၊ ဗေဒင်ဟောရတာလေးတွေနှင့် လက်ထဲမှာ ငွေတစ်ရာကျော်ခန့် စုမိနေသည်။ သည်ငွေထဲက လက်ဆောင်ပစ္စည်းတစ်ခုခုဝယ်၍ ညနေ ထွေးငယ်လာချိန်မှာ ပေးလိုက်ချင်စိတ်ပြင်းပြစွာပေါ်နေဆဲ ကိုအောင်ဝင်း အလည်ရောက်လာသည်။

ကိုအောင်ဝင်းက ကိုပြေညိမ်းနှင့် ခင်မင်ရင်းနှီးသူ။ အားမနာတမ်းအကူအညီတောင်းနိုင်သူမို့ ကိုပြေညိမ်းဆန္ဒကိုပြောပြ၍ ကိုအောင်ဝင်းအပြန်မှာ လိုက်သွားဖြစ်ခဲ့သည်။

ဈေးကြီးအပြင်ဘက်တန်းမှ စတိုးဆိုင်တစ်ခုမှာ ကိုအောင်ဝင်းပြောပြသမျှ မိန်းကလေးအသုံးအဆောင်ပစ္စည်းများကို တစ်ခုချင်း ဈေးမေးကြည့်၊ တစ်ချို့ကို ကိုင်တွယ်ကြည့်လျက် စဉ်းစားရွေးချယ်ပြီး နောက်ဆုံးတော့ဆယ့်ရှစ်ကျပ်တန်နှုတ်ခမ်းဆိုးဆေးတစ်ဗူးနှင့် နှစ်ဆယ့်ငါးကျပ်တန် မိတ်ကပ်တစ်ဗူး ဝယ်ယူခဲ့လေသည်။

ပထမဆုံးအကြိမ် ချစ်သူကိုပေးဖို့ လက်ဆောင်ပစ္စည်းတွေကို တယုတယကိုင်တွယ်လာရင်း ထွေးငယ်နှင့်တွေ့ဆုံချိန်မှာ အဖြေစကားအရင်မေးရမလား၊ လက်ဆောင်ပစ္စည်း အရင်ပေးရမလားဟု ကိုပြေညိမ်း စဉ်းစားလိုက်မိပြန်သည်။

ကိုယ့်အတွေးနှင့်ကိုယ် စိတ်အလုပ်များလျက် လျှောက်လာသော ကိုပြေညိမ်းမှာ အဆောင်ရှေ့ရောက်သည်နှင့် မကျေမချမ်း ဆူဆူညံညံ စကားပြောသံများ ကြားရသည်။

"ဒီအတိုင်းခံနေလို့တော့ မဖြစ်တော့ဘူးကွ၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ်"

"လုပ်ရအောင် ဘယ်သူမှန်းသိလို့လား"

"အေး မသိလို့ပေါ့ကွာ၊ သိများ သိရရင်တော့ အရှင်လတ်လတ် နုတ်နုတ်စင်းပစ်လိုက်ချင်တယ်"

အောင်စိုးထွန်း၏ ဒေါသတကြီးပြောဆိုကြိမ်းဝါးသံ။

"ဘာဖြစ်ကြတာလဲကွ"

ကိုပြေညီမ်း စိတ်ဝင်တစားမေးမြန်းရင်း အောင်စိုးထွန်းတို့လူစု အနား လျှောက်လာခဲ့သည်။

"ဘာဖြစ်ရမလဲဗျာ ကျွန်တော်တို့ရေဒီယိုလေး အခိုးခံလိုက်ရပြီ လေ"

"ဟင် ရေဒီယိုလေး အခိုးခံရတယ် ဘယ်တုန်းကလဲ"

ကိုပြေညီမ်း၏ တအံ့တသြမေးမြန်းသံအဆုံးမှာတော့ အောင်စိုး ထွန်းက ရေဒီယိုပျောက်ဆုံးခဲ့ပုံကို အသေအချာပြောပြလေသည်။

မနက်က ဆယ်နာရီခွဲလောက်အထိ အောင်စိုးထွန်းတို့အဖွဲ့ သီချင်း နားထောင်နေခဲ့ကြသည်။ သောတရှင်လိုရာသီချင်းလာနေဆဲ အဝတ်လျှော် စရာရှိသဖြင့် အောင်စိုးထွန်း အရင်ဆုံးထွက်လာခဲ့စဉ် ရေဒီယိုနားမှာ မောင်ဝင်းစိန်အပါအဝင် သုံးလေးယောက်ကျန်ရှိနေသေးသည်။ အောင်စိုး ထွန်းရေမိုးချိုးပြီးချိန်မှာ ထမင်းစားသံချောင်းခေါက်နေပြီ၊ ရေဒီယိုအသံ ကိုလည်း နားမစွင့်မိတော့ပဲ ကမန်းကတန်း ဘုရားခန်းသွား၍ ဘုရားရှိခိုး ပြီး စားဖိုဆောင်ဘက် ထွက်လာခဲ့သည်။

ထမင်းစားပြီးချိန်မှာလည်း ရေဒီယိုကို သတိမရ။ တရေးတမော ဝင်အိပ်လိုက်မိပြီး မောင်ဝင်းစိန်တို့ ဆူဆူညံညံစကားပြောသံ ကြားလိုက် ရမှ အောင်စိုးထွန်း လန့်နိုးခဲ့သည်။

သီရိဆွေစာအုပ်တိုက်

ထိုအချိန်မှာ ရေဒီယိုလေး အခိုးခံရပြီးပြီ။

မောင်ဝင်းစိန်က ထမင်းစားသံချောင်းမခေါက်ခင်လေးတင် ဦးကျော်တင့်ခုတင်သို့သွား၍ "ဟောဒီမှာ ရေဒီယိုထားခဲ့မယ်နော် ဆရာကျော်" ဟု ပြောပြီး ရေဒီယိုလေးကို အိပ်ရာပေါ်တင်ထားခဲ့သည်ဟု ဆို၏။ အမှန်က ထိုအချိန်မှာ ဦးကျော်တင့်က သူ့ခုတင်မှာ ရှိမနေ။ စောစောပိုင်းက ကြားခဲ့သည့်ချောင်းဆိုးသံကို အမှတ်ထား၍ ရှိနေသည်အထင်နှင့် မောင်ဝင်းစိန် ထားခဲ့မိခြင်းပင်။

နေ့ခင်းဆယ့်နှစ်နာရီခွဲလောက်မှာ ဦးကျော်တင့်က ရေဒီယို ဘယ်သူ့ဆီမှာလဲဟု မေးတော့မှ ရေဒီယိုလေးပျောက်ဆုံးနေတာ သိရတော့သည်။ တစ်ဆောင်လုံးအနှံ့ ရှာဖွေသည့်တိုင် မတွေ့ရတော့။

ကျောင်းသားတို့၏သေတ္တာများကိုလည်း ရှာဖွေခဲ့ပြီးပြီ။ အားလုံးပိုင်ရေဒီယိုလေးကို အချင်းချင်း ဘယ်ခိုးပါ့မလဲ။ အပြင်လူတစ်ယောက်ယောက် ခိုးယူသွားတာပဲဖြစ်လိမ့်မည်ဟု ထင်ကြေးပေးကြသည်။ ဘယ်သူခိုးတာပဲဖြစ်ဖြစ် ပစ္စည်းကတော့ ပျောက်ဆုံးခဲ့ပြီ။

အားလုံးက မကျေမချမ်း ဒေါသဖြစ်နေကြသည်။

"ငါတို့ဘဝမှာ ဖျော်ဖြေစရာဆိုလို့ ဒီရေဒီယိုလေးပဲ ရှိတာ၊ ဒါလေးကိုတောင် လှူမယ့်သူရှိလို့ တလောကမှ ပိုင်ဆိုင်ခဲ့ရတာ၊ ကံဆိုးသူတွေကိုမှ မညှာမတာလုပ်ရက်ကြတယ်"

"မျက်မမြင်ဒုက္ခိတတွေဆီကတောင် ခိုးရက်တဲ့လူယုတ်မာကောင်၊ သိများသိရရင် အမှုန့်ကြိတ်ပစ်ချင်တယ်ကွာ"

"နွားရာဝဲစွဲ၊ လဲရာ သူခိုးထောင်းဆိုတာ ဒါမျိုးပဲ၊ ဆင်းရဲမွဲတေ လူအနိုင်ကျင့်ခံရတဲ့ဘဝက သေမှပဲ လွတ်မြောက်တော့မယ်ထင်ပါရဲ့"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသံများကို နားထောင်ရင်း ကိုပြေညီမ်းရင်ထဲတွင် ဒေါသလှိုင်းများ ဘောင်ဘင်ခတ်နေသည်။

အားနည်းသူတွေကို အားကြီးသူက အနိုင်ကျင့်တာ သည်အတိုင်းပဲ ခေါင်းငုံ့ခံနေရတော့မှာလား။

"အင်း လောဘ၊ ဒေါသ မောဟမီးတွေ၊ လူတွကို ဒုက္ခငရဲတွင်း တွန်းပို့ တဟုန်းဟုန်းတောက်လောင်နေလိုက်ကြတာ"

လေးလေးပင်ပင် ညည်းတွားရေရွတ်လိုက်သော ဆရာကြည့်အသံ ကြားရတော့ ကိုပြေညီမ်း ဆတ်ခနဲအသံလာရာဆီဘက် လှည့်ကြည့်ဖြစ် သည်။

ဘာကိုပဲ ကြည့်ကြည့် မမြင်ရမှန်းသိလျက်နှင့် စိတ်နောက်ကိုယ်ပါ ကြည့်နေကျ မျက်လုံးများ။ သည်မျက်လုံးများသာ မြင်နိုင်စွမ်းရှိလျှင် မတရားမှုတွေကို စိတ်ရှိတိုင်း ရင်ဆိုင်ပစ်လိုက်ချင်စမ်းလှသည်။

အဆောင်ခန်းထဲမှာ ထင်ရာမြင်ရာပြောဆိုနေကြဆဲ ဂီတခန်းဘက်မှ ဆရာကြည်၏ ပတ္တလားလက်သံနှင့် အသံဝါကြီးနှင့် တေးဆိုသံ ထွက်ပေါ် လာသည်။

"တေးဘုမ္မာ x x x အနိစ္စ ဒုက္ခာအနတ္တာ x x x တရားမရလို့များ လှသံသရာ x x x ကာမောဃာ x x x ဘဝေါဃာ x x x ဒိဋ္ဌောဃာ x အဝိဇ္ဇောဃာ x x ဇိတ်မောဟာ မကင်းတာ x x အရင်းခံသူ တဏှာ x x"

စိတ်မကျေချမ်းစရာ ကြေကွဲခံစားစရာတစ်ခုခုကြုံလျှင် ပတ္တလား တီး သီချင်းဆိုလျှင် ဆို၊ ဒါမှမဟုတ် ပရိတ်တရားတော်များ ရွတ်ဖတ်၍ စိတ်ထွက်ပေါက်ပေးလေ့ရှိသည်က ဆရာကြည့်အကျင့်။

ကိုပြေညီမ်းရင်တွင်းမှာတော့ ထွက်ပေါက်မဲ့စိတ်ခံစားမှုများ အလုံး အရင်းနှင့် တိုးဝှေ့ဖိစီးနေသည်။

သီရိဆွေစာအုပ်တိုက်

ချစ်မေတ္တာ၏အရိပ်အငွေ့တို့ဖြင့် စောစောက တက်ကြွလန်းဆန်းနေခဲ့သော ကိုပြေညီမ်း၏စိတ်အစဉ်သည် ဒေါသအငွေ့အသက်ရိုက်ခတ်မှုအောက်မှာ ရုတ်ချည်းပင် ညှိုးချုံးနွမ်းလျသွားသယောင်ရှိသည်။

"ရုပ်တရား နာမ်တရား နှစ်ဖြာ x x အိုနာသေမည် အတည်မကျပါ x x သခ်ါရဟာ x x ဘင်ကာလမကြာ x x ငါးဖြာဂတိမှာ လေးဘုံအပါယ် ငရဲစာ x x"

ကိုပြေညီမ်း ထိုင်ရာမှ ထ၍ ဂီတခန်းဘက်လျှောက်လာဆဲ–

"ကိုပြေညီမ်း"

မသန်းဝင်း၏အသံ ကြားလိုက်ရသဖြင့် ဖျတ်ခနဲ နောက်လှည့်ကြည့်မိသည်။

မသန်းဝင်းနှင့်အတူ ထွေးငယ်ပါလာတယ်ထင်ပါရဲ့ဟူသော အတွေးတစ်ချက်နှင့် ကိုပြေညီမ်းစိတ်လှုပ်ရှားသွားလျက် မသန်းဝင်းအသံလာရာဘက် လျှောက်လာခဲ့သည်။

"မသန်းဝင်း တစ်ယောက်တည်းလား"

"တစ်ယောက်တည်းပေါ့တော် ဘယ်နှစ်ယောက် လာရဦးမှာလဲ"

မသန်းဝင်းအနားအရောက်မှာ ထွေးငယ်ထံမှ ရနေကျ သနပ်ခါးနံ့ရော ကိုယ်သင်းနံ့ကလေးပါ ရမလားဟု ကိုပြေညီမ်း အသက်ပြင်းပြင်းရှူကြည့်မိသည်။ မျှော်လင့်သောအနံ့ကို မရ။

"ထွေးငယ် ပါမလာဘူးလားဟင်"

"မပါလာဘူး သူ မအားလို့တဲ့"

ကိုပြေညီမ်း ရုတ်တရက် မျက်နှာပျက် ခြေလှမ်းတုံ့ရပ်သွားမိသည်။ မနေ့က လာမည်ဟု အသေအချာပြောလိုက်ပါလျက်နှင့် အခု ဘာကြောင့်

မလာရတာလဲ။ ထွေးငယ်သည် ကတိမတည်သော မိန်းမစားမျိုးလား။ ကိုပြေညိမ်း စိတ်ပျက်စွာတွေးမိဆဲ-

"အပြင်ဘက်သွားထိုင်ရအောင် ကိုပြေညိမ်း"

ကိုပြေညိမ်း မသန်းဝင်းနောက်မှ ခပ်ဖြည်းဖြည်းလျှောက်လိုက်လာခဲ့သည်။

အဆောင်ရှေ့ဆင်ဝင်အောက်မှ ခုံတန်းရှည်လေးပေါ်မှာ ဝင်ထိုင်ပြီးသည်နှင့် ကိုပြေညိမ်း အသံခပ်တိုးတိုးနှင့် မေးမိသည်။

"ထွေးငယ် ဘာမှာလိုက်သေးလဲဟင်"

"ဘာမှ မမှာလိုက်ဘူး၊ ဟောဒီမှာ ကိုပြေညိမ်းကို ပေးလိုက်ပါဆိုပြီး ဒါလေးပေးလိုက်တယ်"

မသန်းဝင်းစကားသံအဆုံးမှာ ကိုပြေညိမ်းလက်သို့ အရာဝတ္ထုကလေးတစ်ခု လာရောက်ထိတွေ့သည်။

စက္ကူနှင့်ထုပ်ထားသော ရှည်မျောမျောအထုပ်ကလေးကို ဆုပ်ကိုင်စမ်းသပ်ကြည့်ရင်း ကိုပြေညိမ်း မေးမိပြန်သည်။

"ဒါ ဘာလေးလဲဟင်"

"စက္ကူပတ်ကို ခွာကြည့်လေ ကိုပြေညိမ်းရဲ့၊ ကျွန်မလဲ မသိဘူး"

စက္ကူထူထူနှင့် ပတ်ရစ်ထားသောအထုပ်ကလေးကို ကိုပြေညိမ်း တစ်ချက်စမ်းကြည့်လိုက်ပြီးမှ စက္ကူရွက်များကို တစ်လွှာချင်း ဆုတ်ခွာလိုက်သည်။

စက္ကူပတ်များအားလုံး ခွာချအပြီး နောက်ဆုံးထွက်လာသည်က ချောမွတ်သော အချောင်းကလေးငါးချောင်း။ ကိုပြေညိမ်း အချောင်းလေး

တစ်ချောင်းကို အသေအချာ အစအဆုံးပွတ်သပ်ကြည့်ဆဲ–

"ဟယ် ဖယောင်းတိုင်လေးတွေတော့"

မသန်းဝင်း၏ တအံ့တဩရေရွတ်သံ ထွက်လာသည်။

ကိုပြေညိမ်း မျက်မှောင်တစ်ချက်တွန့်လိုက်မိပြီးမှ အနက်အဓိပ္ပာယ်ကို ဖျတ်ခနဲ ဖော်ထုတ်နိုင်သည်။ ဖယောင်းတိုင်လေးတွေကို လက်နှစ်ဖက်နှင့် တယုတယဆုပ်ကိုင်ထားရင်း ကိုပြေညိမ်း ကျေနပ်စွာပြုံးနေမိသည်။

"ကြံကြံဖန်ဖန်တော် မျက်စိမမြင်တဲ့လူကို ဖယောင်းတိုင်လက်ဆောင်ပေးရသတဲ့၊ ဖယောင်းတိုင်မီးထွန်းတော့ကော ဘာမြင်ရမှာမှတ်လို့"

ကိုပြေညိမ်း မသန်းဝင်းနားလည်အောင် ရှင်းပြမနေတော့။ ကြည်နူးခြင်းပီတိအဟုန်နှင့် ရွှင်လန်းဖျတ်လတ်စွာ ထိုင်ရာမှ ထ၍–

"ကျွန်တော်လဲ ထွေးငယ်ကိုပေးမလို့ လက်ဆောင်ပစ္စည်းလေး ဝယ်ထားတယ်၊ မသန်းဝင်းနဲ့ ထည့်ပေးလိုက်မယ်နော်"

ကိုပြေညိမ်း အဆောင်ထဲပြန်ဝင်လာခဲ့သည်။ ခုတင်ခေါင်းရင်းမှ ထင်းရှူးသေတ္တာလေးကို သော့ဖွင့်၍ ထောင့်စွန်းနေရာလွတ်ထဲသို့ ဖယောင်းတိုင်လေးတွေကို ညင်သာစွာထည့်လိုက်သည်။ စောစောကမှ ထည့်သိမ်းထားခဲ့သော စက္ကူအိတ်ကလေးကို အသာစမ်း၍ ထုတ်ယူလိုက်သည်။

ဒေါမာန်များလွင့်ပျောက်ကင်းစင်လျက် ရွှင်လန်းတက်ကြွနေသော ကိုပြေညိမ်း၏ခြေလှမ်းများမှာ ပေါ့ပါးသွက်လက်နေသည်။

မသန်းဝင်းအပြန်မှာ ကျောင်းဝင်းတံခါးဝအထိ လိုက်ပို့ရန် ကိုပြေညိမ်းလျှောက်လာနေစဉ် ဆရာကြည်၏တေးသီချင်းသံက နောက်ပါးမှ လွင့်ပျံ့လိုက်ပါလာသည်။

"လောဘ x x ဒေါသ x x မောဟာလောင်မီးကိုလေသာ x x တဟုန်းဟုန်းတောက်လို့သာ x x တဖြုန်းဖြုန်း မောက်မိုစွာ x x အကု

သိုလ် စရိုက်ဆိုးတွေဟာ x x ပြုလွယ်ဖြစ်လွယ် x x စိတ်အားထက်သန်စွာ x x နတ်ရွာ နိဗ္ဗာန်လမ်းကို x x လှမ်းဖို့အမှုဟာ x x ထဲ စိတ်မပါ x x နေရာဟောင်းကို လွန်အောက်မေ့တာ x x လေးဘုံအပါယ်ရွာ x x လေးဘုံအပါယ်ရွာ x x"

တရားသံဝေဂရဖွယ် တေးသီချင်းသံသည် ကိုပြေညီမ်း၏ လန်းရွှင်မြူးကြွနေသော စိတ်အစဉ်ကို ဩဇာသက်ရောက်နိုင်းစွမ်း မရှိ။

အခုအချိန်မှာတော့ ကိုပြေညီမ်းသည် နိဗ္ဗာန်လမ်းဆီသို့လည်း မရည်မှန်းလိုသေးပြီ။ ချစ်သူ့လက်ကို မြဲမြဲစွာဆုပ်ကိုင်လျက် သံသရာခရီးကို ဆက်၍လျှောက်စမ်းချင်ပါသေးသည်။

မမြင့်မွန်
၂၉. ၆. ၂၀၀၄

## သီရိဆွေစာအုပ်တိုက်မှ
## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

### ချစ်ဦးညို
သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေတဲ့စကားများ

စာမူ-၃၁၀၀၃၁ ၀၅၀၄

### အောင်ထိုဘာအောင်ကြီး
မောင်ပြား မလုံး လင်မယားဟာသများ

စာမူ-၄၀၀၈၄၀ ၀၅၀၈